
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

သကြ်န်ဂိမ်း

စာမူခွင့်ပြုချက်အမှတ်

၅၀၀၂၁၃၀၃၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၂၃၆၀၃၁၂

၂၀၁၂ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

ဂ၉၅. ၈၃

ဆုမြတ်မွန်မွန်

သကြ်န်ဂိမ်း၊ ဆုမြတ်မွန်မွန် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၂


၂၂၄-စာ၊ ၁၂×၁၈ စင်တီ

(၁) သကြ်န်ဂိမ်း

www.burmeseclassic.com

www.burmeseclassic.com







# ဆူပြတ်မွှန်မွှန်

## သင်္ကြန်ဂိမ်း



စီစဉ်သူ
မောင်ကျော်လှိုင်

မေတ္တာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ၁

"အား ... နေ့ ရောက်ပြီလေ ××× ရိုးတံကျဲကျဲ ... ပင်အို တို့ အလှချင်းလည်းပြိုင် ... ဟိုင် ... ဟိုင် ... ဟိုင်"

လင်းထွန့်က စာလုပ်နေရာမှ အထက်ပါသီချင်းကို အသံဝါဝါကြီးနှင့် အော်ဟစ်ဆိုလိုက်လျှင် ဘေးက သူငယ်ချင်းတွေက စိတ်ပျက်လက်ပျက်ဖြင့် ထရယ်ကြသည်။ လင်းထွန့်ကတော့ သူ့စတိုင်လ်အတိုင်း အောက်နှုတ်ခမ်းကို ရှေ့သို့တွန်းထုတ်ကာ ခိုးနှစ်ဖက်တွန့်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ။ ဖေဖော်ဝါရီလ ကုန်ခါနီးမှာကိုပဲ နွေရာသီရဲ့သရုပ်ကို စတင်မြင်တွေ့နေရပြီပဲ မဟုတ်လား။ သစ်ပင်ကြီးတွေဆီက ရွက်ခြောက်တွေကို လေပူလေပူတွေက သယ်ဆောင်သွားပုံဟာ ပျင်းရိခြောက်ကပ်စရာ ကောင်းနေသည်။ စိမ်းစိုလန်းဆန်းနေတဲ့ မြင်ကွင်းမျိုး မဟုတ်တော့ဘဲ လေပူတွေက ဝဲနေ၊ ရွက်ခြောက်တွေက တရှဲရှဲ၊ နီးတဲဖြိုင်းဖြိုင်းနဲ့ ပင်စည်တွေ စသဖြင့် နွေရာသီရဲ့စတိုင်လ်ဟုပဲ ပြောရလေမလား။

ဒါပေမဲ့ ရာသီတိုင်းမှာတော့ သူ့အလှနဲ့သူ ရှိကြသည်။ နွေရာသီဟာလည်း တစ်မျိုးလှမ်းမောစရာ ကောင်းတာပဲဟု ထင်သည်။

သူကတော့ သွားရ လာရခက်သော မိုးရာသီထက် နွေရာသီကို ပိုကြိုက်သေးသည်။ ပြီးတော့ နွေရာသီမှာ သူတို့တွေရဲ့ ချစ်စရာအကောင်းဆုံး ပွဲတော်ကြီးလည်း ရှိတယ် မဟုတ်လား။





"မဟုတ်ကောင် ... နွေရာသီကို ခံစားပြီးဆိုတဲ့ သီချင်းက လည်း၊ မင်းအတိုးဆော်ကသီချင်းကို ဆိုရလား ...

ဒီမှာကြည့် ငါဆိုပြမယ် ...

အဟမ်း ...

ငါ့ဦးခေါင်းထက် သစ်ရွက်တွေ ကြွေကျလာမှ ငါ သိလိုက်ပြီ xxx တမ်းတလိုက်မိ အတိတ်ရဲ့နွေဆီ ! လာကြ လှမ်းတစ် xxx ငါခြေထောက်တွေ xxx ယိုင်လဲကာရှေ့ ငါ တိုးမရပါ"

"တော်ပါကွာ၊ မိုးကြီး ကြားရင် ထိုင်ငိုနေဦးမယ်၊ ကဲ ... ဘာလုပ်မှာလဲပြော"

"လာမရှုပ်ပါနဲ့တော့"

"မဟုတ်ကောင်တွေ လာနောက်မနေနဲ့။ စကားအကောင်း ပြောမလို့၊ သင်္ကြန်ကျချိန်က တစ်လလောက်ပဲ လိုတော့ တာ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ် ဘာလုပ်မှာလဲ၊ နှစ်ရှိန်တည်းက ချေးစီစဉ်ရ တော့မှာ၊ မတ္တပ်ပဲ ဆောက်မှာလား၊ လည်ပဲ လည်မှာလား၊ ဒါကို ဆုံးဖြတ်ဖို့ မေးနေတာ"

မိုးမြင့်က ဆရာကြီးစတိုင်လ်ဖြင့် မေးသည်။ သူတို့ အုပ်စုမှာ နေစ်တုန်းက မတ္တပ်ဆောက်ခဲ့ကြသူများဖြစ်သည်၊ တခြားသူတွေ ဘယ်လိုဒီလင်ရှိလဲ၊ သူကတော့ မသိပေမယ့် ဒီနှစ်မှာတော့ သူ မတ္တပ်ဆောက်ဖို့ စိတ်မပါ့ပါ။ ပျော်ရွှင်မှု က မလွတ်လပ်ဘူးဟု ထင်သည်။ မတ္တပ်မှာမည်ကောင်း၊ မရှမှာ နိုးရိမ်ရတာနှင့် စည်းသည်တွေကို လိုက်ရနိုက်ရတာကြောင့် ကိုယ်ဟာကိုယ်တောင် လွတ်လွတ်လပ်လပ် မပျော်ရချေ။

ယောက်ျားလေးတွေကို ထိန်းရတာတစ်မျိုး၊ မိန်းက လေးတွေကို စောင့်ရှောက်ရတာတစ်သွယ်နှင့် သူကတော့ အတော် အာရုံနောက်လေသည်။





"မနှစ်က ပိုက်ဆံတော့ မြတ်ပါတယ်၊ ဒါပေမဲ့ သင်္ကြန်ရဲ့ အရသာကို အပြည့်အဝ မခံစားရဘူးလားလို့ကွာ"

သူတို့အုပ်စုထဲတွင် ငွေရှာဖို့အရေးသာ အာရုံထဲ အပြည့်နှစ်ထားသော ရှောက်လန်းကတောင် ဤသို့ ဤနယ် ခပ် ပျော့ပျော့ဆိုသည်။ ရှောက်လန်းလို မျိုးနဲ့ ဒိုးနဲ့ ငွေရှာဖို့ တစ်ခု တည်းသာသိသော သူကတောင် ဤသို့ဆိုလာပြီဆိုတော့ သူတို့ ထဲမှာ အမျှင်းတတ်ဆုံး သက်ထူးကတော့ မေးမနေနဲ့ဆိုတာမျိုး ဖြစ်နေသည်။

"အဲဒီလို လက်စံထားရင်လည်း မတ္တပ်ဆောက်ဖို့ စိတ်ကူး မနေနဲ့တော့။ ပါပုတို့က သူတို့အိမ်ရှေ့မှာ မတ္တပ်ဆောက် မယ် ပြောတယ် ...

သူတို့ဆီပဲ သွားကဲမယ်၊ ပြီးရင် ငါ့ဂျစ်ကားနဲ့လည် မယ်။ ဒီထက်ကောင်းတာ ဘာအစီအစဉ် ရှိသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိသေးတယ်ကွ"

သူ့စကားကြောင့် ကျွန်တဲ့သုံးယောက်က အောင့် နိုက်ကြည့်ကြသည်။

"ငါတို့အိမ်ကလူတွေ ဒီနှစ် မှ လေးသွားကြမယ် ပြောတယ်။ တစ်အိမ်လုံး အိမ်က ကလေးမတွေလည်း သူတို့စာတိရဲ့ ရွာကို ပြန်ကြမယ် ..."

ဒီတော့ တစ်အိမ်လုံးမှာ ယောဒီ ဖုန်းမောင် တစ် ယောက်တည်း"

"ဟုတ်လား ... ဟာ ... ဒါဆို မင်းအိမ်ကို ဘိတည်လို့ ရပြီပေါ့"

သူက ဘာမှပြန်မပြောဘဲ ဒါပေါ့ ဟူသော အထော နှင့်သာ မေးစေ့ကို ပွတ်သပ်နေမိသည်။

"ဟော့ကောင် ... သေချာလို့လား"





သကြန်နှံတွင်းဆို ထွက်လိုက်ကြ ဝင်လိုက်ကြဖြင့် အလုပ်ရှုပ်တတ်သော သူ့ကို ကြည့်မရတတ်သော အိမ်သားတွေ အကြောင်း တွေးမိကာ မိုးမြင့်က မေးခြင်းဖြစ်သည်။

"သေချာတာပေါ့၊ သကြန်မတိုင်ခင် နှစ်ရက်လောက်အလို တည်းက သွားမှာ"

"ဟာ ... ဒါဆို မင်းအိမ်မှာ စုကဲလို့ ရပြီပေါ့"

"သေချာတာပေါ့"

"ဟား ... မိုက်တယ်ကွာ။ အိုခေ ... ဒါဆိုရင် မကျွပ် ထောက်မယ် အစီအစဉ်ကို နားလိုက်တော့မယ်၊ ဒီကောင့် အိမ်မှာ အေးအေးနေပြီး ကောင်မလေးတွေရဲ့ မကျွပ်ကိုပဲ လိုက်ရှိုးကြတာပေါ့။ မကောင်းဘူးလား"

"အဲဒီထက် ကောင်းတာတောင် အုံလောက် မကောင်းဘူး"

"ပွတ်ထ ... ပွတ်ထ"



www.burmeseclassic.com

www.burmeseclassic.com



"မိုက်တယ်ကွာ၊ ဒါဆို သကြံန်တွင်းတစ်ခုလုံး မင်းအိမ်မှာပဲ နပ်ရတော့မှာပေါ့၊ ဟာ ဟ _ အမိုက်စားပဲ။ ဓော်တယ်ဟေ့"

"ဓော်တာက ဟုတ်ပါပြီ။ စားရေးသောက်ရေးက ဘယ်လို လုပ်မှာလဲ"

လှမျှင်းသရေလာက် အစားကပုပ်သေးသော သက်ထူးက ရှင်းတိရှင်းရွှံပုံစံနှင့်ပင် လှမ်းမေးသည်။

"ကိုယ့်အသားကိုယ် လှီးစားကြပေါ့ကွာ"

"ဟင်း"

အိမ်ရှင်ဖြစ်သော သူကပင် မနေနိုင်ဘဲ ဝင်ပြောရပြန်သည်။

"ဟော့ကောင်တွေ _ အပြင်မှာ ဝယ်စားလို့လည်းရတယ်၊ အေး _ အိမ်မှာလည်း ဘာခက်လဲကွာ။ ရိက္ခာတွေလည်း ဝယ်ထားမှာပေါ့ _



BURMESE CLASSIC .com



ငါ့အမေကလည်း ငါးပိကြော်တို့ အမဲကြော်တို့ လုပ်ပေးခဲ့မှာပါပဲ _

ထမင်းကို Rice Cooker နဲ့တော့ ငါလည်း ချက်တတ်ပါတယ်။ ကြက်ကြော်ဆိုလည်း ဆီပူလာရင် ဆီအိုးထဲ ကြက်သားပစ်ထည့်ပေါ့ကွာ။ ဖြစ်နေတာပဲ"

"အေးလေ _ အရေးထဲ မစားရ မသောက်ရမှာပဲ တွေးပူနေတယ်"

"ဒါဆိုရင် ငါတို့အိမ်တွေကို ပြောရမှာပေါ့။ အိုခေ ... ပြီးတာပေါ့၊ ဒီနှစ်ကတော့ အလန်းဆုံးဖြစ်ပြီပဲ"

ဘာရယ်တော့ မဟုတ်ပေ။ လွတ်လပ်ခြင်းကို တရားလွန်သုံးစွဲနေကြသော လူငယ်တွေ မဟုတ်ပေမယ့် လူကြီးမိဘတွေ ခရီးသွားနိုက်မှာ ကိုယ့်သူငယ်ချင်း အချင်းချင်း လွတ်လွတ်လပ်လပ် စုဝေးနေကြရမှာကို သူတို့ပျော်သည်။ ဒီလို တစ်အိမ်တည်း



www.burmeseclassic.com

www.burmeseclassic.com



မှာ စုဆေးသောင်းကျွန်းခွင့်ကို သူတို့ ဘယ်တုန်းကမှ ရခဲ့ဖူးတာ မဟုတ်ချေ။ ဒါကြောင့် သကြိန်မှာ စုဆေးခွင့်ရခြင်းသည် အတွေ့ အကြုံသစ်တစ်ခုလို ပူစွေးရင်ခုန်စေပါသည်။

"ကဲ ... ခုချိန်ကစပြီး ရေမျှားမျှား စုထားရမယ်ဟေ့"

"ဘီယာလေးလည်း ရှိုးမှ၊ သကြိန်တွင်းဆို ဈေးတက် မှာ"

"ဓာတ်ဆီလည်း စုရမယ်လေ"

"စိုက္ကာတွေရော ... ဆန် ဆီ ဆား ငရုတ် ကြက်သွန်"

"ဟော့ကောင်တွေ မငိုနဲ့"

"ကဲပါ ... ဒီသတင်းထူးအတွက် အားလုံးပဲ လက်ဝါးလေး တွေ ရိုက်လိုက်ကြစို့"

ရှောက်လန်းက လက်ဝါးထောင်ပေးလျှင် သူတို့ အားလုံးက တညီတညွတ်တည်း လက်ဝါးရိုက်လိုက်ကြသည်။





နားထဲမှာ ဥသြတွန်သံတစ်ချက် ကြားလိုက်ရသည်ဟုထင်သည်။ ဪော် ... နွေ ရောက်ခဲ့ပြီ။ သိပ်မကြာမီ သကြိန်လည်းရောက်ဦး တော့မည်။





www.burmeseclassic.com

www.burmeseclassic.com







# ၂

"သားငယ် ... မေမေတို့ စိတ်ချမယ်နော်။ အိမ်ကိုပြောင်းဆန်အောင်လည်း လုပ်မထားနဲ့ဦး ... ကြားလား ...

မီးတွေ ဘာတွေ သေချာဂရုစိုက်၊ ညရေးညတာဆိုလည်း နီးနီးကြားကြားနေ ... ဟုတ်ပြီလား။ ဖုန်းကိုလည်း အမြဲတမ်းဖွင့်ထား"

"အိမ်ကိုပစ်ပြီး အပြင်မှာချည်းပဲ နေ့မနေနဲ့ဦးနော်၊ အပြင်မှာလည်း ညအိပ် ညနေ မနေနဲ့။ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"အခန်းထဲကို သန့်ရှင်းရေး မလုပ်ချင်ရင်တောင် အပြင်ဘက်တွေတော့ လှမြင်ကောင်းအောင် သန့်ရှင်းရေးလုပ်ဦး။ အိမ်ထဲမှာ ဖုန်အလိမ်းလိုက် ဖြစ်နေဦးမယ်"

သူ့အမေကတစ်မျိုး၊ သူ့အစ်မနှစ်ယောက်ကတစ်မျိုး၊ တစ်ယောက်တစ်မျိုး မှာနေကြတာကို သူ့အမေကတောင် ကြားထဲက ကြည့်မရတော့ဘူး ထင်သည်။

သူတောင် ဘာမှမပြောရဘဲ သူ့အမေက ဝင်ပြောသည်။

"ကဲ … မှာတာတွေက မပြီးကြသေးဘူးလား။ အဲဒီလောက်တောင် စိတ်မချရင်လည်း သွားမနေနဲ့ကြတော့"

"အေးလေ … ပြောလိုက်စမ်းပါ မေမေရာ … ဟဲ ဟဲ"

"ဟင်း … သားအဖနှစ်ယောက် အရမ်း အတိုင်ပေါက်တော်ညီနေကြတယ်။ ကဲ … ကဲ … ဒါပြင်ရင် မေမေတို့





သွားမယ်။ အစစအရာရာ အားလုံးဂရုစိုက်နော် … ဟုတ်ပြီလား"

"စိတ်ချပါ မေမေရာ။ သေရင်တောင် အားလုံးထားခဲ့ရဦးမယ်ဟာ၊ အဲဒီလောက်လည်း စိတ်မပူပါနဲ့"

"ဟဲ့ … နင် ဘာပြောလိုက်တာလဲ"

"အော် … မဟုတ်ဘူးလေ။ ကျွန်တော်က တရားသဘောကို ပြောတာပါ၊ ဟဲ … ဟဲ … ဆောရီး"

"နင်တော့နော်။ စကားပြောလိုက်ရင် အမြဲတမ်းပေါက်ကရနဲ့ …

ကဲ … ကဲ … သွားမယ် မေမေရေ"

"တက်တော့ … တက်တော့"

"ကဲ … အားလုံးပဲ ဂရုစိုက်သွားကြမယ်နော်။ ဖြည်းဖြည်းနဲ့ မှန်မှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မိသားစုကို တင်ဆောင်သွားသော နုပါကာစတော် ကားကြီး မျက်လုံးထဲမှ ပျောက်ကွယ်သွားလျှင် သူက ဟေးခနဲ အိမ်ထဲသို့ ပြေးဝင်လာခဲ့သည်။ ပြီးတော့ ချက်ချင်းပဲ အဝတ်အစား လဲကာ အပြင်ထွက်ရန် ပြင်ဆင်သည်။ သင်္ကြန်ကျဖို့က သုံးရက်ပဲ လိုတော့သည် မဟုတ်ပါလား။ ရိက္ခာတွေ ဝယ်ရဦးမည်။ အားလုံး နှင့် ဆုံရပ်ဖြစ်သော City Mart Market Place မှာ သူငယ်ချင်းတွေ အားလုံးနှင့် ချိန်းထားသည်။

သူ့ခြံထဲကနေ၍ ကားကို မောင်းထွက်လိုက်လို့ အပြင်ရောက်ရင်ပဲ ပိတောက်တွေကို လှမ်းမြင်လိုက်ရလျှင် ရင်က တစ်ချက်ဆောင့်ခုန်သွားသည်။ နှာခေါင်းဝမှာ သင်္ကြန်ရနံ့တွေကိုပဲ ရှူရှိုက်လိုက်ရသလိုလိုရှိ၏။ သင်္ကြန်မရောက်သေးပေမယ့် သင်္ကြန် ရနံ့လေးတွေ၊ သင်းပျံ့နေပုံကို ကြုံဖူးသူတွေကတော့ သိနိုင်ပါလိမ့် မည်။





သင်္ကြန်ဆိုလျှင် သူများတွေကတော့ ဘယ်ကိုပဲခရီး ထွက်ထွက် သူတို့အုပ်စုကတော့ ဘယ်ကိုမှ ခရီးမထွက်ချင်ပေ။ ရန်ကုန်သင်္ကြန်ကလွဲ၍ ဘယ်သင်္ကြန်ကိုမှ မခံစားတတ်ပေ။ နှစ် တိုင်း ရန်ကုန်သင်္ကြန်ကိုပဲ ခံစားသည်။

မီးပွိုင့်မှာ မီးနီမိနေစဉ်မှာပဲ ဖုန်းဝင်လာသဖြင့် ကြည့် လိုက်လျှင် မိုးမြင့်ထံမှ ဖြစ်နေသည်။

"ပြော … ယောက်ဖ"

"ရောက်လာပြီလား။ ငါတော့ ရောက်နေပြီလို့"

"အေး … On the way ကွ။ ခဏနေ ရောက်တော့မှာပါ"

"ဟုတ်ပြီလေ။ အိုခေ … ဆီးယူ"

"အေး … ပြီးရော"

သူက ဖုန်းပိတ်လိုက်ပြီး မီးစိမ်းတာနှင့် ကားကို မောင်းထွက်လိုက်သည်။ City Mart ထဲမှာ မိုးမြင့်နှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ရှောက်စန်းကို တွေ့ရသည်။ စောကြာတော့ သက်ထူး ရောက်လာသည်။

ပြီးတော့ သူတို့ရဲ့သင်္ကြန်ဒိုက္ခာတွေကို City Mart ထဲမှာ ရောက်တတ်ရာရာ လိုက်ကောက်ကြလေသည်။ သင်္ကြန်တွင်းမှာ ဈေးတွေ၊ ရှော့ပင်းမောလ်တွေ ပိတ်မှာမို့ လူတွေကလည်း City mart ထဲမှာ အလကားပေးနေသည့်အလား ကြိတ်ကြိတ်တိုးဝယ်ယူအားပေးနေကြသည်။

လိုချင်တာတွေ ရသောအခါ ကက်ရှာမှာ တမေ့တမောပဲ တန်းစီကြရလေသည်။ တန်းစီရင်းမှပဲ သူက ပစ္စည်းတစ်ခုကို သတိရသည်။

"ကြည့်စမ်း ... မေ့နေတယ်။ အာလူးကြော်ဘူးတွေ မေ့နေတာပဲ၊ သီဟိုဠ်စေ့ရော၊ ပေါ့ကောင်း ... ဒီမှာတန်းစီထားဦး။ ငါ ဓာတ်ပြေးလိုက်ဦးမယ်"





"အေး ... မြန်မြန်ပြန်လာနော်။ ဆွဲမယ့်ပါဦးကွာ။ တီဗီကြည့်ရင်း ကိုက်ရအောင်လို့"

"အေးပါ"

သူက သက်ထူးလက်ထဲသို့ ခြင်းကိုလွှဲပေးခဲ့ပြီး နောက် စားသောက်တန်းရှိရာသို့ အပြေးအလွှား ပြန်ထွက်လာခဲ့သည်။ လိုအပ်တာတွေယူကာ တန်းစီသောနေရာသို့ ပြန်ရောက်လာလျှင် ခြင်းကိုသာတွေ့ရပြီး သက်ထူးကိုတော့ မတွေ့ရချေ။ နိုင်းလိုက်လျှင် သက်ထူးတို့က အဲလို စိတ်ချရတာဖြစ်သည်။

သူက ခြင်းထဲကို ယူထားတာတွေ ပစ်ထည့်ပြီး ခြင်းကိုမ,ကာ တန်းစီသည့် လူတန်းထဲသို့ ပြန်ဝင်လိုက်သည်။ အဲဒီအချိန်မှာပဲ သူ့ကို မိန်းကလေးတစ်ယောက်က ပြောလိုက်သော စကားသံကို ကြားလိုက်ရတာဖြစ်၏။

"ဟဲ့တ် ... ကြားမဖြတ်ပါနဲ့။ နေ့စဉ်တကျ တန်းစီပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက ငုံကြည့်လိုက်လျှင် သူနှင့် မတိမ်းမယိမ်း လောက်ရှိမည့် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ လှကသာ သူ့ထက်ငယ်ချင်ငယ်မည်။ ပုံစံကတော့ ဆရာကြီး စတိုင်လ်နှင့်ဖြစ်သည်။

"တန်းစီထားတာလဲ။ ဒါ ခုနတည်းက ကျွန်တော်နေရာ"

"ဟက် … ဘယ်တုန်းကလဲ၊ ပြီးခဲ့တဲ့ တစ်စက္ကန့်က လား"

"ဟာ … ဘာတွေလာပြောနေတာလဲ။ ကြားလှပြီ … နော်။ ဒီမှာ လိုတာထပ်သွားယူနေလို့၊ သူငယ်ချင်းတစ်ယောက် နဲ့ ခြင်းကို အပ်ထားခဲ့တာ …

ဒီကောင်ကလည်း အရေးထဲ ဘယ်ရောက်သွားမှန်း မသိဘူး"

"ဘယ်ရောက်သွားရမှာလဲ၊ သူ့အိမ်မှာသူ ရှိမှာပေါ့"





ကျလည်း ကျလောက်သောစကားကို သူက ဟက် ခနဲ ရယ်ပြီးကာ သက်ထူးကိုသာ စိတ်ထဲမှ ကျိန်ဆဲမိသည်။

"ကဲ … ဖယ်၊ ကျွန်မ အရင်ရောက်တာ"

"ပြဿနာပဲ၊ ဒီက အရင်ရောက်တာပါဆိုနေမှ။ ရောက် လို့ပဲ ဒီခြင်းကြီးက အမောက်အလျှံနဲ့ ဒီနားမှာရှိနေတာ ပေါ့ …

နောက်မှရောက်ရင် စကားလေးနဲ့ ဒါတွေ ဘယ်လို လုပ် ရွေးထည့်နိုင်မှာလဲ"

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ကျွန်မ ရောက်တာတော့ အရင်ပဲ"

"ဟား"

သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုမော့ကာ ဆံပင်တွေကို ကုတ်လိုက်မိသည်။ ထိုအချိန်မှာပဲ သက်ထူးက အူယားဖားယားဖြင့် အပြေးရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင် ... မင်းက ဘယ်ရောက်သွားတာလဲ"

"ဟိုဟာ ... ငါကောင်မလေးကို လှမ်းတွေ့လိုက်လို့၊ အဲဒါ ဟီး ဟီး"

"အေး ... မင်းက မှန်ကြောင်နေ။ ဒီမှာ တန်းကမနည်းစီ နေရပါတယ်ဆိုမှ၊ အခု နေရာပျောက်ပြီ"

သူက ပြောလိုက်တော့မှ သက်ထူးက တေးဘီကို ကြည့်ကာ အခြေအနေကို ချက်ချင်းသဘောပေါက်သွားဟန်တူ သည်။

"ဟာ ... ဟုတ်တယ် ... ဟုတ်တယ်၊ ဒါ ကျွန်တော်တို့ နေရာပါ။ ကျွန်တော် ဟိုဘက်ကို စောပြေးသွားလို့ နေရာလွတ်သွားတာ"

"ဟင်း ... ရှင်တို့ပြောတိုင်း ယုံရမှာလား။ မရဘူး။ လူမရှိရင် နေရာကပျောက်မှာပဲ"





သူမက ခပ်တည်တည်ပင် ရှေ့ကလူတစ်ယောက်ရှင်း ပြီးသွားတာနှင့် သူမရဲ့ခြင်းကြီးကို ကောင်တာပေါ်သို့ တင်ပစ်လိုက် လေသည်။ သူက စိတ်ပျက်လက်ပျက်ဖြင့် ကျစ်ခနဲ စုတ်သပ်မိ သည်။ ယောကျ်ားလေးနှင့် မိန်းကလေးမို့ ပြဿနာလည်း မဖြစ် ချင်တော့တာကြောင့် ဘာမှဆပ်မပြောတော့တာဖြစ်၏။ ဖြစ်နိုင် လျှင်တော့ လေက်မလေးကို ကုပ်ကဆွဲကာ မ,ပစ်ချင်လှသည်။ လူလေးက သူ့ရှိုင်းအောက်ပဲရှိကာ တကယ့်ကို သေးသေးကွေး ကွေး ကော်ပတ်ရုပ်လေးလို ဖြစ်သည်။

သူက ငါးပေကိုးလက်မရှိသောအရပ်၊ ကစားထား သော ခန္ဓာကိုယ်ကြောင့် သူနှင့်ယှဉ်လျှင် ကောင်မလေးက ဆင် နှင့်ဆိတ်လို ဖြစ်နေသည်။ ကောင်မလေးရဲ့ ထိပ်မှာ တက်ထုံးထား သော ဆံထုံးဝိစီလေးကို ဆွဲဆောင့်လိုက်ရလျှင်ဖြင့်ဟု သူက အရှုံပေါက်ပေါက် တွေးမိပြီးနောက် တစ်ယောက်တည်း ရယ် ချင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကတော့ အလျှော့ပေးလိုက်တာကို အကောင်းအောက်မေ့ပြီး အောက်နှုတ်ခမ်းကို မဲ့ပြီးနောက် ရှာခနဲ ပြန်လှည့်သွားသည်။ သူက စိတ်ပျက်လက်ပျက်ဖြင့် ပခုံးတွန့်မိလေသည်။





## ၃

"ဟေ့ကောင် ... ထွန်းကြီး။ ဟေ့ကောင်"

"အင် ... ဟင် ... ဟင်"

တင်ပါးကို ထွန်းလှုပ်ပြီး နှိုးတာကြောင့် သူက လန့်ဖျပ်ယောင်ယမ်းပြီး နိုးလာသည်။ မပွင့်ချင်သော မျက်လုံးကို အတင်းဖြဲပြီး ကြည့်လိုက်လျှင် သူ့ကိုလှုပ်နှိုးနေသူမှာ မိုးမြင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မင်း ဘယ်လိုရောက်လာတာလဲ"

"ဟာ ... အိပ်ချင်မူးတူးနဲ့ လျှောက်ပြောနေပြန်ပြီ။ ငါ ညက ဒီမှာအိပ်တာလေ လဒရဲ့"

ဟုတ်သားပဲ။ သူတို့အိမ်ကလူတွေ ခရီးထွက်သွားပြီး နောက်တစ်နေ့ညက စတင်ကာ သူ့သူငယ်ချင်းတွေအားလုံး သူ့အိမ်မှာ အိပ်ခဲ့ကြတာဖြစ်သည်။

မိုးမြင့်က သူ့အခန်းမှာအိပ်ပြီး ရှောက်ဖန်းနှင့် သက်ထူးက တခြားတစ်ခန်းမှာ အိပ်ကြသည်။

"အေး ... ဟုတ်သားပဲ၊ ဘာလဲ ... ပြော"

"ထတော့လေကွာ"

"ဟာ ... ဘယ်နနာရီ ရှိသေးလို့လဲ။ မှန်းစမ်း ... (သူက ခေါင်းရင်းက နံရံမှာချိတ်ထားသော နာရီကို လှမ်းကြည့်ပြီး နောက်)





ဟာ ... ခြောက်နာရီပဲ ရှိသေးတဲ့ဟာ။ မင်းကလည်း ဘာလို့ လာနှိုးနေတာလဲ"

"ပိတောက်ပန်း။ ပိတောက်ပန်းတွေ ပွင့်နေပြီကွ"

"ဟာ ... အဲဒါကြည့်ဖို့ လာနှိုးတာလား။ သေလိုက်ပါ တော့ကွာ။ တော်ပြီ ... မကြည့်သေးဘူး"

"ဟာ ... မဟုတ်ပါဘူးကွ။ အဲဒီလို ပန်းတွေပွင့်အောင် ညတည်းက အဖူးတွေကို ငါ ရေဖျန်းထားတာကွ ... သိလား"

"ဘာလဲ ... အဲဒါကိုသိဖို့ စောစောစီးစီး လာနှိုးပြီးပြောတာ လား"

"ကျွတ် ... မဟုတ်ရပါဘူးကွာ။ မင်းကို ပန်းခူးခိုင်းမလို့ နှိုးတာ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး"

သူ့ရဲ့"ဘာ"အော်သံက အဆမတန် ကျယ်လောင်သွားသည်ထင့်။ မိုးမြင့်က "အမယ်လေး"ဟုတောင် လန့်အော်သည်။

"မင်းကွာ ... မင်းမှာ ခြေထောက်တွေ လက်တွေ မပါဘူးလား"

"ပါတယ်လေ ... ဒီမှာ"

"အေး ... ပါရင် ကိုယ့်ဟာကိုယ် ခူးပေါ့ကွာ။ မင်းကလည်း ...

တောက် ... ဒီမှာ အိပ်နေတဲ့ဟာကို"

သူက စိတ်တိုစွာဖြင့် ပြောပြီးနောက် ဖက်လုံးကို ပြန်ခွကာ တစ်ဖက်ကိုစောင်းပြီး ပြန်အိပ်ဖို့ပြင်သည်။ မိုးမြင့်က သူ့ကို ကမန်းကတန်းဖြင့် ဆွဲထားကာ ...





"ဟောကောင် ... နေပါဦးကွာ။ မအိပ်ပါနဲ့ဦး။ ငါ့အတွက် အရမ်းအရေးကြီးနေလို့ပါ။ ငါ့ကို ကူညီပါ"

"ကျွတ် ... ဘာလဲကွာ။ မင်းက ပိတောက်ပန်း ခူးရောင်းမလို့လား"

"မဟုတ်ပါဘူးကွာ မင်းကလည်း။ ငါ့ကောင်မလေးကို ရန်ကုန်မြို့မှာ အစောဆုံးပွင့်တဲ့ ပိတောက်ပန်းကို လာဆက်သ,မယ်ဆိုပြီး ကတိပေးထားလို့ပါ ...

သူက ငါ့ကို ပိတောက်ပန်းနဲ့အတူ အဖြေပြန်ပေးမှာတဲ့ကွ။ ဒါကြောင့် ပိတောက်ပန်းက ငါ့အတွက် သေရေးရှင်ရေးလောက် အရေးကြီးနေလို့ပါ ...

လုပ်ပါ သူငယ်ချင်းရာ၊ ကယ်ပါကွာ ... နော်"

လက်ဖဝါးနှစ်ဖက်ကို ပွတ်ကာ ပွတ်ကာဖြင့် ကိုရီးယားရှိမိုးဆုတောင်းနည်းအတိုင်း တောင်းပန်နေသော မိုးမြင့်ကို ကြည့်ကာ သူက စိတ်ပျက်လက်ပျက်ဖြင့် ရှုံ့မဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဟော့ကောင်။ မင်း ပီတောက်ပန်းကို ခူးပေးဖို့ရာ ငါတစ်ယောက်တည်းပဲ မြင်လားကွ။ ဟိုမှာ ... ရှောက်လန်းနဲ့ သက်ထူးလည်း ရှိတာပဲ။ သူတို့ကိုလည်း သွားခူးခိုင်းပေါ့"

"ဟာ ... ဒီပိတောက်ပင်က မင်း ငယ်ငယ်လေးတည်းက တက်နေတဲ့အပင်လေကွာ။ မင်းပဲ အထာသိတဲ့ဥစ္စာ။ လုပ်ပါကွာ ... ထပါ။ မင်းကိုလေ ငါ ကျေးဇူးမမေ့ပါဘူး။ အခါခွင့်သင့်တိုင်း မင်းရဲ့ကျေးဇူးတွေကို ငါ ဆပ်ပါ့မယ် ... မင်းခိုင်းတာ လုပ်ပေးပါ့မယ်ကွာ ... နော် ... နော်"

ပိတောက်ပန်းရဖို့အတွက် ကျွန်ခံမတတ် တောင်းပန်နေသော မိုးမြင့်ကိုကြည့်ကာ သူ တော်တော်တရားကျသွားသည်။ ယောက်ျားလေးတွေလည်း မိန်းမတွေက ခိုင်းလိုက်လျှင် တစ်သဝေမတိမ်းပါပဲလား။ သူက ကျွန်မခံချင်ပေနမယ် ကျွန်ဝယ်ရာ အဆစ်ပါတော့မည်။





"ဟင်း ... မင်းနဲ့လည်း ငါ့မှာ အိပ်ကောင်းချင်း မအိပ်ရပါလားကွာ။ ဒုက္ခပဲ"

"နေ့ခင်း ပြန်အိပ်ပါကွာ။ ငါ နေ့ခင်းစာ ဝယ်ကျွေးပါ့မယ်။ ငါ့ကောင်မလေးနဲ့ ငါနဲ့ သင်္ကြန်အမှတ်တရလေး ဖြစ်သွားချင်လို့ပါ"

"အေးပေါ့ကွာ။ ဝဋ်ကြွေးရှိသမျှ ဆပ်ဦးပေါ့ ... ဟူး"

သူက စိတ်ပျက်လက်ပျက်ဖြင့် ဆောင်ကိုကန်ထုတ်ကာ Air Con ကို ရီမုဒ်ဖြင့် လှမ်းပိတ်ပြီးနောက် အပြင်ဘက်သို့ ထွက်လာခဲ့သည်။

မိုးမြင့်က သူ့ရဲ့နောက်မှ ခုန်ဆွခုန်ဆွဖြင့် ပါလာသည်။

ပိတောက်ပင်ကြီးသည် သူတို့အိမ်ရဲ့ခေါင်းရင်းဘက်တွင်တည်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့် ဆိုသောကောင် တကယ်ကို ရေဖျန်းထားသည်ထင့်။

ပိတောက်ပန်းများမှာ များများစားစား ပေါပေါလျှံလျှံ ဖူးပွင့်နေကြသည်။

သူက ပိတောက်ပင်ကြီးကို မော်ကြည့်ကာ သက်ပြင်းတစ်ချက်ရှိုက်မိသည်။

"မိုးမြင့်"

"ဟေ"

"မင်း တော်တော်ခေါင်းပြေးတာပဲ"

"ဟာ ... သူငယ်ချင်း။ ဒါတောင် အကုန်ထုတ်မသုံးရသေးဘူး။ အကင်းပဲ ရှိသေးတယ်။ မင်း သူငယ်ချင်းပဲလေကွာ။ ဒီလောက်တော့ ပြေးတာပေါ့ ... ဟဲ ဟဲ"

"မင်းနဲ့ ငါ သူငယ်ချင်း တော်ရမှာတောင် ရှက်တယ်"





"အေးလေ ... ဟမ် ... ဟုတ်ပါဘူး။ ဘာ ... ဘာဖြစ်လို့လဲကွ၊ ပိတောက်ပန်းတွေ ပွင့်နေသားပဲ။ ငါ့မှာ ပင်ပင်ပန်းပန်းနဲ့ ညတည်းက ရေဖျန်းထားရတာ"

"အေး ... မင်း ရေဖျန်းတာကလည်း ဟိုဘက်ခြံထဲရောက်နေတဲ့ အကိုင်းတွေကို ဖျန်းထားတယ်လေ။ ဟိုဘက်ထဲထိ ငါက တက်ရဦးမယ်"

"အင်း ... ဟုတ်သားပဲ ... ဟဲ ဟဲ"

"ဟင်း ... မပြောချင်ဘူး။ ကဲ ... ကဲ ... လှေကားသွားယူလာခဲ့"

"ဟုတ်ကဲ့ ဆရာ ... ဟုတ်ကဲ့"

မိုးမြင့်က ခြံထောင့်မှာရှိသော လှေကားကို အပြေးအလွှား သွားယူပေးသည်။ သူက လှေကားမှတစ်ဆင့် ပိတောက်ပင်ပေါ်သို့ တက်လာခဲ့သည်။ ပွင့်နေသော ပိတောက်ပန်းတွေက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ခြံရဲ့ဧရိယာထဲမှာ ရောက်နေတာမို့ သူက တစ်ခက် နှစ်ခက် ခုန်ပြီးတုန်းမှာပဲ အောက်ကနေ အသံတစ်သံကို ကြားလိုက်ရသည်။

"ဟိတ် ... ဒီမှာ ... ရှတ် ... ရှတ်။ အဲဒါ ဘာလုပ်နေတာလဲ"

တစ်ခါတလေမှာ လူတွေဟာ အတော်ခက်ပါသည်။ ဘာလုပ်နေတယ်ဆိုတာ မြင်ရဲ့သားနဲ့ ဘာလုပ်နေတာလဲဟူသော မေးခွန်းများကို ဖြေဖို့ဆိုတာတော့ တော်တော်ပဲ ခက်ချသည်ဟု သူကတော့ထင်၏။

သူက ခပ်တည်တည်ပင် ဘာမှမပြောတော့ဘဲ ပိတောက်တစ်ခက်ကို ဆတ်ခနဲချိုးကာ မိုးမြင့်ထံသို့ ပစ်ပေးလိုက်သည်။ သူ့ကိုမေးနေသော အသံလာရာသို့ လှည့်တောင်မကြည့်ချေ။



မိန်းကလေးအသံ ဖြစ်နေတာရယ် သူ့ကို တရှတ်ရှတ်နဲ့ခေါ်နေတာရယ်ကို လုံးဝမကြိုက်သောကြောင့်ဖြစ်သည်။

"ဟိတ် ... ဒီမှာ။ ခေါ်နေတာ မကြားဘူးလား။ နားလေးနေလား"

"ယောကောင် ... မင်းကို ခေါ်နေတယ်လေ။ ပြောလိုက်ဦး"

အရေးထဲမှ ထူနေသော မိုးမြင့်ကို သူက စိတ်ထဲမှ ကျိန်ဆဲမိသည်။ မပြောရင်လည်း မပြီးတော့မှာမို့ သူက အောက်ကနေ၍ အော်နေသော ကောင်မလေးကို ငုံ့ကြည့်လိုက်မိသည်။ ငယ်ထိပ်မှာ ဆံထုံးပိစိလေး တက်ထုံးထားပြီး လူကိုမျက်မှောင်ကြုတ်ဖြင့် မော့ကြည့်နေသော ကောင်မလေးကို မြင်လိုက်ရလျှင် သူလည်း မျက်မှောင်ကြုတ်မိသွားသည်။

ဒီ နှံပြည်စုတ်မလေးကို သူ ဘယ်မှာတွေ့ဖူးပါလိမ့်။ သူ့ဦးနှောက်က လင်းခနဲ ဖြစ်သွားပြီးလျှင် နှံပြည်စုတ်လေးကို

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းမှတ်မိသွားသည်။ ကြည့်စမ်း ... တစ်နေ့တည်းက သူနဲ့ City Mart မှာ ငြိခဲ့တဲ့ ကလေးမ မဟုတ်လား။ တိုက်တိုက်ဆိုင်ဆိုင် သင်းက ဆေးခြံသို့ ဘယ်လိုလုပ် ရောက်နေပါလိမ့်။

"နင် ဘာလုပ်နေတာလဲ"

"မင်း မျက်လုံးကန်းနေလား"

"ဘာ ... နင် မိုက်ရိုင်းလှချည်လား"

"ဟုတ်တယ်လေ။ ငါ ဘာလုပ်နေတယ်ဆိုတာ မင်း မြင်နေတာပဲ မဟုတ်ဘူးလား။ မြင်နေရဲ့သားနဲ့ ဘာလို့အပိုတွေ လာမေးနေတာလဲ"

"ဟဲ့ ... အလကားမေးနေတာ မဟုတ်ဘူး။ အတည်ပြုနေတာဟဲ့။ သိပြီလား"

နံပြည်စုတ်ပါးစပ်က နတ်စကားထွက်တယ်ဆိုတာ ဒါမျိုးကို ပြောတာပင်။ သူက ဘာမှမပြောတော့ဘဲ ကျုန်ရှိနေ





သေးသော ပိတောက်ခက်တွေကို ထပ်ခူးဖို့ပြင်သည်။ အစကတော့ ခူးဖို့စိတ်ကူးမရှိခဲ့ပါ။ တော်သင့်ရုံလောက်ခူးဖို့ စိတ်ကူးပေမယ့် ခုတော့ အမြင်ကတ်တာနှင့် တမင်ကို ခူးနေတာဖြစ်သည်။

တော်တော်လည်းစွာတဲ့ စွာတေးမ၊ ကြည့်လို့ကို မရပါချေ။

"ဟဲ့ ... နင် ပြောနေတာ မရဘူးလား။ ငါတို့အိမ်ဘက်က ဟာတွေ မခူးနဲ့လေ"

"ဟက် ... သေချာလည်း ကြည့်ပြောဦး အမိ။ ဒီအပင်က ဘယ်သူ့အပင်လဲ ဆိုတာကို ... နော်"

"ဘယ်သူ့အပင်ဖြစ်ဖြစ်။ ငါတို့ဘက် ရောက်နေတာ ငါတို့နဲ့လည်း ဆိုင်တယ်။ ရပ်တော့နော် ... ဆက်ခူးမနေနဲ့"

မိန်းမတွေရဲ့အမိန့်ပေးသံလောက် ဒီကမ္ဘာမှာ မုန်းတာမရှိတော့ဘူး ဆိုတာသိလျှင် ဒီကလေးမ သူ့ကို နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးတော့မည် မဟုတ်ပါ။ သူက စိတ်ပျက်လာလျှင် ဘာမှ မပြောတတ်တော့သည့် ထုံးစံအတိုင်း စကားကိုပြန်မပြောတော့ဘဲ ဆက်ခူးဖို့ပြင်သည်။

သူ ဆက်ခူးလျှင် နံ့ပြည်စုတ်ရဲ့အသံစူးစူးက အမြင်ကတ်စရာကောင်းအောင် တိုးဝင်လာသည်။

"ငါ ပြောတယ်နော်။ နင် ရပ်လိုက်တော့"

သူက လှည့်ပင်မကြည့်ချေ။ နောက်တစ်ခက်ကို ဖွတ်ခနဲ ချိုးလိုက်ပြန်သည်။ နံ့ပြည်စုတ်ရဲ့ အသံစူးစူးက ထပ်၍ ထွက်လာသည်။

"နင် မရပ်ဘူးလား။ ပြီးမှ ငါ့အဆိုး မဆိုနဲ့နော်"

"လင်းထွန့် ... ဒီလောက်ဆို ရပါပြီ"

မိုးမြင့်က အော်သော်လည်း သူက လှည့်မကြည့် ဖြစ်ပါ။ အဲဒီအချိန်မှာပဲ သူ့ထံသို့ ရောက်လာတာက ရေပန်းစူးစူး





ကြီးတစ်ခုဖြစ်သည်။ အရှိန်ကောင်းသော ရေပန်းကြီးက သူ့နားထင်သို့ ဖျန်းခနဲ လာမှန်လျှင် နားထင်တစ်ခုလုံး ထုံမွှသွားရ၏။

"ဟာ ... ဘာလုပ်တာလဲကွ ... တောက်"

"ငါပြောနေတာကို ဆက်ခူးလို့။ မှတ်ပြီလား ... မှတ်ပြီလား"

"ဟာ ... ဟော့ ... ဟော့".

"ဦးဦးများများ ရေလောင်းတယ်များတော့ ထင်မနေနဲ့။ အမြင်ကတ်လို့ ... ဟင်း"

"ဟာ ... မလုပ်နဲ့လေ။ မင်းတော့ သေတော့မှာပဲ ... ကျွတ်"

"ဟား ... ဟား ... တွေ့တယ်မှလား။ ကြွက်စုတ်ရေမွှန်းနေပြီ"

"တောက် ... သေတော့မယ် ဒီဟာမလေးတော့၊ ဟာ ... မ ... မလုပ် ..."



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းမှပင် အောက်က ရေပိုက်ပြင်းပြင်းနှင့် တရစပ် ထိုးနေမှုကြောင့် သူက ခြေချော်လက်ချော် ဖြစ်ကာ ပိတောက်ပင်ပေါ်မှ အောက်သို့ ကားယားကြီး ပြုတ်ကျသွားလေသည်။

ဂျွတ်ခနဲ မြည်သံနှင့်အတူ သူ့ရဲ့ဘယ်ဘက်လက် တစ်ခုလုံး ပူခနဲဖြစ်သွားလျှင် သွားပြီဟု သိလိုက်ရသည်။

"ဟယ် ... နင် ... နင်"

ပိတောက်ပင်ပေါ်မှ ခွေးကျ,ကျသလို ပြုတ်ကျလာသော သူ့ကို သူမက မျက်လုံးအဝိုင်းသားနှင့်ကြည့်ကာ အနားသို့ ရောက်လာသည်။

သူ ကျသွားတဲ့နေရာသည် သူမတို့ရဲ့ပိုင်နက်၊ သူမတို့ခြံဘက်ဖြစ်သည်။

"နင် ... နင် ... ဘာဖြစ်သွားသေးလဲဟင်"





သူက မျက်နှာပေါ်မှ စိုရွှဲနေသော ရေများကို တစ်ချက်သပ်ချရင်းမှ နှံပြည်စုတ်မကို အံတင်းတင်းကြိတ်ပြီး ကြည့်လိုက်သည်။ သူ့အကြည့်တွေထဲမှာ အခိုးအငွေ့တွေ လှုံထွက်နေပြီး နဂါးသာဆိုလျှင် နှံပြည်စုတ်မခမျာ ပြာတောင်ရှာလို့ရတော့မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com







## ၄

အဖြစ်အပျက်များ၏ နောက်ဆက်တွဲ ရလဒ်များကတော့ သူ့ရဲ့ဘယ်ဘက်လက် သွင်သွင်ကျိုးသွားခြင်းနှင့် နံပြည်စုတ်မ၏အမေမှာ သူ့ကို အတော်လေး တောင်းပန်လိုက်ရခြင်းပဲ ဖြစ်တော့သည်။

"အန်တီ တောင်းပန်ပါတယ် ကလေးရယ်။ ကလေးမိဘတွေ မရှိတုန်း ဒုက္ခဖြစ်ရတာဆိုတော့ တကယ်ပဲ မျက်နှာပူပြီး အားနာမိပါတယ် ...

ကလေးနှင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကလေးမိဘတွေသာရှိရင် ဘယ်လောက်များ စိတ်ဆိုး ကြမလဲ။ အန်တီ့သမီးကိုက မကောင်းတာပါ"

အဲဒီစကားကြောင့် သူမက နှုတ်ခမ်းကို ဖျတ်ခနဲ မေ့လိုက်တာကိုလည်း သူက မြင်ဖြစ်အောင် မြင်လိုက်သေးသည်။

ရင်ထဲမှာ တကယ်ကို တင်းနေသောကြောင့် နံပြည်စုတ်မိခင် အဲလေ ... နံပြည်စုတ်မရဲ့မိခင်ကိုလည်း ရပါတယ် အန်တီရယ်တွေ ဘာတွေနှင့် ဖောရှောလည်း ပြန်မရိုက်နိုင်ပေ။ ရှုတည်တည် နှင့်သာ ထိုင်နေရသည်။

"ခွင့်လွှတ်ပေးပါ ကလေးရယ်။ နော် ... အန်တီ အနူး အညွတ် တောင်းပန်ပါတယ်"

သူမရဲ့မိခင်ဖြစ်သူမှာတော့ အတော်ကြီး ရည်မွန်ယဉ်ကျေးပါသည်။ သူက အောက်ကျို့တောင်းပန်ခြင်းတွေနှင့် တောင်းပန်နေသော အန်တီ့ကို စိတ်မသက်သာစွာ ကြည့်လိုက်ရင်းမှ သက်ပြင်းတစ်ချက် ရှိုက်လိုက်မိသည်။





"အန်တီတို့ မှားနေပြီ"

"ဟင် ... ဘာဖြစ်လို့လဲ ကလေး"

"တကယ်တမ်း ကျွန်တော့်ကို တောင်းရပန်ရမှာက အန်တီ မဟုတ်ပါဘူး။ သူပါ"

"အမ် ! "

"ဟုတ်တယ်လေ။ သူလည်း အရွယ်ရောက်ပြီးသား အသိဉာဏ်ရှိတဲ့ မိန်းကလေးတစ်ယောက်ပဲ။ သူ့အမှား သူသိပြီး ဝန်ခံရဲ၊ တောင်းပန်ရဲရမှာပေါ့ ...

ခုတော့ အန်တီက ကြားထဲကဝင်ပြီး တောင်းပန်ပေးနေရတယ်ဆိုတာ မဖြစ်သင့်ပါဘူး"

"အင်း ... ဟုတ်သားပဲ၊ အန်တီက စိတ်လောနေလို့ ကြားထဲကနေ တောင်းပန်နေမိတာပါ။ ကဲ ... မိနွေတာ၊ ကြားတဲ့အတိုင်းပဲနော်။ ကိုယ့်အမှားကိုယ်သိရင် အမြန်ဆုံး တောင်းပန်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း။ မေမေကလည်း ... မေမေတောင်းပန်ပြီးပြီပဲ"

"ဟဲ့ ... ဒီကောင်မလေး။ ငါ ခေါက်လိုက်ရ သေတော့မယ်။ ဒီလောက်ပြောနေတာတောင် ဒုံးဝေးနေရလား ...

နင်လုပ်ထားတဲ့အမှားကို နင်ပဲ တောင်းပန်ရမှာပေါ့။ ဟိုမှာ လူတစ်ယောက်လုံး ကျိုးပဲ့ထားတဲ့ဥစ္စာ။ သူ ကျေနပ်အောင် တောင်းပန်စမ်း"

နံ့ပြည့်စုတ်ရဲ့နှုတ်ခမ်းက တံတောင်လောက် စူထွက်လာသည်။ ပြီးတော့မှ မသထာသောအသံဖြင့် တောင်းပန်စကားကို ဆောင့်အောင့်ဆိုသည်။

"တောင်းပန်တယ်"

သူက မဲ့ပြုံးတစ်ချက် ပြုံးကာ ထိုင်ရာမှ ထလိုက်သည်။ ဒီလောက်ဆို သဘောပေါက်သွားပြီ။ တာဝန်သိစိတ်မရှိသော နံ့ပြည့်စုတ်နဲ့လည်း မျက်နှာချင်း မဆိုင်ချင်တော့ပါ။ သူ့





အိမ်ကို သားအမိနှစ်ယောက် လာတောင်းပန်တာ ဆိုပေမယ့် ဒီ့ထက်တော့ ပိုပြီးမျက်နှာချင်းမဆိုင်ချင်တော့ပေ။

"ဆောရီးပါ အန်တီ။ ကျွန်တော့်ကို နားခွင့်ပြုပါဦး"

ဘာမှမပြောနိုင်ခင်မှာပဲ သူက လှည့်ထွက်လာကာ အိမ်အပေါ်ထပ်သို့ တက်လာခဲ့သည်။ အောက်ထပ်တွင် ကျန်ခဲ့သော မိုးမြင့်နှင့် သက်ထူးက ခဏနေတော့ လိုက်တက်လာသည်။ အပေါ်ထပ်က လေသာဆောင်မှာ စိတ်ပျက်လက်ပျက်နှင့် ထိုင်နေသော သူ့နံဘေးသို့ သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်ချလာကာ.သူ့ပခုံးကို အားပေးသလို ဖျစ်ညှစ်ဆုပ်ကိုင်ကြသည်။

"သက်သာလား ... ဟေ့ကောင်။ နာနေသေးလား"

သူက ခေါင်းကို အသာယမ်းပြလိုက်သည်။ မိုးမြင့်က သူ့ရှေ့သို့ မျက်နှာငယ်လေးနှင့် ရောက်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါ သူငယ်ချင်းရာ။ ငါ့ကြောင့် ဖြစ်ရတာ။ တကယ် စိတ်မကောင်းပါဘူးကွာ။ မင်းကို ဘယ်လိုတောင် ပြောရမှန်းတောင် မသိတော့ပါဘူး"

"ဘယ်လိုမှ ပြောမနေနဲ့။ မင်းကြောင့် ဖြစ်ရတာလည်း မဟုတ်ဘူး။ အဲဒီ နံ့ပြည်စုတ်ကြောင့် ဖြစ်ရတာချည်းပဲ"

"အေးလေကွာ။ အဲဒီ ကောင်မလေးကလည်း အချိုးမပြေပါဘူး။ ရှုးတူးပေါ်တော့ပုံစံနဲ့။ ဘယ်လိုဟာလေးမှန်းလဲ မသိပါဘူး"

"နေပါဦး။ အရင်တုန်းက အဲဒီအိမ်မှာ အဲ့ကောင်မလေးနဲ့ သူ့အမေကို မတွေ့ပါဘူး။ ဘယ်က ရောက်လာကြတာလဲ"

"အဲဒီအိမ်က အဘွားရဲ့သမီးနဲ့ မြေး ထင်တာပဲ။ အဲဒီအိမ်မှာ အဘွားကြီး၊ အဘိုးကြီး နှစ်ယောက်နဲ့ အိမ်ဖော်ကောင်မလေးတွေပဲ နေကြတာလေ ...





တလောကမှ အဘိုးကြီးဆုံးသွားတာ သိပ်မကြာသေးဘူး။ တစ်လလောက်ပဲ ရှိသေးတယ်။ ငါ ထင်တာတော့ အဘွားရဲ့သမီးနဲ့မြေး ဖြစ်မှာပေါ့။ အဖော်ရအောင် လာနေပေးတယ် ထင်တာပဲ"

"အင်း ... မင်းကို ဒုက္ခပေးဖို့ ရောက်လာတာနဲ့ အတူတူပဲ နေမှာပေါ့။ ဒါနဲ့ မင်းလက်က ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမှာလဲ။ ကျိုးပါတယ်ဆိုမှ က,နေရမှာလား"

သူ့ရဲ့ဘုတောသံကို သူငယ်ချင်းတွေက စိတ်မဆိုးရက်ကြပါ။ သူ့ရင်ထဲတွင်လည်း ဒေါသအစိုင်အခဲက ခုထိ မပြေပျောက်သေးချေ။ ဒီလို လက်တစ်ချောင်းလုံး ကျိုးသွားမှတော့ သူ့မှာ ဘယ်လိုလုပ်ပြီးများ သကြန်မှာ ကဲလို့ရပါတော့မည်နည်း။ လက်မှာ ကျောက်ပတ်တီးကြီးနှင့် မဏ္ဍာပ်သွားထိုင်တော့လည်း ရေရေလည်လည် ပဲ့ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူတောင် အတော်တရားကျရလေသည်။ အိမ်ကလူကြီးတွေ မရှိသဖြင့် ဒီနှစ်မှာ လွတ်လွတ်လပ်လပ်ကဲပါမည်ဆိုမှ သင်္ကြန်ရက်နှင့်ကွက်တိ လက်ကျိုးရသည်။ နှမြည်စုတ်ကို ရေရေလည်လည် တင်းလေသည်။

"ငါ သင်းကို လုံးဝကိုမကျေနပ်တာ။ သူ့ကြောင့် လူတစ်ယောက်လုံး လက်ကျိုးသွားတာတောင် ပြေပြေလည်လည် တောင်းပန်ဖို့ စိတ်ကူးမရှိဘူး ...

ပြီးတော့ လက်ကျိုးတာလည်း တခြားအချိန်မဟုတ်ဘဲ တကယ့်သင်္ကြန်တွင်းကျမှ။ တောက် ... ဘာသွားလုပ်ရတော့မှာလဲ၊ ငုတ်တုတ်မေ့ပြီ"

သူ့သူငယ်ချင်းတွေက သူ တကယ်စိတ်တိုနေမှန်းသိသောကြောင့် ဘာမှမပြောဘဲ နှုတ်ဆိတ်နေကြသည်။ သင်္ကြန်မှာ အတူတူပျော်ဖို့ အားခဲထားသော သူငယ်ချင်းတစ်ယောက်





လက်ကျိုးသွားသော ကိစ္စတွင် သူတို့လည်း စိတ်မကောင်းဖြစ်နေကြမည် ဆိုတာတော့ သူ ယုံကြည်ပါသည်။

"သိပ်လည်း စိတ်တိုမနေပါနဲ့ကွာ။ ဘယ်တတ်နိုင်မလဲ။ ငါတို့လည်း တကယ်စိတ်မကောင်းပါဘူး။ မင်းနဲ့ထပ်တူ ဝမ်းနည်းရပါတယ်ကွာ"

ဝမ်းနည်းရပါတယ်ဆိုသော ရုပ်ကြီးက စပ်ဖြီးဖြီးဖြစ်နေသောကြောင့် သူက ယောကျ်ားတန်မယ့် မျက်စောင်းထိုးမိသည်။

"ဒါဖြင့်ရင် မင်းတို့လည်း သင်္ကြန်မှာ မကဲကြနဲ့လေ။ ငါနဲ့တူတူ အိမ်တွင်းအောင်းပြီး အဖော်လုပ်ပေးပေါ့။ ပြောဘယ်ကောင်လုပ်ပေးမှာလဲ"

အဲဒါကျတော့ ဘယ်သူကမှ မတုံ့ပြန်ကြပေ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စပ်ဖြဲဖြဲနှင့် ရှူးချင်ယောင်ဆောင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လည်း အလကားပါပဲ"

"အဟဲ ... ဒါကတော့ သယ်ရင်းရယ်၊ ငါတို့ကိုလည်း နားလည်ပေးပါ၊ တစ်နှစ်မှတစ်ခါပဲ ကြုံရတဲ့ ရင်ခုန်စရာ ပွဲတော်ကို ငါလည်း ကြုံချင်တာပေါ့ကွာ ..."

ဒါပေမဲ့ အပြင်မှာ အကြာကြီး မနေပါဘူး။ နေညို ပြီဆိုတာနဲ့ မောင်ကြီးတို့ အိမ်ပြန်ခဲ့မယ်၊ ဟုတ်ပြီလား"

"ဟုတ်ပါတယ်ကွာ။ လည်တဲ့ ပတ်တဲ့ အချိန်လေးပဲ အပြင်ထွက်ပေမယ့် ကျန်တဲ့အချိန်တွေတော့ မင်းကို တို့ တစ်တွေ အလှည့်ကျပြုစုပေးမှာပါ။ ရေတောင်ချိုးပေးဦးမှာ... ဟုတ်တယ်မလား ... ဟုတ်ကောင်တွေ"

"ဟုတ်တယ် ... ဟုတ်တယ်။ ရေလည်း ချိုးပေးမယ်၊ ချေးလည်း တွန်းပေးမယ်။ မန်မန်လည်း ခွံ့ကျွေးဦးမယ် ဟဲ ဟဲ"





"တော်ကြစမ်းပါကွာ"

သူက စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ရာမှ ထပြီးနောက် လေသာဆောင်ရဲ့လက်ရန်းမှာ သွားရပ်မိသည်။ အပေါ်စီးကနေ၍ နံ့ပြည်စုတ်တို့ရဲ့ အိမ်ဘက်ကို မြင်နေရသည်။ ဘယ်သူမှမရှိဘဲ တိတ်ဆိတ်နေသော အိမ်ကိုကြည့်ကာ ဒေါသတွေက တလှိုက်လှိုက် ဖြင့် ပြန်ထွက်လာသဖြင့် ကိုယ့်စိတ်ကိုယ် ပြန်ဖြေလျော့နေရလေ သည်။

ပိတောက်ပင် ဆိုတာတော့ မြင်တောင် မမြင်ချင် တော့။ စိတ်နာလွန်းသဖြင့် နောက်ကျရင် ခုတ်ပစ်မည်ဟု စိတ်ကူး ပစ်လိုက်သည်။ အား ... တွေးရင်း ရူးတော့မည်။ ဒီနှစ် သင်္ကြန် ကို တစ်ယောက်တည်း အဖော်မဲ့စွာ လက်ကျိုးကြီးနှင့် ဖြတ်ကျော် ရတော့မှာပါလား။

❦



www.burmeseclassic.com

www.burmeseclassic.com







## ၁

"သကြ်န်နွှေဦး တူးပို့ တူးပို့ xx သင်္ကြန်မြူးသာယာ xxx

သင်္ကြန်မယ်များ တူးပို့ တူးပို့ xxx တူးမာရဲ့နော်ဗျာ xxx

ငွေငန်းသံစိုး xxx"

သူ့နားထဲသို့ တိုးတိုးသာသာနှင့် မြူးမြူးကြွကြွ တိုးဝင်လာသော တေးသံသာကြောင့် မျက်လုံးတွေက ဖျတ်ခနဲ ပွင့်လာသည်။ ပထမတော့ ဘာပါလိမ့်ဟူသော အတွေးမျိုးရှိခဲ့သော်လည်း နှာခေါင်းထဲသို့ တိုးဝင်လာသော ရနံ့တစ်ခုကြောင့် သင်္ကြန်ကျပြီဆိုတာ သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လေသင့်ရာတိုင်း ချက်ချင်းမွေးတတ်သော ဝိတောက်ပန်းရနံ့များသည် သူ့ခေါင်းရင်း၌ ဖွင့်ထားသော ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲထိအောင် ရောက်လာခဲ့ခြင်းဖြစ်သည်။

ဪ ... ဒီနေ့ သင်္ကြန်အကြိုနေ့ ရောက်ခဲ့ပြီပဲ။ သူ့အိပ်ရာဘေးသို့ ကြည့်လိုက်လျှင် သူနှင့်အတူအိပ်သော မိုးမြင့်ကို မတွေ့ရတော့ပါ။

သင်္ကြန်အကြိုနေ့ဆိုတော့ ဝီရိယကောင်းကောင်းဖြင့် ဘာရယ်မဟုတ် နိုးထကြပြီထင်သည်။ သူက နာရီကို တစ်ချက်ကြည့်ကာ အိပ်ရာထက်မှ လူးလဲထလိုက်သည်။

ကိုးနာရီထိုးပြီးနေပြီ။ သိပ်တော့လည်း မစောတော့ပါ။ လက်တစ်ဖက်တည်းနှင့်မို့ တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ရတာ နည်းနည်းကသိကအောက် ဖြစ်ရသော်လည်း ညာဘက်လက်က အကောင်းမို့ တော်သေးသည် ပြောရမည်။





"မင်း နိုးပြီလား။ အောက်မှာ Breakfast ပြင်ထားတယ်ကွ။ လက်ဖက်ရည်နဲ့ မင်းကြိုက်တဲ့ ဆီထမင်းနဲ့ ဆိတ်သားခြောက်ဖုတ် ဝယ်ထားတယ်"

သူ မျက်နှာသုတ်နေသောအခါ သက်ထူးက အခန်းထဲသို့ ဝင်လာပြီးပြောသည်။

"အင်း ... လက်ကျိုးရတာ ဒီလိုတော့လည်း စိမ်ကျသားပဲ"

"လက်ကျိုးလည်း မဆွာပ်ထိုင်လို့ ရပါတယ်ကွာ။ ဖက်ရှင်တောင် ကျသေးတယ်"

"နေပါကွာ။ စိတ်ကုန်လွန်းလို့။ ဘယ်မှ သွားချင်စိတ်ကို မရှိတော့တာ။ အပြင်ထွက်ချင်စိတ်လည်း မရှိဘူး"

"အဲလိုတော့ မလုပ်ပါနဲ့ကွာ။ ညာဘက်တွေ ဘာတွေ ထွက်လို့ရတာပဲ။ မဆွာပ်တွေ ဘာတွေ လျှောက်ကြည့်လို့ရတာပဲလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်ပျက်လက်ပျက်နှင့် နှာခေါင်းတစ်ချက်ရှုံ့ပြီးနောက် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ သူ့အတွက် Breakfast ကို ဧည့်ခန်းထဲတွင် ပြင်ဆင်ထားပေးပြီး မိုးမြင့်နှင့်ရောက်လန်းက တီဗီကြည့်နေရာမှ သူလာသောအခါ သကြံန်သီချင်းကို ပိတ်ပစ်လိုက်လေသည်။

"ဘာလုပ်တာလဲ။ အဓိပ္ပာယ်မရှိတာတွေ မလုပ်စမ်းပါနဲ့"

"ဩော် ... အလိုက်တသိနဲ့ ပိတ်ပေးတာလေကွာ။ ဖွင့်ထားရင်လည်း မင်းက အာရုံတွေနောက်ဦးမှာ။ နားထောင်ချင်မှာမှ မဟုတ်တာ"

သူက ကျွတ်ခနဲ စုတ်သပ်ရင်း ဘာမှမပြောတော့ဘဲ ဆိုဖာတွင် ဝင်ထိုင်လိုက်ကာ လက်ဖက်ရည်ကို တစ်ငုံ ငုံလိုက်သည်။





"ပြန်ဖွင့်စမ်းပါကွာ။ သကြံန်သီချင်းဆိုတာ သကြံန်တွင်းများထောင်မှ အရသာရှိတဲ့ဟာကို ...

မင်းတို့လုပ်နေတဲ့ပုံစံက ငါကပဲ သကြံန်တွင်းမှာရည်းစားသေသွားလို့ သကြံန်ကို စိတ်နာနေတဲ့ပုံစံနဲ့။ သကြံန်က ဘာမှစိတ်နာစရာ အကြောင်းမရှိဘူး။ သကြံန်နဲ့ ဘာမှလဲ မဆိုင်ဘူး"

"အေးပါ ... အဲလိုသဘောထားနိုင်ရင်တော့ ကောင်းတာပေါ့"

"ဟင်း ... သဘောမထားနိုင်စရာ ဘာအကြောင်းမှ မရှိဘူး။ ထားလိုက်ပါကွာ စောစောစီးစီး ဒေါသမထွက်ချင်ဘူး။ အဲဒီအကြောင်းကို တမင်မေ့ထားတာ ...

မင်းတို့လည်း ရွှေ့စရာရှိတာ ရွှေ့ကြ။ ငါ့ကိုအားနာတာလိုလို သနားတာလိုလို လုပ်မနေနဲ့။ ဘာမှမဖြစ်ဘူးဝါက ...



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးပဲ ... ရတယ်"

"အေးပါ ... ခဏနေ ငါတို့ အပြင်ခဏသွားလိုက်ဦးမယ်။ ဗွန်ပွင့်တို့ မဏ္ဍပ်အခြေအနေလေး ဘာလေး သွားကြည့်မလို့ ...

အပြန်ကျ နေ့လယ်စာအတွက် တစ်ခုခု ဝယ်ခဲ့မယ်။ ဘာစားမလဲ"

"ဘာမှမဝယ်နဲ့။ ထမင်းတစ်လုံးလောက် ချက်ထားပြီး အိမ်မှာရှိတဲ့ ကြက်သားကြော်နဲ့ပဲ ဖြစ်သလို စားလိုက်မယ် ...

ငါ့အတွက် နေ့ခင်းစာကို စဉ်းစားနေရင် မင်းတို့ အိမ်ပြန်ဖို့ နောက်ဆံတင်းနေလိမ့်မယ်။ ငါ့ဘာသာ အဆင်ပြေတယ် ... ရတယ်"

"အေးပါ ... ငါတို့ ဖုန်းဆက်ပါ့မယ်၊ အိုခေ ... ဒါဆို ရေချိုးလိုက်ဦးမယ်၊ မင်းကတော့ သင်္ကြန်မြင်ကွင်းလေးတွေကို MRTV-4 ကနေပဲ အားပေးလိုက်ပေါ့ကွာ"





သူက ဆီထမင်းကို တစ်ဇွန်းကော်စားရင်း မဲ့ပြုံးပြုံးကာ ဘာမှပြန်မပြောမိချေ။ အဲဒီလိုနှင့် ဆယ်နာရီလောက်ကျတော့ သူ့သူငယ်ချင်းတွေက အပြင်ထွက်သွားကြသည်။ သူကတော့ Sky Net ကလွှင့်နေသော မြန်မာဇာတ်ကား သင်္ကြန်ကားအဟောင်းလေးကို ထိုင်ကြည့်ရင်း အချိန်တွေ ကုန်မှန်းမသိ ကုန်ဆုံးစေခဲ့သည်။

လက်ဖက်ရည်လေးမြှုပ်လိုက် ဇာတ်လမ်းလေး ကြည့်လိုက်ဖြင့် ဒီလိုဆိုတော့လည်း အေးအေးလူလူ ရှိသားပဲဟု တွေးမိနေတုန်းမှာပဲ ဘဲလ်သံက မြည်လာသည်။

"ဘယ်သူများပါလိမ့်"

သူက အိမ်ထဲမှထွက်ပြီး ခြံတံခါးကို ဖွင့်ကြည့်လိုက်လျှင် လုံးဝမမျှော်လင့်ထားသော သူတစ်ယောက်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နံ့ပြည်စုတ် ...။ သူမကို မြင်တာနှင့် သူက မျက်မှောင်တွေ အလိုလိုကြုတ်သွားရကာ ...

"ဘာလဲ"

သူ့ရဲ့ခပ်မာမာအသံကို နံ့ပြည်စုတ်က မဖြံ့ပုံဖြင့် လက်ထဲက သုံးဆင့်ချိုင့်ကို မြှောက်ပြသည်။ တစ်ခုခုကို နားလည်သော်လည်း သူက အငေါ်တူးလိုသောကြောင့် တမင်ပြောပစ်လိုက်သည်။

"ဆောရီးပဲ ... ဒီအိမ်က အပေါင်ခံတဲ့အိမ် မဟုတ်ဘူး"

"အပေါစားပြက်လုံးတွေကို လာမသုံးစမ်းပါနဲ့။ နင့်ကို စကားကောင်းကောင်းပြောဖို့ စဉ်းစားထားတယ်"

လေသံက ဟိုးမိုးမြင့်ဖျားက။

သူက စိတ်ရှုပ်စွာဖြင့် နှာခေါင်းထဲမှလေကို မှုတ်ထုတ်မိသည်။





"ငါကတော့ စကားအကောင်းပြောဖို့ စိတ်ကူးမရှိဘူး"

"ဟုတ်လား ...။ ငါ့အမေနဲ့ ဆိုရင်တော့ နင် စကားအကောင်းပြောမှာပါ။ ဟော ... ပြောရင်းဆိုရင်း လာပြီ"

မုန့်မြည်သံတစ်ကူ ကြားရပြီးနောက် သူ့ခက ဘောင်းဘီအိတ်ကပ်ထဲမှ ဖုန်းကိုဖွင့်ကာ ထူးသည်။ ပြီးတော့ သူ့ထံသို့ လန်ဆန့်တန်း ကမ်းပေးရင်းမှ ...

"ရော့ ... ငါ့အမေက နင်နဲ့ ဖုန်းပြောမယ်တဲ့"

"ကျွတ် ... ဘာတွေလဲကွာ။ မင်း ဘာလာရှုပ်တာလဲ"

သူမက ပြောမှာသာ ပြောစမ်းပါ ဟူသော ပုံစံဖြင့် ဖုန်းကိုထပ်၍ တွန်းပေးနေလျှင် သူက စိတ်ပျက်လက်ပျက်နှင့် ယူကာ နားမှာကပ်လိုက်ရသည်။

"ဟုတ်ကဲ့ ... ပြောပါ"

"အေး ... သားရေ။ အန်တီပါကွယ့်။ နေကောင်းရဲ့လား။ ဒဏ်ရာက သက်သာရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ် ... သက်သာပါတယ် အန်တီ”

“အင်း ... ဆေးခန်းသွားဖို့ လိုအပ်ရင် ပြောနော်။ အေး ... သားတို့က ယောက်ျားလေးတွေချည်းပဲဆိုတော့ စားရေးသောက်ရေး ခက်ခဲမှာပေါ့၊ အဲဒါ ...”

ထိုအန်တီ မပြောခင် သူက တမင်ပဲ စကားကိုဖြတ်ပြောလိုက်သည်။

“မခက်ပါဘူး အန်တီ။ အဆင်ပြေပါတယ်။ သကြိန်တွင်းဆိုပေမယ့်လည်း ဖွင့်တဲ့ဆိုင်က ဖွင့်တာပဲလေ ...

ခုတောင် လက်ဖက်ရည်သောက်ပြီး ဆီထမင်းစားနေတာ အန်တီ”

“ဟုတ်လား ... အန်တီတောင် စားချင်သား။ အဲလေ ... ဆီထမင်း ကြိုက်တတ်လား သား။ နောက်မှ အန်တီထိုးကျွေးဦးမယ်”





“ထိုးကျွေးရအောင် အန်တီက ကျားကစားတတ်တယ်ပေါ့”

“ဒါပေါ့ ... ငယ်ငယ်တုန်းက ချန်ပီယံပဲလေ။ အဲလေ ... ဟုတ်ပါဘူး။ ဘာတွေပြောနေတာလဲ ကလေးရယ်”

“ဆောရီးပါ အန်တီ။ ထိုးကျွေးမယ်ဆိုတော့ ရုတ်တရက်မှားသွားလို့ပါ”

“အင်း ... ရပါတယ်။ ဪ ... အန်တီလေ နွှတာနဲ့ ကြာဆံကြော်တွေ ထည့်ပေးလိုက်တယ်။ သား သူငယ်ချင်းတွေပါ စားရအောင်ပေါ့ ...

စားလိုက်နော် သား”

“နေပါစေ အန်တီ။ တာဝန်ကြီးတစ်ခုလို မလုပ်ပါနဲ့”

“ဪ ... သီးသန့်ကြီး မဟုတ်ပါဘူးကွယ်။ ဘုန်းကြီးကျောင်းကိုလည်း ဆွမ်းကပ်သေးတာမို့ပါ။ လက်ခံပေးပါနော်”



www.burmeseclassic.com

www.burmeseclassic.com



"အန်တီက မျိုးကြီး ကြိုက်တယ်နဲ့ တူတယ်"

"ဒါပေါ့ ... ငယ်ငယ်တုန်းက စိတ်နဲ့ဆို အရယူတယ်၊ အဲလေ ... မဟုတ်ပါဘူး"

သားကနားထောင်နေသော နုပြည့်စုတ်က စိတ်မရှည်တော့ဘူးထင့်။ သူ့ကို ထအော်သည်။

"ဒီမှာ ... နင် ငါ့အမေကို ဘာတွေပြောနေတာလဲ။ ငါ့အမေက ယောင်တတ်တယ်ဟဲ့။ တော်ပြီ ... ပေးတော့ ငါ့ဖုန်း"

"ဟဲ့ ... ဟိုကောင်မလေး ဘာတွေလျှောက်ပြောနေတာလဲ။ ကဲ ... ကဲ ... သားရေ ယူထားလိုက်နော် ကြာဆံကြော်တွေ။ ဒါပဲနော်"

အန်တီကြီးက ဖုန်းချသွားလျှင် သူက နှုတ်ခမ်းကို တင်းတင်းစေ့ပြီးနောက် သူမထံသို့ ဖုန်းကိုပြန်ကမ်းပေးလိုက်သည်။



"ဖယ်ဦး ... ငါ အိမ်ထဲဝင်မလို့"

နုပြည့်စုတ်က ခပ်တင်းတင်းဆိုသဖြင့် သူက စိတ်ပျက်လက်ပျက်ဖြင့် လေပူတစ်ချက်ကို ဖူးခနဲ မှုတ်ထုတ်မိသည်။ ဒီနုပြည့်စုတ်နဲ့လည်း တော်တော်ခေတ်ပျက်ပါသည်။ ဘယ်လိုစိတ်ကူးတွေနဲ့ အသက်ရှင်ရှင်နေလဲတော့ မသိ။

"ဘာကိစ္စ အိမ်ထဲဝင်မှာလဲ"

"ချိုင့်လှယ်ပေးရမယ်လေ၊ ကဲ ... ဖယ်ပါ"

သူမက သူ့ကို တွန်းဖယ်ပြီးနောက် အိမ်ထဲသို့ ခပ်တည်တည်ဖြင့် ဝင်သွားလျှင် သူ့မှာ ခါးထောက် ခေါင်းမော့ပြီး အသက်ကို ပြင်းပြင်းရှူကာ ကျန်ရစ်ခဲ့သည်။ ပြီးတော့မှ လိုက်သွားပြီးနောက် ဧည့်ခန်းထဲမှာ စိတ်ပျက်လက်ပျက်နှင့် ထိုင်နေမိသည်။ ဒီ တစ်ဖွတ်ထိုးသားအမိနှင့် အတူကပ်နေရတာလည်း ဝဋ်ဒုက္ခတစ်မျိုးပါပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကြာဆံကြော်တွေ လှယ်ပေးခဲ့ပြီ။ ဆန္ဒရှိတဲ့အချိန်မှာ စားလိုက်"

သူက ဘာမှပြန်မပြောဘဲ စားပွဲပေါ်ကိုသာ စူးစိုက်ပြီး ကြည့်နေမိသည်။

"လင်းထွန်း"

အောင်မာ ... နံ့ပြည်စုတ်ကများ သူ့နာမည်တွေဘာတွေ ခေါ်လို့။ သူက ခပ်တင်းတင်းဖြင့် မော့်ကြည့်လိုက်လျှင် သူမကလည်း သူ့ကို ခပ်တည်တည်ကြည့်နေတာကို တွေ့လိုက်ရသည်။

သူ့ရှေ့တည့်တည့်ကခုံမှာ ဝင်ထိုင်ပြီးမှ သူ့ကိုစကားစတင်ပြောသည်။

"နင့်ကို ငါ စကားအကောင်းပြောမလို့ပါ။ ငါ့ကြောင့် နင် အခုလို ဖြစ်သွားတဲ့အတွက် ငါ တကယ်ပဲ စိတ်မကောင်းပါဘူး"





သူမပုံစံက တကယ် အတည်အတံ့ ပြောနေတာမို့ မဲ့ရွဲ့တော့မလို ဖြစ်နေသည့် သူ့နှုတ်ခမ်းကို အမြန်ဘရိတ်အုပ်လိုက်ရသည်။ သူမကပဲ လေသံအေးအေးဖြင့် စကားဆက်ပြောသည်။

"ငါက ငါ မှန်တယ်ထင်ရင် လုပ်တတ်တဲ့ လူစားမျိုးဟ။ နင့်အတွက်တော့ ငါ နှောင်တရမိတယ်။ ငါ့အတွက် လူတစ်ဖက်သားရဲ့အခွင့်အရေး ထိခိုက်သွားတဲ့အတွက် အပြစ်ရှိတယ်၊ မတရားဘူးလို့ ခံစားမိတယ်"

သူက နံ့ပြည်စုတ်က လူစကားပြောသလားဟု တွေးမိကာ ငေးပြီးကြည့်နေမိသည်။

"အထူးသဖြင့်ပေါ့လေ၊ ဒီ သင်္ကြန်ရက်တွေမှာ ပျော်ရွှင်မှုတွေ ဆုံးရှုံးသွားခဲ့တဲ့ နင့်အတွက် အလျော်ပေးချင်တယ် ... ဘယ်လိုလဲ။ ဒါဆိုရင် နင် ကျေနပ်မလား"



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို စူးခနဲ စိုက်ကြည့်မိသည်။ သူမကတော့ ခပ်အေးအေးပင်။ ပြောရင်တော့ ပြောတဲ့အတိုင်းလုပ်မည့် မျက်လုံးများကတော့ တဖျပ်ဖျပ်လက်နေကြသည်။ အဲဒီမျက်လုံးတွေကိုကြည့်ပြီး သူကလည်း သူမကို ပညာပြန်ပေးချင်သော ဗီလင်တွေကလည်း တလိမ့်လိမ့် ဝင်ရောက်လာ၏။ အဲဒီနောက် သူက ခေါင်းတဆတ်ဆတ် ညိတ်ပြီးနောက် ...

"ကောင်းပြီ။ ဒါဆို မင်းကို တစ်ခုမေးမယ်။ မင်းအနေနဲ့ ငါ့ကို မလုပ်ပေးချင်ဆို အလုပ်တစ်ခုက ဘာဖြစ်မလဲ"

သူမက သူ့မေးခွန်းကို မရှင်းသလို နားမလည်သလို ပုံစံမျိုးဖြင့် မျက်မှောင်ကြုတ်ကြည့်သည်။

"မင်း နားမလည်ဘူးလား။ ငါ ပြောနေတာ ရှင်းရှင်းလေး၊ မင်း တတ်နိုင်တဲ့ကိစ္စတွေ ငါ မလိုချင်ဘူး။ မင်း မတတ်နိုင်တဲ့၊ အဲ ... မင်းအတွက် လုပ်ပေးဖို့ ခဲယဉ်းတဲ့ ကိစ္စမျိုးကိုမှ ငါက အလျော်ပြန်လိုချင်တာ"





သူမက ပေါက်ပြီ ဟူသောပုံစံဖြင့် လှစ်ခနဲပြုံးသည်။ ပြီးတော့ ခေါင်းတဆတ်ဆတ်ဖြင့် ညိတ်ကာ ညိတ်ကာ လုပ်ပြီးမှ...

"နင်က ဘယ်ဆိုးလို့လဲ။ ငါ ထင်ထားတာထက် တော်တယ်။ အင်း ... ကောင်းပြီလေ။ နင် ပြောသလို စဉ်းစားကြည့်တာပေါ့ ....

ငါ့အတွက် နင့်အပေါ် မဖြည့်ဆည်းပေးချင်ဆုံးကိစ္စက ဘာရှိမလဲ။ အင်း ... သိပ်တော့မရှိဘူး ထင်တာပဲ။ ဪ ... သိပြီ ...

နှလုံးသားတစ်ခု"

"ဘာရယ်"

ဒီတစ်ခါ ပြန်နားမလည်ရတာက သူ ဖြစ်သည်။ သူမက သူ့ကို စိန်ခေါ်သလို မျက်ဝန်းများဖြင့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ။ နင့်အပေါ်မှာ ငါ အပြစ်မကင်းလို့ အလျော်ပြန်ပေးချင်တယ် ဆိုရင်လည်း ငါ့နှလုံးသားတစ်ခုလုံး ပေးဖို့ကတော့ အလျော်အစား အကြီးဆုံးပဲ မဟုတ်လား ...

တော်တန်ရုံ လုပ်ပေးနိုင်တယ် ဆိုပေမယ့် ငါ့နှလုံးသားကို ပေးဆိုရင်တော့ ငါ ဘယ်ပေးချင်မလဲ"

သူက သူမရဲ့ ဆိုလိုရင်းကို သဘောပေါက်ကာ ရယ်ချင်စိတ်က ဟိုးကလီစာထဲကနေ၍ လှိုက်လှိုက်ပြီး တက်လာသည်။ နှုတ်ခမ်းကိုတင်းတင်းစေ့ထားပြီး ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရလေသည်။ နှံပြည်စုတ်ကမျှား လူစကား ပြောရတယ်လို့။

သူမကလည်း သူရယ်ချင်တာကို သိသွားဟန်ဖြင့် မျက်လုံးပြူးပြီး ကြည့်နေသည်။ သူက အဲဒီမျက်လုံးပြူးကြီးကို





ကြည့်ပြီး ရယ်ချင်စိတ်ကို ထိန်းမရတော့သောကြောင့် ခွီးခနဲရယ်ချလိုက်သည်။

"ဟဲ့ ... ဘာရယ်တာလဲ ... နင်က ! "

"မဟုတ်ပါဘူး။ နင့်စကားကို ရယ်ချင်လို့ပါ။ ကောင်းပြီလေ ... ဒါဖြင့်ရင် မင်းကို ခက်ခက်ခဲခဲ တစ်ခုလောက် ခိုင်းရတာပေါ့ ...

မင်းကို ငါက လူတစ်ယောက်ဆီ သွားခိုင်းမယ်။ သူ ဘယ်သူလဲဆိုတာ မပြောဘူး။ လိပ်စာလည်း မပြောဘူး။ ဒါပေမဲ့ စကားဝှက်လေးတစ်ခုတော့ ပေးမယ်။ အဲဒီစကားဝှက်ကို ဖော်နိုင်ရင် သူ ဘယ်သူလဲဆိုတာ မင်းသိမယ်။ သိရင် သူ့လိပ်စာသိဖို့က လွယ်သွားပြီ ...

အဲဒီလူဆီကို သကြံန်အတက်နေ့ ညနေခြောက်နာရီကို နောက်ဆုံးအချိန်အဖြစ် သတ်မှတ်ပြီး သွားရမယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီ ရောက်သွားခဲ့ရင် သူမေးတဲ့ မေးခွန်းတစ်ခုကို ဖြေရမယ် ...

အဲ ... အဓိကအချက်က သူ့ဆီကို သွားတဲ့အချိန်မှာ သကြိန်ရေ လုံးဝမစိုစေရဘူး။ ဒါပေမဲ့ မင်း ကိုယ်ပိုင်ကားနဲ့လည်း မသွားရဘူး။ သူ့ဆီကို ရေမစိုဘဲ ရောက်သွားပြီး သူမေးတဲ့မေးခွန်းကို ဖြေနိုင်ရင်တော့ ဒီပြိုင်ပွဲမှာ မင်း နိုင်ပြီပေါ့ ...

နိုင်ရင်တော့ ဘာမှမဖြစ်ဘူး။ မင်း ရှုံး သွားရင်တော့ မင်းမပေးချင်တဲ့ မင်းရဲ့နလုံးသားကို ငါ့ကို ပေးရမယ် ...

ဘယ်လိုလဲ”

သူမက သူ့ကို အမြင်ကတ်စဖွယ်ကောင်းအောင်ပင် မထီတရီ ပြန်ကြည့်ကာ ...





“ငါ့နလုံးသားက ဒီထက်မက တန်ဖိုးကြီးတယ်။ ရတယ် ပြော၊ နင့်စကားဝှက်က ဘာလဲ”

“မင်း တကယ် ဆုံးဖြတ်ပြီးပြီလား။ ဒါ အပျော်သဘော မဟုတ်ဘူးနော်”

“နင်သာ စကားဝှက်ကို ခပ်မြန်မြန်လေး ပြောလိုက်ပါ”

သူက ဖြစ်တယ်ဟူသော သဘောဖြင့် ပဲခုံးကို တစ်ချက်တွန့်ကာ ...

“ကောင်းပြီ။ ငါ့စကားဝှက်က အဆစ်အမြစ် အားကစား ပညာရှင်တဲ့။ အဲဒါပဲ။ အဲဒါကို မင်း ရအောင်ဖော်ပါ။ ဖော်လို့ရပြီဆိုရင် သူ့ဆီကိုသွားရမှာ။ သွားတဲ့အခါမှာလည်း ရေလုံးဝမစိုရဘူး ...

မင်းရဲ့ကိုယ်ပိုင်ကားနဲ့လည်း မသွားရဘူး။ အဲ ... သူ့ဆီကို အောင်အောင်မြင်မြင်နဲ့ ရောက်သွားပြီဆိုရင်လည်း သူမေးတဲ့မေးခွန်းကို မှန်အောင်ဖြေနိုင်ရမယ် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခြင်းအရာတွေအတွက် မင်းကို အစရှိန်က စပြီး သင်္ကြန်နောက်ဆုံးနေ့အထိ အချိန်ပေးလိုက်တယ်။ ဒီနေရာမှာ မင်းကို အခွင့်အရေးတစ်ခု ပေးချင်တာက ကွန်ပျူတာဂိမ်း ကစားသလိုပါပဲ ...

မင်း အဲဒီလူဆီကို သွားတဲ့လမ်းမှာ အကြောင်း အမျိုးမျိုးကြောင့် ရေစိုသွားခဲ့ရင် အိမ်ကိုပြန် အဝတ်တစ်စုံ လဲပြီး retry လုပ်လို့ရတယ် ...

သတ်မှတ်ထားတဲ့အချိန် မရောက်မချင်း အပြန်ပြန် အလှန်လှန် ကြိုးစားခွင့် ရှိတယ်ပေါ့ကွာ"

သူမက အားပါးတရပင် ပြုံးလိုက်သေးတော့တာ။ အိုကေဟု ခပ်ကျယ်ကျယ် ရေရွတ်သည်။

"ဒီဂိမ်းကို သင်္ကြန်ဂိမ်း ... လို့ နာမည်ပေးလိုက်ကြတာ ပေါ့"





သူ့စကားအဆုံးတွင် လက်ဝါးထောင်ပေးလိုက်သော သူ့ကို သူမက နာအောင်ပင် တမင်တကာ ဖြောင်းခနဲ ရိုက်ပစ် လိုက်လေသည်။ ဒီလိုနှင့် သင်္ကြန်ဂိမ်း စတင်ခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com







# ၆

နွေတာသည် ကောင်လေးတစ်ယောက်ကို ကိုယ့် ယောဂ မကင်းစွာဖြင့် လက်ကျိုးအောင် လုပ်မိသွားခဲ့သည်။ အဲဒီအတွက်လည်း တကယ်ပဲ စိတ်မကောင်းဖြစ်ကာ တစ်ခုခု ဘုံ့ပြန်ပေးဖို့ စီစဉ်ခဲ့သော်လည်း သူက ဂိမ်းတစ်ခု စီစဉ်ခဲ့သည်။ အဲဒီအတွက် အလျော်အစားမှာလည်း ကြီးမားပါသည်။ နွေတာက သူ ပြောလိုက်သော စကားဝှက်ကို သေချာစဉ်းစားသည်။ အဆစ် အမြစ် အားကစားပညာရှင်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



နွေတာ တစ်ယောက် ခေါင်းကုတ်ကာ စဉ်းစားနေတုန်းမှာပဲ အခန်းတံခါးကို တစ်စုံတစ်ယောက်က လာခေါက်သည်။ ဝင်ခဲ့ဖို့ ပြောလိုက်သောအခါ တွေ့လိုက်ရတာက ငယ်သူငယ်ချင်း မစ်ကီဖြစ်သည်။

"ဟယ် ... မစ်ကီ။ မိန်းမစုတ် ... ခုမှပဲ ပေါ်လာတော့တယ်"

"သြော် ... ငါ့အစ်ကိုကလည်း ခုမှလိုက်ပို့တာကိုးဟဲ့။ အမယ်လေး ... နင် ရန်ကုန်ရောက်တာ တစ်ပတ်မပြည့်သေးပါဘူး နွေတာရယ်"

"ဟင်း ... ဒါတော့ ဒါပေါ့"

နွေတာက မကျေမနပ်နှင့် နှုတ်ခမ်းဆူလျှင် မစ်ကီက သွားဖြဲပြသည်။ နွေတာနှင့် မစ်ကီသည် မူကြိုမှာတည်းက သူငယ်ချင်းများ ဖြစ်ကြပြီး ဆယ်တန်းအောင်တော့ နွေတာနှင့်





မိခင်ဖြစ်သူက ဖခင် အလုပ်လုပ်နေရာ စင်ကာပူသို့ လိုက်သွားပြီး နွေတာက ကျောင်းတက်သည်။

သိပ်မကြာခင်ကမှ ဘိုးဘိုး ဆုံးသွားသောအခါ မေမေနှင့် နွေတာက ဘွားဘွားအဖော်ရအောင် ကျောင်းလည်းပိတ်ထားတုန်း ခဏပြန်လာနေပေးတာဖြစ်သည်။

"ဘယ်လိုလဲ ... နင့်အတွက် သင်္ကြန်အစီအစဉ်က ငါနဲ့ရောပြီး ငါ့အတိုင်းပဲ မဟုတ်လား။ စီစဉ်ထားလိုက်တော့မယ်"

"မစီစဉ်နဲ့တော့ဟ"

"ဟင် ... ဘာဖြစ်လို့လဲ။ မိန်းမ ... နင်ပဲ သင်္ကြန်မှာ ရှူးမတတ် ကဲချင်နေတာလေ"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ကဲတာထက် ပိုစိတ်ဝင်စားစရာ ကောင်းတာ တွေ့ထားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် ...။ ဒါနဲ့ နေစမ်းပါဦး။ ခုန အောက်မှာ နင့်အမေနဲ့တွေ့လိုက်တယ်။ နင် ဟိုဘက်ခြံက ကောင်လေးကို လက်ကျိုးအောင် လုပ်ထားတယ်ဆို"

"ဟုတ်ပါ့"

နွေတာရဲ့အဖြေကို မစ်ကီက ရင်ဘတ်ဖိသည်။

"အမယ်လေး နွေတာရယ်။ နင် ငယ်ငယ်တုန်းက အတိုင်း ပါပဲလား။ စွာလှချည်လားဟဲ့ ...

ဘာဖြစ်လို့ သူများကို လက်ကျိုးအောင် သွားလုပ်ရတာလဲ"

"ဩော် ... တမင်တော့ သူ့လက်ကို ချွတ်ခနဲမြည်အောင် သွားချိုးမလားဟဲ့"

"ဟင် ... ဒါဆို ဘယ်လိုလုပ် ကျိုးသွားရတာလဲ။ လက်တစ်ချောင်းလုံးက"





"ငါ့ပယောဂနဲ့ ကျိုးတာတော့ အမှန်ပေါ့ဟာ။ ငါလည်း အဲဒီလောက်ကြီး ဖြစ်မယ် မထင်လို့ပေါ့ဟာ။ ဒီလိုပါ"

နွေတာက ဖြစ်ကြောင်းရယ်ကုန်စင်ကို ပြောပြလိုက်သည်။ မစ်ကီက မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားဖြင့် နားထောင်ပြီးနောက် ...

"ဟယ် ... ဒါဆိုရင် အဲ့တစ်ယောက်က သကြန်တွင်းမှာ မကဲရတော့ဘူးပေါ့။ လက်ကျိုးကြီးနဲ့ပေါ့။ သနားပါတယ်ဟယ် ...

သကြန်မှာ အပီကဲဖို့ ဆုံးဖြတ်ထားတဲ့သူ ဆိုရင်တော့ ဝမ်းသွားပြီပေါ့။ နင်ကလည်းဟယ် ရှေ့မကြည့် နောက်မကြည့်နဲ့ လုပ်ချလိုက်ရသလား"

"သူကိုက ခြေမခိုင် လက်မခိုင် ဖြစ်နေတာကိုး။ ထားပါ အဲဒီတော့ သူ ကျေနပ်အောင် တောင်းပန်ဖို့ ဖြစ်ရတာပေါ့။ သူနဲ့ ငါနဲ့ အလောင်းအစား လုပ်ထားတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဂိမ်းတစ်ခု ဆော့မှာပေါ့ဟာ။ သကြန်ဂိမ်းအတွက် ကြောင့် ငါ မဏ္ဍပ်ထိုင်နိုင်မှာလည်း မဟုတ်တော့ဘူး။ လည်နိုင်မှာလည်း မဟုတ်တော့ဘူး။ ငါ့မှာ အဲဒီကိစ္စရှိနေတယ်။ ငါ ရှုံးရင် သူ့ကို ငါ့နှလုံးသားတစ်ခုလုံး ပေးရမှာဟ"

"ဘာ ... ဘာရယ်။ ဘာတွေလဲဟာ နင့်ဟာက ရှုပ်နေတာပဲ"

နွေတာက သကြန်ဂိမ်းအကြောင်း မစ်ကီ့ကို ထပ်ရှင်းပြလိုက်သည်။

မစ်ကီက မျက်လုံးအပြူးသားဖြင့် နားထောင်ပြီးနောက် လက်တခါခါ ခေါင်းတခါခါဖြင့် ပြောသည်။

"ဟာ ... နင်ကလည်း၊ မဟုတ်တာတွေ သွားပြီးကတိပေးနေပြန်ပြီ။ နင် ဘယ်လိုလုပ် အောင်မြင်အောင် လုပ်နိုင်





မှာလဲ။ ရေမစိုဘဲ သူပြောတဲ့လူဆီကို ဘယ်လိုလုပ် သွားနိုင်မှာလဲ။ စိုမှာပဲ"

"နင့်လို ဦးနှောက်နဲ့တွေးရင်တော့ စိုဖို့များမှာပေါ့"

နှိပ်ကွပ်လိုက်သောကြောင့် မစ်ကီက နွေတာ့ကို သေဦးမယ် ဆိုသောပုံစံဖြင့် လက်သီးထောင်ပြသည်။

"ကဲပါ ... အရင်ဆုံး နင့်ကို ပြောထားတဲ့ စကားဝှက်ကိုပဲ ရအောင်ဖော်စမ်းပါဦး။ အဲဒါကို ဖော်နိုင်ပြီဆိုမှ ရေမစိုဘဲ ဘယ်လိုသွားရမယ်ဆိုတာ ဆက်စဉ်းစားရမှာ မဟုတ်လား"

"အင်း ... ငါလည်း စဉ်းစားနေတာပဲ။ စဉ်းစားနေတုန်း နင်ရောက်လာတာပဲလေ။ နင်လည်း ဝိုင်းစဉ်းစားဦးပေါ့ဟာ"

မစ်ကီကလည်း မျက်လုံးတွေ ချာချာလည်အောင် စဉ်းစားသည်။ သူ စဉ်းစားနေတာက စဉ်းစားနေပုံနှင့်မတူဘဲ



www.burmeseclassic.com

www.burmeseclassic.com



နေ့ရာသီမှာ စိတ်ဖောက်တော့မည့် အရူးတစ်ယောက် မျက်လုံးမှုမမှန်တော့သည့်ပုံနဲ့ တူနေသည်။

"စဉ်းစားတယ်ဆိုလည်း ဒီအတိုင်း စဉ်းစားနေလို့တော့ ရမှာမဟုတ်ဘူး။ အနီးစပ်ဆုံးကနေ ယူပြီးစဉ်းစားရမှာပဲ"

"ဘယ်လို အနီးစပ်ဆုံးလဲ"

"ဒီလိုဟာ ... အဆစ်အမြစ် အားကစားပညာရှင်ဆိုတာ အားကစားတစ်ခုခုရဲ့ ပညာရှင်ပေါ့။ အဆစ်အမြစ်နဲ့ပတ်သက်တဲ့ အားကစားတွေ လျှောက်စဉ်းစားရင်တော့ ပြီးမှာမဟုတ်ဘူး ...

အဆစ်အမြစ် ဆိုတာကို အဓိက စဉ်းစားရမှာ။ အင်း ... အဆစ်အမြစ်နဲ့ ထပ်တူတဲ့ နောက်ထပ်နာမည်တစ်ခုတော့ ရှိဦးမှာပဲ။ အဆစ်အမြစ်ရောဂါ ... အင်း ... အဲဒါကို ဘာလို့ခေါ်မလဲ ... အင်း ..."





"ဟင်း ... နင်တော့ ဂေါက်သွားဦးမယ်"

မစ်ကီက စိတ်ပျက်လက်ပျက်နှင့် ပြောလိုက်လျှင် နွေတာကတော့ တဟားဟားနှင့် ရယ်မိသည်။ ရယ်ရင်းမှနေ၍ ဖျတ်ခနဲ ခေါင်းထဲမှာ လင်းသွားပြီးနောက် မစ်ကီရဲ့လက်မောင်းနှစ်ဖက်ကို အားပါးတရ ဆုပ်ကိုင်မိလေသည်။

"ဟာ ... ဂေါက် ... ဂေါက်။ ဟုတ်တယ် ... အဲဒီဂေါက်ပဲ"

"ဟမ် ... ဘာဂေါက်တာလဲ။ ဖွီး ... ငါတော့ ရူးတော့မှာပဲ"

"ဟုတ်တယ်။ အဖြေကို ရှာတွေ့ပြီလေ။ ဂေါက်ဆိုတာ အဆစ်မြစ်တွေ ယောင်တဲ့ရောဂါပဲ မဟုတ်လား။ ဂေါက် အားကစားပညာရှင်ဆိုတော့ ကြည့်ရတာ အဲဒီလူဆီကို သွားရမယ်နဲ့ တူတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ ... ဟုတ်လောက်တယ်၊ နေဦး ... သူ့ဆီကို ငါ ဖုန်းဆက်မေးလိုက်ဦးမယ်"

နွေတာက ချက်ချင်းပဲ ဖုန်းစာအုပ်ကိုလှန်ကာ တစ်ဖက်အိမ်ရဲ့ဖုန်းကို လှမ်းခေါ်လိုက်သည်။ ဖုန်းဝင်သွားသော်လည်း တော်တော်နှင့် လာမကိုင်ချေ။ ဖုန်းကျွဲခါနီးမှ ဖျတ်ခနဲကောက်ကိုင်ကာ ...

"ဟယ်လို"

စိတ်မရှည်သော ခပ်ဆတ်ဆတ်ထူးသံကြောင့် နွေတာက နှုတ်ခမ်းကို အသာကိုက်ကာ ပြုံးမိသည်။

"ငါပါ"

"ဘယ်က ငါလဲ၊ ဖုန်းမှားနေတယ်"

"မမှားပါဘူး။ နင် လင်းထွဋ် မဟုတ်လား"

"ဟုတ်တယ်၊ ဘယ်သူလဲ"





"နွေတာပါ"

"ဘာလဲ ... ပြော။ ရှုပ်ရှုပ်ယှက်ယှက် ဆက်မနေနဲ့၊ ထိုင်ရ ထရတာ အဆင်ပြေတာ မဟုတ်ဘူး"

"ဩော် ... မထချင်ရင်လည်း နင့်ဖုန်းနံပါတ် ပေးထားပေါ့"

"မပေးပါဘူး။ ဘာလဲ ... ပြော"

ကြီးကျယ်သော သူကောင့်သားကို နွေတာက အမြင်ကတ်လာသည်။

ဒါပေမဲ့လည်း ဘာကြောင့်မှန်းမသိဘဲ သူ့စကားတွေကိုလည်း ဖွေယူလို့ မရချေ။ ကိုယ်က လက်တစ်ချောင်းလုံး ကျိုးအောင်လုပ်ထားတဲ့သူကိုး။

"နင့်စကားဝှက်ကို ငါ သိပြီ။ နင် ပြောတာ ဂေါ့ဖ်အားကစားပညာရှင်ကို ပြောတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က ခဏတော့ တိတ်သွားသည်။ ပြီးတော့မှ မပြေချင့်ပြေချင် အသံဖြင့် "ဟုတ်တယ်"ဟူသော အသံထွက်လာလျှင် နွေတာက လှစ်ခနဲ ပြုံးမိလေသည်။

"ကောင်းပြီ။ ပထမအဆင့်တော့ အောင်မြင်သွားပြီပေါ့။ ပြော ... သူ့လိပ်စာက ဘယ်မှာလဲ။ သူ့ဆီကို ငါက ဘယ်လိုသွားရမှာလဲ"

"ကောင်းပြီလေ။ သူက ငါ့ဦးလေးပဲ။ အဲဒီတော့ မင်း သူ့ဆီသွားတော့။ ဒါပေမဲ့ မင်းလည်း သိပါတယ်။ သူ့အိမ်က ငါတို့နဲ့သိပ်မဝေးတဲ့ အင်းလျားလမ်းမှာနော်။ မဏ္ဍပ်တွေ တိုးမပေါက်အောင်စည်တဲ့လမ်းပေါ့ ...

အဲဒီလမ်းထဲမှာ မင်း ရေတစ်စက်မှ မစိုအောင် ဘယ်လိုသွားမလဲ ... သွားတော့"

"အေးပါ ... သွားတာပေါ့။ စောင့်ကြည့်နေလိုက်ပါ"





"ကြည့်မှာပါ ... ကြည့်မှာပါ။ သိပ်လွယ်တယ်တော့ မထင်နဲ့နော်။ ငါ့ဦးလေးက ခြံနံပါတ်(xxx) ဦးစောမျိုးဘစိ ဆိုလူတိုင်းသိတယ်"

"အေး ... ဒါပဲ"

နွေတာက ဖုန်းချလိုက်ပြီးနောက် မစ်ကီကို လက်မတစ်ချောင်း ထောင်ပြလိုက်သည်။ မစ်ကီက နွေတာ့ကို သနားတယ်ဆိုသော အကြည့်မျိုးဖြင့်ကြည့်ကာ ခေါင်းယမ်းပြီးပြောသည်။

"နင်တော့ နှလုံးသားတစ်ခုလုံး ပေးဖို့သာ ပြင်ထားတော့။ ရေမစိုအောင် ဘယ်လိုမှ သွားလို့ရမှာ မဟုတ်ဘူး"

"နင်ကလည်း အတတ်နိုင်ဆုံး ကူညီမယ်တော့ မရှိဘူး။ ဟားမယ်ဆိုတာချည်းပဲ။ လွယ်တဲ့ဟာတော့ ဘယ်သူကနိုင်းမှာလဲဟ။ ကိုယ့်ကားနဲ့ကိုယ် မဟုတ်ဘဲ ခြေလျင်သွားပြီး ရေမစိုအောင် သွားရဖို့ဆိုတာ ..."



www.burmeseclassic.com

www.burmeseclassic.com



နေ့တာက ဆက်မပြောတော့ဘဲ ပခုံးနှစ်ဖက်ကိုသာ တွန့်ပြလိုက်မိသည်။ ခက်ခဲမှန်းတော့ သိသည်။ ဒါပေမဲ့ ခက်ခဲတဲ့ အလုပ်ကို အောင်မြင်အောင် လုပ်နိုင်ရင် လူတွေက ပျော်ရွှင်ကျေနပ် တတ်ကြသည်ဆိုတာ ကြုံဖူးသူတွေလည်း သိကြမှာပါ။

ဒီတော့ အကြီးနေ့ကစတင်ပြီး နေ့တာတစ်ယောက် သင်္ကြန်ဂိမ်းကို စတင်ကြိုးစားဆော့ကစားတော့မည် ဆိုပါတော့။





၇

"ဟာ ... မင်းတို့ကလည်း ဇာတ်လမ်းတွေ ထွင်နေပြန်ပြီ ကွာ။ ဘာတဲ့ သင်္ကြန်ဂိမ်းတဲ့ ... ဟုတ်လား ...

ဟင်း ... အရှုံးပြောတာကို အရှုံးက လိုက်လုပ်မယ် ပေါ့ ... ဟာ ဟ"

သူတို့ရဲ့အလောင်းအစားကိစ္စကို သိရလျှင် သူငယ် ချင်းတွေက လှောင်ပြောင်ဟားကြသော်လည်း သူကတော့ ဘယ်နှယ့်



www.burmeseclassic.com

www.burmeseclassic.com



မှမနေပါ။ နံ့ပြည်စုတ်ကို ပညာပေးရတာနဲ့တင် ကျေနပ်နေပြီဖြစ်သည်။ ဘာတဲ့ ... သူမ မပေးချင်ဆုံး မဖြည့်ဆည်းပေးချင်ဆုံးက သူမရဲ့နှလုံးသား။

ဟား ဟား ... တော်တော်လည်း တတ်နိုင်တဲ့ နံ့ပြည်စုတ်။

"သကြၤန်တွင်းကြီးမှာ လေးလေးစောအိမ်ကို ရေမစိုအောင် သူ ဘယ်လိုသွားမှာတဲ့လဲ"

သက်ထူးကတော့ စိတ်ဝင်တစားဖြင့် တွေးဆကာ မေးသည်။

"မင်းတို့ စိတ်တော့ ဝင်စားတယ်မှလား"

"အင်း ... ရေမစိုအောင်သွားရမယ် ဆိုရင်တော့ စိတ်တော့ ဝင်စားသားပဲ။ ငါတို့တောင် သူ ဘယ်လိုသွားမလဲ ချောင်းကြည့်ချင်သား ... ဟား ဟား"





"ချောင်းကြည့်စရာ မလိုဘူး။ တွေ့တာနဲ့တင်ကို ရေပြေးပက်လို့ရတယ်။ သူ့ကို ဘယ်သူမဆို ရေပက်လို့ ရတာပဲလေ ...

ဒါဆိုရင် သူ ရှုံးပြီပေါ့"

"နေပါဦး ... အကယ်၍ သူ ရှုံးသွားပြီ ဆိုပါတော့။ ဒါဆိုရင် မင်းက သူ့နှလုံးသားကို တကယ်ယူမှာလား"

"အဲဒါကို သူ နိုင်သွားပြီဆိုမှပဲ ဆက်စဉ်းစားမလားလို့"

"ဟင်း ... ကောင်းတာပေါ့ကွာ။ ဘာပဲဖြစ်ဖြစ် သင်္ကြန်တွင်းမှာ မင်း အပျင်းပြေတာပေါ့။ အင်း ... ကောင်မလေး ကြည့်ရတာ တရားမျှတမှုတော့ ရှိပုံပဲ။ မင်း မပျော်ရတော့တာနဲ့ သူလည်း မပျော်တော့ဘဲ မင်း ကျေနပ်အောင် ဂိမ်း တစ်ခု ဆော့ပေးတယ်ပေါ့"

သူလည်း စိတ်ထဲက အဲဒီလို တွေးမိပေမယ့် နံ့ပြည်စုတ် အတွက် ချီးကျူးဖို့ စောသေးသည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဘယ်လိုပဲဖြစ်ဖြစ် မင်းတို့ဂိမ်းက စိတ်ဝင်စားဖို့တော့ ကောင်းပါတယ်။ ဒီလောက် ရေပက်နေတဲ့ကြားက ရေမစိုအောင် လေးလေးစောအိမ်ကို ဘယ်လိုများသွားမလဲ သိချင်စမ်းတယ်"

"သိချင်ရင် စောင့်ကြည့်ပေါ့။ မနက်ဖြန်ကစပြီး စောင့်ကြည့်လို့ ရပြီပဲ"

မနက်ဖြန်ဆိုတာ သင်္ကြန်အကြိုနေ့ ဖြစ်ပါသည်။ သူက ပြတင်းပေါက်မှတစ်ဆင့် မြင်နေရသော ပိတောက်ပင်ကြီးကို ငေးကြည့်မိသွားသည်။ ပိတောက်ဖူးလေးတွေ ပန်ဆင်ထားသူရယ်။

ရုတ်တရက် သင်္ကြန်မိုးသီချင်းကို သတိရသွားသည်။ သူ ငယ်ငယ်တုန်းက ပျော်ခဲ့ဖူးသော သင်္ကြန်ဆိုတာ အခုလက်ရှိ သင်္ကြန်တွေထက် အများကြီး ပျော်ဖို့ကောင်းတယ်ဟု ထင်မိသည်။





အခုလက်ရှိ သင်္ကြန်က စီးပွားရေးတွေ ဆန်လာသည်။ မိန်းကလေးတွေရဲ့ ယဉ်ကျေးမှုပုံစံတွေ ပုံစံပြောင်းလဲလာသည်။

ဘယ်လိုပဲဖြစ်ဖြစ် သင်္ကြန်မှာ လူတွေပျော်ကြတာတော့ အမှန်ပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com







# “သင်္ကြန်အကြိုနေ့”

www.burmeseclassic.com

www.burmeseclassic.com







နွေတာသည် မှန်ထဲမှာ မြင်ရသော ကိုယ့်ရုပ်သွင် ကိုယ်ကြည့်ကာ ကြည်ညိုစရာကောင်းသားပဲဟု တွေးလိုက်မိပြီးနောက် ခိခနဲပါ တစ်ချက်ရယ်မိသည်။

ကြည့်ဦးလေ … ယောဂီဝတ်စုံနှင့် နွေတာရဲ့ပုံစံမှာ လေးစားချင်စရာကောင်းနေသည်။

ကဲ … ဒီပုံစံနဲ့ ဟိုတစ်ယောက်ရဲ့ဦးလေး ဂေါ့ဖ် ချန်ပီယံကြီးဆီကို သွားမယ်။ ဘယ်သူက ရေပက်ဝံ့သလဲ … ပြော … ဟင်း။ ကိုယ့်အတွေးနဲ့ကိုယ် မောင်းတင်ပြီးနောက် နွေတာက အိမ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ယောဂီဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆင်းလာသော မွေ့တာ့ကို မြင်သောအခါ မေမေက မျက်လုံး ပြူးသွားသည်။

"ဟဲ့ ... ဒါက ဘယ်လဲ သမီး"

"သြော် ... ယောဂီဝတ်စုံကြီး ဝတ်ထားမှတော့ မေမေ ရယ်"

"ဘုန်းကြီးကျောင်း သွားမယ်ပေါ့"

"ဟင့်အင်း ... နိက်ကလပ်"

"ဟယ် ... သမီးရယ်။ နိုက်ကလပ်က ဒီအချိန်စောသေး တယ်လေ။ ညမှသွား"

"အာ ... မေမေကလည်း ဘာတွေ လျှောက်ပြောနေတာ လဲ"

"သြော် ... အေး။ နင် ပြောတာနဲ့ ငါပါ ယောင်ကုန်ပြီ။ ဘယ်သွားမလို့လဲ ..."





ငါ့သမီးက မအေထက် သမီး တစ်လကြီးနေပါလား။ ဘုန်းကြီးကျောင်း သွားတာတောင် မအေကို ခေါ်ဖော်မရ ဘူး"

"ဘုန်းကြီးကျောင်းမဟုတ်ပါဘူး မေမေရာ။ ဖေ့ါဖ် ချန်ပီယံ ရဲ့အိမ်ကိုပါ"

"ဟင် ... သမီးက ဖေ့ါဖက်ချန်ပီယံရဲ့အိမ်ကို ဘာသွားလုပ် မလို့လဲ။ ဖေ့ါဖ်သွားရိုက်မလို့လား"

"ဖေ့ါဖ်တော့ မရိုက်ပါဘူး။ ဖဲပဲ ရိုက်မှာ"

"ဟဲ့ ... တစ်အိမ်လိုနေမယ်။ ငါလည်း လိုက်မယ်"

"ကျွတ် ... တော်ပါပြီ မေမေရယ်။ မေမေ့ကို နောက်နေ ရတာ သမီးပဲပြန်ပြီး ကိုးသွင်းခံနေရတယ် ..."

ဒီလို မေမေရေ ... သမီး ဟိုဘက်ခြံက ကောင်လေး နဲ့ အလောင်းအစား လုပ်ထားတယ်။ သူက သင်္ကြန်မှာ



www.burmeseclassic.com

www.burmeseclassic.com



အပိုပျော်ဖို့ စဉ်းစားထားပြီးတော့မှ လက်ကျိုးသွားရတော့ မပျော်နိုင်တော့ဘူးပေါ့ ...

အဲဒါ သမီးက သူ့ ခွင့်လွှတ်နိုင်အောင် ဂိမ်းလေး တစ်ခု ဆော့ပေးမလို့ပါ။ သကြိန်ဂိမ်းတဲ့ မေမေရဲ့"

"ဟင်း ... ညည်းတို့ဟာတွေလည်းအေ။ ဘာတွေမှန်း မသိ ရှုပ်နေတာပဲ။ သကြိန်မှာ ရေမစိုအောင် ဘယ်လို သွားမှာမို့လဲ"

"ဪ ... ဆုနွေတာပါ မေမေရယ်။ အိုက်ဒီယာထုတ်ရ မှာပေါ့၊ အခုတောင် ဒီဝတ်စုံ ဝတ်ထားတာပဲ ကြည့်လေ"

"အေးပါ ... ကြည့်သေးတာပေါ့"

"ဟုတ် ... ကဲ့။ ဒါဆို သမီး သွားတော့မယ် မေမေ"

နွေတာက နှုတ်ဆက်ပြီးနောက် အိမ်မှထွက်လာခဲ့ သည်။ ပြောရလျှင်တော့ ဂေါ်ဖီချန်ပီယံကြီးရဲ့ အိမ်နှင့် နွေတာတို့





အိမ်မှာ သိပ်မဝေးလှ။ လမ်းလျှောက်သွားလို့ရသော အနေအထား ဖြစ်သည်။

ဒါကြောင့်လည်း ဟိုသကောင့်သားလေးက ဒီပုဂ္ဂိုလ် နှင့် ဒီနေရာကို တမင်ရွေးချယ်ထားခြင်း ဖြစ်နိုင်သည်။ နွေတာ သည် အိမ်မှထွက်လာတည်းက လမ်းဘေးဝဲယာကို ကျီးကြည့် ကြောင်ကြည့်ဖြင့် စနည်းနာလာခဲ့သည်။

ဘယ်အချိန်များ ရေခွက်နဲ့ ပြေးလာမလဲဟု ရင် တထိတ်ထိတ်နှင့် ရှိနေသည်။

ထိုစဉ်မှာပဲ ခြံတစ်ခြံရှေ့မှာ ရေဖလားတွေချကာ ရေပက်နေသော ကလေးတစ်အုပ်နှင့် ကြုံသည်။ စောစောစီးစီး ပက်ရမည့်သူ ပေါ်လာသောကြောင့် ကလေးတစ်အုပ်မှာ ဟေးခနဲ ပျော်သွားပြီး ရေပြွတ်တွေ ရေဖလားတွေကိုင်ကာ နွေတာ့ဆီသို့ ပြေးလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ကလေးတို့ အစ်မက ယောဂီ … အဲလေ … ဥပုသ်သည်လေ။ ဥပုသ်သည်ကို ရေမပက်ရဘူးနော် …

ငရဲကြီးတတ်တယ် သိလား။ ဟိုလေ … သိကြားမင်းကြီးက ကလေးတို့နာမည်ကို ရွှေသားရေနဲ့ မှတ်သွားလိမ့်မယ်"

"ဟား ဟား … ရွှေသားရေဆိုတာ ခေတ်မရှိတော့ပါဘူး အစ်မရ။ သိကြားမင်းက i Pad II ကိုင်တာရှ"

"ဟုတ်တယ် … ဟုတ်တယ်၊ i Pad II လေးတော့ ကိုင်တယ်လုပ်ပါ"

ကလေးတွေက တစ်ယောက်တစ်ပေါက် ဝိုင်းဆော်ကြလျှင် နွေတာ စိတ်ညစ်သွားရသည်။ ဒီကလေးတွေ ကြည့်ရတာ ဘိုကျောင်းတက်သော ကလေးတွေဆိုတော့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေနဲ့လည်း သိပ်ယဉ်ပါးကြပုံ မဟုတ်။ ကိုယ့်





ကိုယ်ကိုယ့် Confidence အပြည့်နှင့် ပြောရဲ ဆိုရဲ လုပ်ရဲ ကိုင်ရဲမည့် ကလေးတွေ ဖြစ်ပုံရသဖြင့် နွေတာ နည်းနည်းစိတ်ညစ်သွားရသည်။

ဒီကလေးတစ်အုပ်လက်က လွတ်အောင်ဘယ်ကိုပြေးရမလဲ။ သင်းတို့လက်က လွတ်ရင်တော့ ဟိုးအက်တစ်ကွေ့ဆိုရင် ဝေါ်စံရုန်ပီယံကြီးဆီသို့ ရောက်ပြီဖြစ်သည်။

"အေး … ipad II ကိုင်လည်း အဲဒါနဲ့ မှတ်မှာပဲ။ ကလေးတို့ရဲ့မိဘတွေက သင်မပေးမထားကြဘူးလား။ ယောဂီဝတ်စုံနဲ့ ဥပုသ်သည်တွေ့ရင် ရေမပက်ရဘူး၊ နောက် … တာဝန်ထမ်းဆောင်နေတဲ့ ယူနီဖောင်းနဲ့ လူတွေဆိုရင် ရေမပက်ရဘူး …

ပြီးတော့ ကိုယ်ဝန်သည်တွေ ဘာတွေဆိုရင်လဲ ရေမပက်ရဘူး ဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"သင်တော့ သင်ပေးထားပါတယ်ရှ … ဒါပေမဲ့ လူလိမ်တွေကို ရေမပက်ရဘူးလို့တော့ မပါ,ပါဘူး"

"ဟမ် … လူလိမ်။ ဘယ်သူက လူလိမ်လဲ"

"ဟား ဟား … ဘယ်သူက လူလိမ်ရမလဲ။ အစ်မက လူလိမ်ပေါ့"

"ဘာ … ငါက ဘာလိမ်လို့လဲ"

"လိမ်တာပေါ့။ အစ်မသာ ယောဂီအစစ် ဥပုသ်သည်အစစ်ဆိုရင် ဒီလိုမြေလျှင်လျှောက်စရာ ဘာအကြောင်းရှိလဲ။ ဒီနားမှာ ဘယ်ကဘုန်းကြီးကျောင်းမှလဲ မရှိဘူး … ဒီတော့ … ဥပုသ်သည်ယောင်ဆောင်ပြီး အိမ်က နိုးထွက်လာတဲ့ လူလိမ်ပဲ ဖြစ်ရမယ်"

"ဘာရယ် … အမယ်လေး။ နင်တို့ကများ ငါ့ကို ကလေးက ကလေးစကား မပြောဘူး"





"ကလေးက အမှန်တွေပြောတော့ ကြောက်နေပြီ မဟုတ်လားကွ။ ဟဲ … ဟဲ။ ကဲ … ရေပက်ကြရအောင် ဆော်ဒါတို့ရေ"

တစ်ယောက်က ဆော်ဩလိုက်လျှင် ကျန်တဲ့သူတွေကလည်း ပြွတ်တွေ၊ ခွက်တွေကိုင်ကာ ရှေ့သို့ တိုးလာသည်။ ဗိုင်းအုံလာပုံမှာ အသားတစ်စကို ခွေးသားကစ်အုပ်က ဗိုင်းဆွဲတော့မည့်ပုံမျိုးဖြစ်သည်။

နွေတာသည် မလောက်လေး မလောက်စား ကလေးတွေက ပြောမရ ဆိုမရ ဖြစ်နေတာ၊ လူတတ်ကြီးလုပ်နေတာတွေကို မြင်ပြင်းကတ်၍ ဒေါသတွေ ထွက်လာသည်။

"ဟိတ် … ကလေးတွေ။ မပက်ရဘူးလို့ ပြောနေတာကို နင်တို့ နားမလည်ကြဘူးလား ဟမ် ?။ ဘယ်လိုကလေးတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အနော်တို့က ဘိုကျောင်းကဆိုတော့ ဘိုလိုပြောမှ နားလည်မှာ"

"အေး ... ဒါဆိုလည်း ပြောရတာပေါ့။ Hey Guy ! Don't play water me Please ... Please "

"ဟား ဟား ... ဘာတွေလာပြောနေတာလဲ။ ဘိုသံလည်း မပေါက်ဘူး။ နားမလည်ဘူး ပက်မှာပဲ။ ကဲ ... တော်ခါ တို့ရေ ဝမ်း တူ သရီး ရယ်ဒီ ... ပက်"

ခေါင်းဆောင်ဆိုးပေရဲ့' စကားသံအဆုံးမှာတော့ ကလေးတစ်သိုက်က ရေပြွတ်ဖြင့် ဝိုင်းထိုးကြတော့သည်။ ချွက်ကိုင်ထားသော ကလေးတွေကလည်း ချွက်စောင်းခုတ်လိုက်ကြလေသည်။ ရေပြွတ်က ရေစူးစူးရဲ့ဒဏ်၊ ချွက်စောင်းခုတ်သော ဒဏ်တွေကြားမှာ နွှတာ တစ်ယောက် အလူးအလိမ့်နှင့် ရှိနေသည်။





"ဟဲ့ ... တော်ကြတော့လေ။ တောက် ... ကလေးတွေ နှင့်တို့ တော်တော်ဆိုးတာပဲ။ ဟင် ... တာကယ်ကို မိမဆုံးမ ဖမဆုံးမလေးတွေပဲ"

"အံမယ် ... အံမယ်၊ ဒါက ဘာစကားပြောတာလဲ၊ တို့ ကလေးတွေကို ဆုံးမထားတဲ့အထဲမှာ လူလိမ် လူညာ ဟန်ဆောင်ထားတဲ့ လူတွေကို မနှောင့်ယှက်ရဘူးလို့ မပါဘူးကွ ...

မှတ်ထားဦး"

ဘယ်က ဘယ်လို ရောက်လာသော အမျိုးသမီးတစ်ယောက်က နွှတာကို ခါးထောက်ကာ ရန်တွေ့သည်။ ကလေးတစ်ယောက်ယောက်၏ မိခင်ဖြစ်ပုံရသော ထိုမိန်းမမှာ ဆံပင်ကောက်ထားပြီး ဂါဝန်အတိုဝတ်ထားကာ ဘိုကျောင်းတက်ကလေးတို့၏မိခင်ပီသစွာ ခပ်ဟောဟောပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကလည်း ပြောမရ ဆိုမရ အကြောက်အလန့်မရှိ အမြင်ကတ်စရာကောင်းအောင် လူကို မဟားဒရားရေဝိုင်းပက်ကြသည်။

ပြောတော့လည်း မိခင်ဖြစ်သူက ကိုယ့်ကလေးကိုတော့ ဆုံးမည်မရှိဘဲ လူကိုလာပြီး ရန်တွေ့သည်။ နွေတာသည် ဒေါသတွေ တလိမ့်လိမ့် ထွက်လွှန်းသောကြောင့် ဘာစကားမှတောင် မပြောနိုင်သေးဘဲ ထိုမိန်းမကို မျက်လုံးအပြူးသားနှင့် ကြည့်နေမိသည်။

ပြီးတော့မှ ဒေါသနှင့် အလုံးလုံး အထွေးထွေးပင် ပြန်ပြောမိသည်။

"ဘာ ... ဘာရယ်။ ကျွန်မကို လူလိမ် လူညာလို့ အခု ရှင်တို့ပြောနေတာလား။ ဟား ... ရှင်တို့ လူကြီးရော ကလေးရော တော်တော်လွန်တာပဲ ...





ဟင် ... အခုမှ တွေ့တဲ့လူတစ်ယောက်ကို လူလိမ်လေး ဟန်ဆောင်သလေးနဲ့ ရှင်တို့က စွပ်စွဲနေတယ်"

"တို့က ဘာလိုင်းကြီး မစွပ်စွဲပါဘူး။ ကလေးတွေကလည်း မင်းက တကယ့်ဥပုသ်သည်အစစ် မဟုတ်ဘူးဆိုတာ သိလို့ ပက်ကြတာ"

ထိုမိန်းမက လက်နှစ်ဖက်ကိုပိုက်ကာ ဟန်ပါပါဖြင့် ပြောသည်။

နွေတာက မျက်မှောင်ကြုတ်ပြီး နှုတ်ခမ်းကိုက်ကာ ထိုမိန်းမကို စိုက်ကြည့်နေမိသည်။

ဒီမိန်းမဟာ ဘယ်သူလဲ ? ?။

နွေတာရဲ့အတွေးထဲက မေးခွန်းကို ထိုမိန်းမက ရိပ်မိသည်ထင့်။ ရွတည်တည်ပဲကြည့်ကာ ဖြေသည်။

"တို့က လင်းထွင့်ရဲ့အစ်မဝမ်းကွဲပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

နွေတာက ဘာမှဆက်မပြောတော့ဘဲ အံကိုတင်းတင်းကြိတ်ကာ ချာခနဲလှည့်ထွက်လာခဲ့သည်။ ဒါတောင် ကလေးဆိုးတွေက နောက်ကနေ၍ ကျောနဲ့တင်ပါးကို ရေပြွတ်နဲ့ လိုက်ထိုးကြသေးသည်။

စိတ်တွေတိုပြီး ပြန်လာသော နွေတာ့ကို ခြံရှေ့အရောက်မှာ တစ်စုံတစ်ယောက်က အပြုံးနှင့် စောင့်ကြိုနေသည်။

"ကျွတ် ... ကျွတ် ... ခုခေတ်ကလေးတွေများ တယ်ဆိုးတာကိုး။ ဥပုသ်သည်ကို ရေမပက်ရဘူးဆိုတာ သူတို့မိဘတွေက မသင်ပေးထားကြဘူးနဲ့တူတယ်"

"နင့်အကြဲ ဒါ အကုန်ပဲပေါ့လေ ... ဟုတ်လား"

သူက အမြင်ကတ်စဖွယ်ကောင်းအောင် ပခုံးကိုတွန့်ပြသည်။





ပြီးတော့ မချိုမချဉ် ပြုံးစိစိရုပ်ဖြင့် ...

"ဘယ်ကလာ အကုန်ရမှာလဲ။ ဒါက အစပဲရှိသေးတဲ့ဟာကို ...

ဒါ အစပထမပါ ဒေါ်ဆုနွေတာ ခင်ဗျား ဟင်း ဟင်း ဟင်း ...

ထင်သလောက် လွယ်မှာမဟုတ်ပါ"

အမယ်လေး ... အမယ်လေး ...။

ကျေနပ်နေလိုက်တာ ကျေနပ်နေလိုက်တာ ရုပ်ကြီးက။

ကလေးတစ်သိုက်ကို မြှောက်ပေးပြီး ရေပက်ခိုင်းရတာကိုပဲ ကျေနပ်နေတဲ့ ရုပ်ကြီးကို ကြည့်ပြီး စိတ်ဆိုးရမည့်အစား နွေတာက ရယ်ပဲရယ်ချင်လာသည်။

အင်း ... သူ့ခမျာ သနားစရာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က မကျေနပ်တဲ့ခေတ်ခံတွေကို တစ်ဖက်မှာ ဖွင့်ထုတ်ပေးပြီး ပါးစပ်ကြီးအဖြံသားက ပွင့်နေသေးသည်။

သူ့လက် ကျိုးနေတာကိုတောင် သူက မေ့နေတဲ့ပုံ။

နွေတာသည် သူ့ကို စိုက်ကြည့်ရင်းမှ စိတ်မဆိုးရက်ပဲ သနားလာလေသည်။

နွေတာ စိုက်ကြည့်နေတာကို သူက အနေရခက်လာပုံဖြင့် ခပ်ဆတ်ဆတ် ပြန်မေးသည်။

"မင်းက ဘာကြည့်နေတာလဲ"

"ကြည့်ချင်လို့ ကြည့်နေတာပေါ့။ မကြည့်ချင်ရင် ကြည့်တောင် ကြည့်နေမှာ မဟုတ်ဘူး"

"ကျွတ် ... အဲဒါတော့ ခင်း ပြောမှလား။ ထားပါ ... ဒီနေ့ သင်္ကြန်အကြိုနေ့နော် ...





ပွဲဦးထွက်နေ့မှာပဲ မင်း ရှုံးနေပြီ ... မင်း သိထားဖို့က ရေမစိုဘဲ ငါ့ဦးလေးအိမ် ရောက်ဖို့ဆိုတာ သိပ်တော့မလွယ်ဘူး ဆိုတာပဲ ...

မင်း ဘာပဲလုပ်သွား လုပ်သွား ဟန်ဆောင်မှုတစ်ခုဆိုတာကို သိနေတဲ့ ငါ့လူတွေကတော့ မင်းကို ရေမစိုစိုအောင် ပက်မှာပဲလေ"

"I don't care ! "

"အဟက် ... အေးပါ။ စောင့်ကြည့်သေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com







## ၈

"ဒီမှာ တင်းတယ် xxx တင်းတယ်ဟေ့ xxx လူမသိ သူမသိ ငါ့မှာတစ်ယောက်တည်း xxx ရှက်စရာ"

နွေတာသည် သီချင်းဖွင့်ထားရင်းမှ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ကာ ခေါင်းတဆတ်ဆတ်ညိတ်နေမိသည်။ အင်း … ကိုယ်တိုင်လည်း သီချင်းထဲကလိုများ ဖြစ်နေပြီလားတော့ မပြောတတ်တော့ပါ။ ဟိုတစ်ယောက်က ဝင်ပေါက်ထွက်ပေါက်တွေကို ပိတ်ဆို့ထားပြီး တိုက်စစ်ဆင်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရှောင်ထွက်ရမလဲဆိုတာ အသည်းအသန် စဉ်းစားနေရသည်။

သူက သူနဲ့ပတ်သက်ရာ ပတ်သက်ကြောင်းတွေကို နွေတာ့ကို ရေပက်ဖို့ ပြောပြထားဟန်တူသည်။ ဟိုလူတွေကလည်း လူကိုပါ အတိအကျ သိနေကြလားတောင် မပြောတတ်တော့ပါ။ နွေတာသည် ဘာလုပ်ရမှန်းမသိဘဲ အကြံအိုက်နေတုန်းမှာပဲ ဖုန်းမြည်သံတစ်ခုကို ကြားလိုက်ရသည်။ ကြည့်စမ်း ... အခက်ခဲရှိတိုင်း ပစ်မထားဘဲ သတိရတတ်တဲ့ မစ်ကီ ဆက်တာပါလား။

"မစ်ကီ ... ခုမှ ဆက်ရသလားအေ့"

"ဩော် ... ကျုပ်အစ်မက တစ်မနက်လုံး ချောဆွဲထားတာကိုး။ ကဲ ... ပြောစမ်းပါဦး အခြေအနေ။ နင် ဒီနေ့ ဂိမ်းစဆော့တယ် မဟုတ်လား"

"အင်း ... ဆော့တယ်"





"အခြေအနေ ! "

"အင်း ... အခြေအနေကတော့ ..."

"အသံကြားရတာတော့ အားသိပ်မရှိပါလား။ အခြေအနေ မကောင်းဘူးနဲ့တူတယ်"

"အေးဟာ။ သင်းက တစ်လမ်းလုံးက ရှိသမျှလူကို လိုက်ပြောထားလားတောင် မသိပါဘူး ...

ဒီနေ့လည်း ယောဂီဝတ်စုံနဲ့ သွားတာကို သူ့အမျိုးတစ်အုပ်က ဝိုင်းပက်လွှတ်လိုက်ကြတယ်လေ"

"ဟင်း ... ဒါနဲ့လည်း သင်္ကြန်ရေနဲ့ ပျော်မြူးကြတယ် တဲ့ချမ်း ချမ်းတဲ့ချမ်း ဖြစ်သွားရောပေါ့"

"တော်စမ်းပါဟယ်။ ဒီမှာ အကြံအိုက်နေရတဲ့ကြားထဲ။ သူ့ကို တခြားလူတွေကိုပါ ပြောပြထားလိမ့်မယ်လို့ မထင်ထားဘူးဟ ..."



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ငါတွေးထားတာထက် နည်းနည်းပိုခက်နေတာပေါ့”

“အင်း … မနက်ဖြန် အကျနေ့နော်။ နင် ဘယ်လိုအိုက်ဒီယာနဲ့ သွားမှာလဲ”

“အဲဒါကို ခုထိ စဉ်းစားလို့ မရသေးတာပဲ။ ငါတွေးတာက ရေပက်လို့ မရတဲ့သူတွေ ဘယ်သူတွေ ဖြစ်မလဲလို့ စဉ်းစားတာဟ …

ဒီနေ့လိုပေါ့ဟာ ယောဂီဝတ်စုံနဲ့ဆိုရင် မပက်ကြဘူးလားလို့ပေါ့ …

ဒါပေမဲ့ အဲဒီကလေးတွေက ငါ့ကိုသိနေပြီး ဝိုင်းပက်ကြတာဟ …

လင်းထွန့်က မှန်ပြောင်းနဲ့ ချောင်းကြည့်ပြီး ပြောလိုက်သလားတောင် မှတ်ရတယ်”





“အေးလေ … နေပါဦး။ နင် ပြောသလို စဉ်းစားကြည့်ရင် ရေပက်လို့ မရတဲ့သူတွေဆိုတော့ ဘာတွေရှိမလဲ။ ဟဲ့ … ငါ သတိရပြီ”

“ဘာလဲဟဲ့ … အလန့်တကြားနဲ့”

“လာ … အနားနားတိုး၊ ရပ်ရှင်တွေထဲကလို တိုးတိုးလေးကပ်ပြောမယ်”

“သေလိုက်။ ကပ်ပြောရအောင် နင်နဲ့ ငါက အတူတူရှိနေတာမို့လို့လားဟဲ့”

“အေး … ဟုတ်သားပဲ ဒီလိုဟာ။ ငါ စဉ်းစားမိတာက နင့်ကို လင်းထွန့်ဆိုတဲ့ကောင်လေး မမှတ်မိအောင် ရုပ်ဖျက်ရမယ် …

နင့်ကို မှန်ပြောင်းနဲ့ ကြည့်,မကြည့်ဆိုတာ မပြောတတ်တော့ အိမ်ကနေတောင် နိုးထွက်ရမယ်ဟဲ့။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောတဲ့အထဲမှာ ကားနဲ့မသွားရဘူးပဲ ပါတာမဟုတ်လား။ ဆိုက်ကားနဲ့ မသွားရဘူးလို့မှ မပါတာ။ အဲဒီတော့”

မစ်ကီ ဆက်ပြောပြနေသော စကားတွေကို နားထောင်ရင်း နွေတာရဲ့နှုတ်ခမ်းတွေက တဖြည်းဖြည်း ပြုံးယောင်သန်းလာခဲ့သည်။ မစ်ကီရဲ့ စိတ်ကူးကလည်း ဆိုးတော့မဆိုးလှ။ နွေတာရဲ့သူငယ်ချင်းဆိုတော့လည်း ဒီလောက်ခေါင်းပြေးမှပဲ ပေါင်းလို့သင်းလို့ ရနိုင်မည် မဟုတ်ပါလားလေ။

အိုခေ ... ဘာပဲဖြစ်ဖြစ် မနက်ဖြန်အတွက် အစီအစဉ်တစ်ခုကတော့ ရခဲ့ပြီ။







# “သင်္ကြန်အကျနေ့”

www.burmeseclassic.com

www.burmeseclassic.com







နွေတာသည် ကိုယ့်ပုံကိုယ် ပြန်ကြည့်ကာ ရယ်ချင်နေသည်။ မစ်ကီကလည်း နွေတာရဲ့ ကိုယ်ဝန်ဆောင်ဖက်ရှင်ကို ဖုန်းနဲ့တောင် ဓာတ်ပုံရိုက်ထားသေးကာ Facebook တင်မယ် တကဲကဲ လုပ်နေ၍ ဆဲထားရသေးသည်။ မစ်ကီမှာ ဘယ်ကနေ၍ ဘယ်လိုစီစဉ်လာမှန်း မသိသော ဆိုက်ကားတစ်စီးလည်း ပါလာသေးသည်။ နွေတာနှင့် မစ်ကီမှာ နောက်ဖေးပေါက်ကနေ၍ လှည့်ထွက်ကာ ဆိုက်ကားပေါ် တက်ရသည်။

တတ်နိုင်သမျှ ကိုယ့်ရုပ်ကို လူမမြင်စေရန်အတွက် ပဝါကို ခေါင်းမှာခြုံထားကာ ဂေါ့ဖ်ချန်ပီယံအိမ်သို့ ထွက်လာခဲ့ကြလေသည်။

---

[illegible]

www.burmeseclassic.com

www.burmeseclassic.com



နံနက်စောစောက ဖြစ်တာကတစ်ကြောင်း၊ ရေပက်ကြဖို့ ခုမှ ပြင်တုန်း ဆင်တုန်းမို့ ဆိုက်ကားနှင့် ရွှေတာတို့ကို ရေပက်မည့်သူ မရှိသေးချေ။

ရှေ့မှာထိုင်နေသော မစ်ကီက ဂုဏ်ယူဝံ့ကြွားစွာဖြင့် ပြောသေးသည်။

"တွေ့တယ်မလား။ ငါ့ အိုက်ဒီယာ ဘယ်လောက်လန်းဆန်းလဲ။ နင့်ကို ဟိုတစ်ယောက် လုံးဝမရိပ်မိလိုက်ဘူး"

"အမယ်လေး ... အပြောမစောပါနဲ့။ ရှေ့မှာ မနေ့က ငါ့ကို ဝိုင်းဆွဲတဲ့ချေးတစ်အုပ် အဲလေ ... ကလေးတစ်အုပ် စောင့်နေတယ်။ ပက်ကြမလား မသိဘူး"

"အေး ... ကြည့်တော့ ကြည့်နေကြတယ်ဟ။ အင်း... အနားကပ်လာရင် ငါမြေရှင်းပါ့မယ်။ နင်ကလည်း အရမ်းသံသယရှိအောင် ပဝါကြီးကို စွတ်အုပ်မထားနဲ့"





"အေးပါဟ"

မစ်ကီနှင့် ရွှေတာတို့ စီးလာသောဆိုက်ကားမှာ ကလေးအုပ်များကနေ အသာကျော်ဖြတ်လာကြသည်။ ဒါတောင် ရေခွက်နဲ့ချိန်နေသော ကလေးတစ်ယောက်ကို မစ်ကီက ဟောက်လိုက်ရသေးသည်။

"ဟဲ့ ... ရေမပက်ရဘူးနော် မောင်လေး။ နောက်မှာ ဗိုက်ကြီးသည် ပါတယ် သိလား"

ကလေးက မယုံသင်္ကာဟန်ဖြင့်ကြည့်လျှင် ရွှေတာမှာ ဗိုက်ကို မသိမသာနှိပ်ပြီး ညည်းပြရသေးသည်။ ဆိုက်ကားကလည်း နင်းနေသောကြောင့် ကလေးတွေမှာ အကြောင်းကြောင်းနှင့် ရပ်ငေးပြီး ကျန်ရစ်ခဲ့ရသည်။

လမ်းတစ်ဖက်သို့ ချိုးကွေ့လိုက်လျှင် ရွှေတာက ဝမ်းသာအားရဖြင့် လက်သီးကိုတောင်ဆုပ်ပြီး ယာ့စ်ဟု အော်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟိုရှေ့နားဆို ဂေါ်ဖ်ချန်ပီယံရဲ့အိမ်ကို ရောက်ပြီဗျို့။ ဟင်း ... ဘာတတ်နိုင်သေးလဲ လင်းထွင်"

"ဟေး ... အဲဒါ ဘယ်သူ တော်လို့လဲ ... ပြောစမ်း"

"ဟုတ်ပါတယ်၊ နင် တော်လို့ပါ"

"အေး ... တော်မှန်းသိရင် ပြုစုဖို့လည်း မမေ့နဲ့ဦး။ သိလား။ ငါ့မှာ နင့်အတွက်နဲ့ သကြြန်ပျော်ဖို့တောင် မေ့လားရတာ"

"အေးပါဟယ်။ အခု အောင်မြင်သွားပြီဆိုရင် နင် ခဏနေတောင် ရေသွားဆော့လို့ ရသေးတာပဲ။ ခုမှ အစောကြီး ရှိသေးတဲ့ဟာ ...

ငါပါ အတူတူ လိုက်ခဲ့မယ်လေ"

"ဟင် ... လိုက်ဦးမှပဲ။ ဒီ မဟုတ်တရုတ် ဂိမ်းကို ဆော့ကတည်းက နင့်ကို အမြင်ကတ်ချင်နေတာ။ ဦးလေး ... မြန်မြန်လေး နင်းပေးနော်၊ ရှေ့နားဆို ရောက်တော့မယ်"





မစ်ကီက ဆိုက်ကားသမားကြီးကို လောဆော်လိုက်တုန်းမှာပင် သံစုံမြည်သော ဂျစ်ကားတစ်စီးက ဝေါခနဲ ရှူးခနဲ မောင်းလာကာ ဆိုက်ကားရှေ့မှာ ကျွီခနဲမြည်အောင် ထိုးရပ်ပစ်လိုက်လေသည်။ ရုတ်တရက် ဒေါသထွက်သွားသောစိတ်ကြောင့် ဆိုက်ကားပေါ်မှ ရုတ်တရက် ခုန်ဆင်းတော့မလို လုပ်ပြီးမှ သတိပြန်ဝင်လာသဖြင့် ကိုယ့်ကိုယ်ကိုယ် ထိန်းရသည်။

မစ်ကီရဲ့နောက်ကျောကို သတိပေးသလိုဖြင့် လက်နှင့်တို့လိုက်လျှင် မစ်ကီကလည်း မသိမသာ ခေါင်းညိတ်ပြသည်။ ဂျစ်ကားပေါ်မှ လူငယ်သုံးလေးယောက်က ဆင်းလာပြီးလျှင် ဟန်ပါပါနှင့် လက်တစ်ဖက်ကာပြပြီးနောက် ...

"ဆိုက်ကား ခဏရပ်ပေးပါ"

ဆိုက်ကားသမားကြီးက မစ်ကီ့ကို ကြောင်တောင်တောင်ဖြင့် လှည့်ကြည့်သလို မစ်ကီကလည်း ဘာပြန်ပြောရမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။ အာရုံခံစားမှုသိစိတ်အရ ဒါဟာ ဟိုကောင်လေး လင်းထွဋ်ရဲ့ အပေါင်းအသင်းတွေ နှောင့်ယှက်ဖို့လာတာလားဟု သံသယရှိသွားသည်။

"ဘာ ... ဘာဖြစ်လို့ ရပ်ပေးရမှာလဲ"

မင်းကြီးက အသံတုန်တုန်ဖြင့် မေးလိုက်သလို ဆိုက်ကားသမားကြီးကလည်း မားဆောင်ဆောက်စရာမလိုတဲ့ ဆိုက်ကားကို ရပ်ပေးလိုက်လျှင် နွေတာမှာ ဆိုက်ကားပေါ်မှ ဆင်းပြေးချင်စိတ်တောင် ပေါက်သွားရသည်။

"ဒီဆိုက်ကားပေါ်မှာ မသင်္ကာစရာ ဒိုက်ကြီးသည်တစ်ယောက်ပါတယ်လို့ သတင်းရလို့ စစ်ဆေးချင်လို့"

"ဟ ... ဘာပြောတယ်၊ ဘာမသင်္ကာစရာ ဒိုက်ကြီးသည်လဲ ... အစီပွားယ်မရှိတာ"

"ဒါဆိုရင် ပြလေ"





"ဟမ် ... ဘာကိုပြရမှာလဲ"

"ဒိုက်ကို"

"ဘာပြောတယ်ဟဲ့"

"အဲလေ ... ယောင်လို့၊ ဒိုက်ကြီးသည်ရဲ့မျက်နှာကိုပြောတာ"

"အောင်မာ ... ဘာဆိုင်လို့ပြရမှာလဲ၊ နင်တို့က ဘာတွေမို့လို့လဲ"

"ဘာတွေမှတော့ မဟုတ်ဘူး။ လင်းထွဋ် သူငယ်ချင်းတွေ"

"လင်းထွဋ်ဆိုရတာ ဘယ်သူလဲ မသိဘူး၊ ဘာတွေလာပြောနေတာလဲ..."

ဦးလေး ဆက်မောင်းလေ အဲ ... ဆက်နင်းလေ၊ ဘာလို့ရပ်နေတာလဲ၊ နင်းတော့ အလကားဟာတွေ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး … ဟိုး … ဟိုး … ဒီလို အရှုးကျွက်နင်းပြီးတော့ ရှောင်ထွက်မသွားနဲ့လေ၊ နောက်က မဒိုက်ရဲ့မျက်နှာကို တစ်ချက်လောက်တော့ ပြဦးမှပေါ့"

"ဘာကိစ္စပြရမှာလဲ၊ နင်တို့က ဘာတွေမို့လို့လဲ၊ လာပြီး နှောင့်ယှက်မနေနဲ့နော် …

ဖုန်းဆက်လိုက်ရမလား … ဟင်း"

"ငါ့သမီးက စာမှမကျက်တာ၊ ဘာလို့ ဖုန်းဆက်ရမှာလဲ၊ ကဲ ကဲ … နောက်က မဒိုက်ရဲ့ရွှေမျက်နှာလေးကို စကာ ပြပါ"

"ဘာဆိုင်လို့ပြရမှာလဲ၊ သေလိုက်ပါလား၊ လူပါးဝလိုက်တာ … ဟင်း၊ ဦးလေးကလည်း နင်းတော့လေ၊ ဘာလုပ်နေတာလဲ"

"ဟေ … အေး … အေး"





ဆိုက်ကားသမားကြီးက ကယောင်ကတမ်းဖြင့် နင်းဖို့ ပြင်သည်။

သို့သော် ကောင်လေးနှစ်ယောက်က အတင့်ရဲစွာပင် ဆိုက်ကားရှေ့မှ ကာထားကာ ကိုးရိုးကားယားလုပ်နေကြသည်။

မစ်ကီက တောက်တခေါက်ခေါက်နှင့် ခေါသထွက်နေသလို နောက်မှနေ၍ ပဝါအုပ်ထားသော နွေတာသည်လည်း နှုတ်ခမ်းကို ကိုက်ထားရသည်။

ကျွတ် … ရောက်ခါနီးကျမှ ဘယ်လိုလုပ်ပြီး သတင်းအနံ့ရကာ ရောက်လာကြတာပါလိမ့်။

"ဦးလေး မနင်းသေးနဲ့ဦးနော်၊ စစ်စရာ ရှိသေးပါတယ်လို့ ပြောနေတာ ကောင်းကောင်းပြောနေတုန်း နားထောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... မင်းတို့က ဘယ်လိုကောင်လေးတွေလဲ၊ ဒါကတော့ သိပ်လွန်သွားပြီ၊ မင်းတို့က ဘာမို့လို့ ငါ့ကို ဒီလိုလာပြော နေရတာလဲကွ ... ဟမ် ဟောကောင်တွေ"

လူဖြောင့်စိတ်တို ဆိုက်ကားသမားကြီးမှာ ပခုံးပေါ်က တဘက်တွေ ဘာတွေကို ပစ်ချပြီး ဆိုက်ကားပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းလိုက်လျှင် မစ်ကီမှ မျက်လုံးအဝိုင်းသား ဖြစ်သွားရသည်။ ကုလားမလို ခေါင်းမြီးခြုံထားသော နွေတာကတော့ သိလား မသိလား မပြောတတ်။

မစ်ကီကတော့ ဘာလုပ်ရမှန်း မသိဘဲ စိတ်ညစ် လာသည်။ အပျက်အပျက်နှင့် နှာခေါင်းသွေးတွေ ထွက်တော့ မည်လော။

"ဦးလေးက ရုပ်ဆိုးသလောက် စိတ်ဆိုးတတ်တာပဲ ... ဟဲ ဟဲ"





"ဘာ ... ဟောကောင် ... မင်း ... ဘာစကားပြောတာ လဲ"

"ခွီ ခွီ ... မှန်တာပြောလို့ ချိတ်ချိုးသွားလား၊ မချိုးပါနဲ့ မောင်ရင်ရယ် ကြက်တက်စူးလို့ သေပါ့မယ် ဘယ်ဘက်က စူးစူး ညာဘက်ကစူးစူး ꩻꩻ ခွပ်လိုက်ကြစို့ သူငယ်ချင်း ဟေး ... အဟေး ... ဟေး"

"တောက် ... ငါမွေးရင် ငါ့မြေးလောက်ပဲရှိမယ့်ဟာတွေက ပြောင်လားနောက်လားနဲ့ ... ကဲကွာ"

စိတ်တိုတတ်သော ဆိုက်ကားသမားကြီးက နီးရာလူ တစ်ယောက်ကို လက်သီးနှင့်ဆွဲထိုးလိုက်လျှင် မစ်ကီက ကြောက် လန့်တကြားဖြင့် ဆင်းဆွဲရသည်။

"ဦးလေး ... မလုပ်ပါနဲ့ ... မလုပ်ပါနဲ့ ... စိတ်လျှော့ပါ၊ ပြဿနာတက်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"တက် တက်ပေ့ … ဒီကောင်တွေကို မှတ်လောက်သား လောက်အောင် ဆုံးမရမယ်၊ တောက် … လူကြီးကို လူကြီး မှန်းမသိတဲ့ဟာတွေ"

"ဦးလေး … တော်ပါတော့၊ ကျွတ် … စိတ်ညစ်တာပဲနော်"

"ဟေ့ကောင် … ခွေးသား၊ မင်းကများ ငါ့ကို လျှာထုတ် ပြရတယ်လို့ သေပေတော့"

ဦးလေးကြီးက ဆံပင်ကောက်ထားသော ကောင်လေး တစ်ယောက်ကို ဖုန်အုပ်သည်။ ပဝါကြီးခြုံထားရသော်လည်း ကြားနေရသောအသံများကြောင့် အရှေ့ပုံမျောက်ဆုံးချင်လောက် အောင် စိတ်ညစ်လေသည်။ အကိုတင်းတင်းကြိတ်ကာ ဘာလုပ်ရ မှန်းမသိ စဉ်းစားနေတုန်းမှာပဲ တစ်စုံတစ်ယောက်က မွှေတာရဲ့ ခြုံထားသောပဝါကို ဆတ်ခနဲ ဆွဲဖယ်လိုက်တာကို ခံလိုက်ရလေ သည်။





"မင်း ဘယ်ပြေးမလဲ မိခွေသဲ … ဟဲ ဟဲ ဟဲ"

"နင် … နင်တို့"

"ကဲ … မမဒိုက်၊ ကြိုးစားမှုကတော့ ကောင်းပါရဲ့၊ တို့ လက်ကလွတ်အောင် မရှောင်နိုင်တာတော့ အမှတ်ပေးလို့ မရတော့ဘူး …

ရော့ … ဟောဒီမှာ သင်္ကြန်မရေအေးအေးလေး ရှိပြီ နော်"

"ဟဲ့ … ဟဲ … နင် ဒါဘာလုပ်တာလဲ … တောက်"

မွှေတာ့ကိုယ်ပေါ်သို့ လက်ထဲမှ ရေသနပ်ဘူးပြွန် လောင်းချခြင်းခံလိုက်ရလျှင် အော်ဟစ်ရှောင်ရှားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

အေးစိမ့်နေသော ရေစက်ရေများမှာ မွှေတာရဲ့ပခုံး ပေါ်မှတစ်ဆင့် အောက်သို့စီးကျသွားကာ တော်တော်များများ ရွှဲစိုနင့်လို့သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောကောင်တွေ ... မစ်ရှင်ပြီးပြီ နိုးမယ်လေ"

"နိုးနိုး ... နိုးနိုး"

ကောင်လေးသုံးယောက်မှာ စပ်လှမ်းလှမ်းက အဆင်သင့်စက်နှိုးထားသော ဂျစ်ကားပေါ်သို့ ပြေးတက်သွားကြလျှင် ဂျစ်ကားက ဝေါခနဲပဲ မောင်းထွက်သွားလေသည်။ တမေးမေးနှင့် ဆော်ဟစ်လက်ပြသွားတာကိုကြည့်ပြီး မစ်ကီနှင့် ဆိုက်ကားသမားကြီးတို့က ဆွေ့ဆွေ့ခုန်ကာ ကျန်ရစ်ခဲ့သည်။

မစ်ကီက မွေတာ့တက်သို့ ပြန်လှည့်လာပြီးနောက် _

"ဟင် _ နှင် ရေတွေစိုသွားပြီလား"

* * *





## ၉

လင်းထွန်းသည် TV ကိုသာ ကြည့်နေသော်လည်း TV ထဲသို့ အာရုံအပြည့်မရောက်ဘဲ မနက်က မြင်လိုက်ရသော မြင်ကွင်းကို ပြန်မြင်ယောင်ကြည့်ကာ ပါးစပ်ကနေ၍ အသံထွက်အောင် ရယ်မိသည်။ တကယ်ပါပဲ ဘယ်လိုအိုက်ဒီယာ ဘယ်လိုအတွေးအခေါ်တွေနဲ့ ဘာတွေလုပ်နေလဲတော့ မပြောတတ်ချေ။ ဒါပေမဲ့ မွေတာဆိုသော ကလေးမ လုပ်နေတာတွေကတော့ သူ့အတွက် ရယ်စရာတွေပဲ ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း..။ ဒီလိုဆိုတော့လည်း သင်္ကြန်ဟာ မပျင်းရဘဲ ပွဲစျေးသက်ဝင်မှုတော့ရှိသားပဲ။ ဒီကောင်မလေး ဘာတွေလုပ်မလဲ ဆိုတာ စောင့်ကြည့်နေရတာနဲ့တင် သင်္ကြန်က ပျင်းဖို့မကောင်းတော့ဘဲ ပျော်စရာကောင်းလာသည် ဟုတောင် ထင်မိလေသည်။

ခုတော့ လင်းထွန့်တစ်ယောက်တည်းပဲ အိမ်မှာရှိသည်။ အကျနေ့သင်္ကြန်ကို ညနေဘက် မရောက်ထိုင်ဖို့ရာအတွက် သူငယ်ချင်းတွေက အပြင်ထွက်ပြီဖြစ်သောကြောင့် သူလည်း TV ရှေ့မှာထိုင်ရင်း ချန်နယ်ပေါင်းစုံ လှောက်ပြောင်းကြည့်ကာ အပျင်းပြေနေရသည်။ MRTV - 4 ကတော့ သင်္ကြန်မြင်ကွင်းတွေကို ရိုက်ပြနေသည်။

အင်း၊ ... လူတွေ ပျော်နေ အော်ဟစ်စုန်ပေါက်နေတာကို အိမ်ကနေ၍ ငြိမ်ငြိမ်လေး ထိုင်ကြည့်နေရတာဟာလည်း ... အေးတော့ အေးချမ်းသာပါပဲလား။





"တင်းတောင် ... တင်းတောင် ... တင်းတောင် ... တင်းတောင်"

ဘဲလ်သံကြားလျှင် သူ့အတွေးစကာ ပြတ်သွားရသည်။ ခြံထဲဆင်းပြီး တံခါးဖွင့်လိုက်လျှင် သူမကို စုပုပ်ပုပ်ရုပ်နှင့် တွေ့လိုက်ရလေသည်။ အဲဒီစုပုပ်ပုပ်ရုပ်ကို မြင်ရသောအခါ ပိုပြီးရယ်ချင်သွားရသည်။ ခါကြောင့် သူ့မျက်နှာဟာ ခါတိုင်းလို မတင်းမာဘဲ ပျော့ပျောင်းပျောင်းပဲ ရှိပါလိမ့်မည်။

"ဘာလဲ ..."

"ငါ့အမေက ကြာဆံချက် ပို့ခိုင်းလိုက်လို့"

"ဟုတ်လား၊ ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ မင်း အမေရဲ့ လက်ရာက တကယ်ကောင်းတယ်၊ ဟိုတစ်ခါ ကြာဆံကြော်တုန်းကလည်း ငါ့တော်ခါတွေ ခိုင်းအားပေးကြတာ ဝတောင်မဝဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဘာမှမပြောဘဲ နှုတ်ခမ်းကို တစ်ချက်မဲ့သည်။ သူက နောက်ချင်လာသောစိတ်ကြောင့် လက်က ချိုင့်ကို မြန်မြန်ပေးပါဟူသော သဘောမျိုးဖြင့် လက်ဟန်ပြ တောင်းလိုက်လျှင် သူမက ဆောင့်အောင့်ပြီး ထိုးပေးသည်။ ပြီးတော့ ချာခနဲ လှည့်ထွက်ဖို့ပြင်သည်။

"နေဦးလေ ... ချိုင့်မလှယ်ပေးရတော့ဘူးလား"

"လှည့်မနေနဲ့ ပြီးမှယူခိုင်းလိုက်မယ်"

သူမက ချာခနဲ ထွက်သွားဖို့ပြင်သည်။ သူက ထပ်၍ ခေါ်လိုက်ရသည်။

"နေပါဦး အိမ်ထဲဝင်ပါဦးလား၊ ကော်ဖီလေး ဘာလေး သောက်ပြီး စကားပြောရအောင်"

သူမက ရှေ့ဆက်လျှောက်ရန် ပြင်ပြီးတော့မှ ဘာစိတ်ကူးပေါက်သွားမှန်း မသိဘဲ ခြေစုံရပ်ကာ ပြန်လှည့်ကြည့်လာသည်။





အဲဒီနောက် သူတို့ခြံရဲ့ အပြင်ဘက် မြက်ခင်းပေါ်က စားပွဲဝိုင်းလေးတွင် နှစ်ဦးသား ထိုင်မိကြလေသည်။ သူက ဖျော်လာသော ကော်ဖီတစ်ခွက်ကို သူမရှေ့သို့ ချပေးရင်းမှ ...

"ရော ... သောက်၊ လက်တစ်ဖက်တည်းနဲ့ ဖျော်တဲ့ကော်ဖီဆိုတော့ အရသာပိုထူးခြားမှာပါ"

သူမက ဘာမှမပြောချေ။ ရှုတည်တည်ဖြင့်သာ ကြည့်နေသည်။

"ဘယ်လိုလဲ မနက်က လက်မတင်လေးဆိုတော့ တော်တော်ဒေါသထွက်နေမှာပဲနော်"

"ရပါတယ်၊ ပြဿနာမရှိပါဘူး၊ သကြံန်ပြီးမှပဲ အဖြေကကွဲပြားမှာပါ"

သူမကား ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိဟန်ဖြင့် ပြောလေသည်။ ဟုတ်တာ မဟုတ်တာ အပထား။ ကိုယ့်ကိုသိ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ယုံကြည်မှုရှိတာနဲ့တင် တစ်ဖက်လူက ရှိန်လောက်တာမို့ သူကတော့ Confidence ဆိုတာမျိုးကို သဘောကျပါသည်။

"မင်းက ... မင်း လုပ်နိုင်မယ်လို့ တကယ်ပဲ ထင်ထားတာလား"

"သေချာတာပေါ့"

"ဟား ... ခုတောင် မင်း ဘာပဲလုပ်လုပ် ရှုံးနိမ့်နေတာကိုကွာ"

"ပွဲပဲစလေ၊ ဒါပေမဲ့ ပွဲကပြီးမှ မပြီးသေးဘဲ၊ ရှုံးနိမ့်တယ်လို့လည်း ပြောလို့တော့ မရပါဘူး"

"အင်း ... ထားပါတော့၊ ကြိုးစားရမှာက မင်းအပိုင်း"

"နောင့်ယှက်ရမှာတော့ နင့်အပိုင်းလို့ ပြောမလို့လား"

"ဩော် ... နောင့်ယှက်တယ်လို့လည်း ပြောလို့မရပါဘူး၊ ဒါက ဂိမ်းတစ်ခုကစားနေတဲ့ သဘောဆိုတော့ သူတစ်ပြန်ကိုယ်တစ်ပြန်တော့ ကြိုးစားကြရမှာပဲလေ"





"ဟက် ... ကြိုးစားတယ်ပဲ ဖြစ်ရသေးတယ်"

သူမက မဲ့ရွဲ့ကာဖြင့် ကော်ဖီကို တစ်ငုံကောက်မော့သည်။ သူသည် ဘာရယ်မဟုတ်ဘဲ ရှေ့က နံပြည်စုတ်လေးကို ခုမှပဲ သတိထားပြီး ငေးကြည့်မိသွားသည်။ ဒီနေ့တော့ ဆံပင်တွေကို ခေါင်းလျှော်ထားသဖြင့် မခြောက်တခြောက် ဖွာရရာကျနေကာ တိရှပ်အဖြူ၊ ချည်သားဘောင်းဘီတိုလေးဖြင့် သူမပုံစံက နွဲ့ရာသီဖက်ရှင်ကျနေသည်။

ဒီကလေးမက ရုပ်ရည်အလန်းစားကြီးဟုလည်း ပြောလို့မရသလို သာမန်ဟုလည်း ပြော၍မရ။ ဒါပေမဲ့ Bright ဖြစ်မည့်ပုံလေးဆိုတာ ပေါ်လွင်နေတော့ ထူးထူးခြားခြားလေးဖြစ်နေသည်ဟု ပြော၍ရပေမည်။ ရုတ်တရက်ပင် သူက ဒီကောင်မလေးအကြောင်းကို စိတ်ဝင်စားလာသည်။ ဘာပဲဖြစ်ဖြစ် သူမက သကြန်မှာ သူနဲ့ ထပ်တူရှိနေပေးသောသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း သကြၤန်မလည်ဘူးလား"

"လည်ပါဘူး"

"လည်ချင်တဲ့စိတ်မရှိဘူးလား၊ လည်ချင်ရင်လည်လေ၊ မရွှာဝ်

တိုင်ချင်ရင်လည်းပြောလေ၊ ငါ့သူငယ်ချင်းတွေတိုင်တဲ့ မရွှာဝ်

တွေရှိတယ်၊ ပြောပေးမယ်လေ"

"ဟွန်း ... ငါ့သူငယ်ချင်းအစ်မက မရွှာဝ်ဆောက်ထားတာ၊

နော် ... မသွားချင်လို့ကို မသွားတာ"

"ဟင် ... ဒါဖြင့်ရင် မင်းက သကြၤန်ကို စိတ်မဝင်စားတဲ့

သူလား"

"စိတ်ဝင်စားပါတယ်၊ ဒါပေမဲ့ လူတွေကို စိတ်ပျက်လို့

မသွားချင်တာ"

အောင်မယ် ကြီးကြီးကျယ်ကျယ်။ ဘာပဲဖြစ်ဖြစ်

ဒီကောင်မလေးအရွယ်က ဒီစကားမျိုး ပြောတယ်ဆိုတော့ သူ





စိတ်ဝင်စားသွားရသည်။ ဒီအရွယ်ကောင်မလေး တော်တော်များများ

ဟာ ပျော်ဖို့ပါးဖို့ တစ်နည်းဆိုရသော် အပျော်လွန်ပြီး အပျက်

ဘက်ရောက်တဲ့အထိ ကဲကြဖို့ စိတ်ဝင်စားနေကြတာများတယ်

မဟုတ်ပါလား။

"မင်း စကားက အဆန်းပါလား၊ လူတွေကို ဘာစိတ်ပျက်

တာလဲ"

"နင်တို့က ဗိုသိမှာပေါ့"

"ဟာ ... ငါက ဘာဗိုသိရမှာလဲ"

"နင်တို့က ဒီမှာနေတဲ့လူတွေပဲ၊ ဗိုသိမှာပေါ့လို့ပြောနေတာ"

"အံမယ် ... နင်ကရော ဘယ်မှာနေတာမို့လို့လဲ၊ ဟိုး

အရင်က မင်းကို ငါ တစ်ခါမှမမြင်ဖူးပါဘူး"

"တောတောတည်းက မြင်ဖူးချင်ရင် နင် ဗိုတောက်ပင်ကို

တောတောတက်နဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့စကားကို သူက သဘောကျစွာ ရယ်မောမိသည်။ ဘာကြောင့်မှန်းမသိဘဲ ဒီကောင်မလေးနှင့် စကားပြောရတာကို ပျော်သလိုလို ဖြစ်လာပါသည်။

"မနှစ်ကလည်း ငါ တက်သားပဲ၊ ဒါပေမဲ့ မင်းကို မတွေ့ပါဘူး"

"ငါတို့က စလုံးမှာနေတာ၊ အခုတော့ ဘွားဘွားတစ်ယောက်တည်းဖြစ်နေတာရယ်၊ ငါလည်း ကျောင်းခဏပိတ်တာရယ်ကြောင့် ရောက်လာတာ ...

များသောအားဖြင့် ဒီဇင်ဘာမှ ဒီကိုရောက်ဖြစ်တာများတယ်"

"ဪ ... ငါကလည်း ဒီဇင်ဘာဆို ခရီးထွက်နေတာချည်းပဲ၊ ငါတို့အိမ်က ခရီးသွားတာ ဝါသနာပါတတ်လေ၊ ဒီဇင်ဘာရောက်ရင် ခရီးထွက်ပြီ၊ မင်း ရောက်နေတဲ့အချိန်ဆို ငါ မရှိတာဖြစ်ရမယ်၊ ဟူး ... တော်သေးတာပေါ့"





သူ့စကားကြောင့် သူမက မျက်စောင်းတစ်ချက်ထိုးသည်။

မျက်စောင်းထိုးပုံက ပဲများများနဲ့ ထိုးတာမဟုတ်ဘဲ ပျစ်ပျစ်နှစ်နှစ်ထိုးချပစ်လိုက်တာမို့ သူက အသာကျိတ်ပြုံးကာ မသိမသာ ခေါင်းယမ်းရလေသည်။

အင်း ... သေချာ စကားပြောကြည့်တော့လည်း ဒီကောင်မလေးက အဆိုးကြီးတော့ မဟုတ်ပါလား။

"အင်း ... ထားပါတော့၊ ဒါနဲ့ ခုနစကားကို ဆက်ပါဦး၊ မင်းက ဘာဖြစ်လို့ လူတွေကို စိတ်ပျက်တာလဲ"

"အမယ်လေး ... မပျက်မှနေရော၊ လူတွေ လူတွေ မူးရူးနေကြတာလေ၊ ငါတို့ငယ်ငယ်က မိန်းကလေးနဲ့အရက်ဆိုတာ၊ မယ်သီလနဲ့ဘီးလိုပဲ၊ ဘာမှ မအပ်စပ် ဘာမှမဆိုင်ခဲ့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ခုများတော့ ဟင်း ... ယောက်ျားလေးတွေက ပြန်ထိန်းနေရတယ်၊ အရမ်းကို ဆိုးရွားနေပြီ၊ အထူးသဖြင့် သင်္ကြန်မှာပေါ့၊ လုပ်ချင်တာလုပ်ခွင့်ပေးထားတဲ့ ပွဲတော်ကြီးကျနေတာပဲ၊ ဖြစ်ပျက်နေလိုက်ကြတာ မြန်မာမိန်းကလေးတွေလို့ ပြောရမှာတောင် ရှက်စရာကောင်းတယ်"

သူမရဲ့ ခံစားချက်အပြည့်နှင့် ပြောနေသော မျက်နှာကိုကြည့်ကာ သူက အံ့သြနေမိသည်။ သူမလို ဂျစ်စုတ်စုတ်ကောင်မလေးမှာ ဒီလို မှန်ကန်တဲ့ အတွေးအခေါ်တွေ ရှိသတဲ့လား။

"နေပါဦး ... နင်က ဒီမှာလည်း မရှိဘဲနဲ့ အဲဒါတွေ ဘယ်လိုလုပ်သိတာလဲ"

"ဟဲ့ ... အင်တာနက်က ဘာလုပ်ဖို့ထားတာလဲ"

"အင်း ... ဟုတ်သားပဲ၊ ဒါနဲ့ မင်းက မထင်ရဘူးပဲ"

"ဘာမထင်ရတာလဲ"





သူ့စကားကို သူမက ခေါက်ဆတ်ဆတ်ဖြင့် ပြန်ဆိုသည်။ နုညံ့သိမ်မွေ့သော မိန်းကလေးတွေရဲ့ အသံကိုပဲ ကြားဖူးနေကြ သူ့အတွက်တော့ သူမဟာ ပါးစပ်အဟောင်းသားပွင့်ချင်စရာကောင်းနေသည်။

သူမသာ ရည်းစားရှိလို့ကတော့ အဲဒီရည်းစားကို ဘယ်လိုများ ဆွဲဆောင်ထားသလဲတော့ မပြောတတ်ပါ။ ကြည့်ရတာ ရည်းစားလည်း ရှိမည့်ပုံမပေါ်။

"ရည်းစားရှိပုံ မပေါ်ဘူးလို့ ... အဲ"

ပြောပြီးတော့မှ ယောင်ပြီးထွက်သွားတယ် ဆိုတာ သိလိုက်ရသည်။ သို့သော် သူမက နားဟန်မတူပါ။ ဂုဏ်ယူသော ပုံစံနဲ့တောင် မျက်ခုံးတစ်ချက် ပင့်ပြလိုက်သေးလျက် ...

"ဒါပေါ့၊ ငါ့ရုပ်က သိပ် innocent ဖြစ်နေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူက ခွီးခနဲ ရယ်ချပစ်လိုက်သည်။ ဒီကောင်မလေးနဲ့ စကားပြောရတာ တကယ်ရယ်စရာကောင်းသည်။ အထူးသဖြင့် ပဲမများဘဲ စကားပြောတတ်တာကိုက အဲ … မဟုတ်သေးဘူး။ စိတ်ထဲရှိသလို ပြောတတ်တာကိုက စိတ်ဝင်စားစရာ ကောင်းနေသည်။

"မင်းပုံက ယောကျ်ားလေးတစ်ယောက်အတွက် စိတ်ဝင်စားစရာမှ မကောင်းတာ"

"ဟုတ်လား၊ အဲဒီတော့လည်း နွားအေးပါးအေး နေလို့ရတာပေါ့"

"ဟင်း … လေသံကတော့ လျော့ကိုမလျော့တာ၊ အင်း … ဒါနဲ့ပဲ မင်းက ခေတ်ကာလသကြိန်ကို စိတ်ကုန်နေတဲ့ ခေတ်ကာလသမီးလေး ဖြစ်နေတာပေါ့ …

ဟုတ်လား"





သူ့စကားကို သူမက တဟက်ဟက်နှင့် ရယ်မောသည်။

သူ့ရှေ့မှာ မိန်းကလေးတစ်ယောက် ဒီလိုရယ်တာကို မတွေ့ဖူးသဖြင့် သူက ငေးကြည့်နေမိသည်။

သူမက မျှော်ထားသော ကော်ဖီကို တငွတ်ငွတ် ကောက်မော့ပြီးမှ အဝေးတစ်နေရာကို ငေးကြည့်ပြီး လွမ်းဆွတ်ဟန်ဖြင့်ဆိုသည်။

"အင်း … သကြိန်ဆိုတဲ့ကာလလေးကို ချစ်တယ်၊ ငါတို့တွေရဲ့ ရိုးရာယဉ်ကျေးမှုလေးကိုလည်း မြတ်နိုးတန်ဖိုးထားတယ်၊ ဒါပေမဲ့ နောက်ပိုင်းမှာ သကြိန်က စီးပွားရေးဆန်လာတယ် …

ယဉ်ကျေးမှုအစဉ်အလာတွေလည်း လျော့ရဲလာတယ်၊ ယဉ်ကျေးမှုပုံစံတွေ ပြောင်းလဲစီးဆင်းလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သင်္ကြန်မှာ မူးရူးနေတဲ့ အရက်တရားကင်းမဲ့နေတဲ့ မိန်းက လေးတွေကိုမြင်ရင် ငါ ရင်နာတယ်"

ကြီးကြီးကျယ်ကျယ်တွေ ပြောနေပါလားဟု ပြော မထွက်နိုင်လောက်အောင် သူမ မျက်နှာလေးက လေးနက်လို့နေ သည်။

အင်း ... ဒီလို သူငယ်ချင်းမျိုးလေးတစ်ယောက် လောက် သူ့အနားမှာ ရှိဖို့လိုအပ်တာပဲ။

"သင်္ကြန်မိုးဇာတ်ကားကိုကြည့်ရင် ဟိုးငယ်ငယ်က သင်္ကြန် ကို အရမ်းသတိရတယ်ဟာ၊ အဲဒီတုန်းက ပိုပျော်ဖို့ကောင်း သလိုပဲ ...

အဲဒီတုန်းက ရင်ခုန်သံဆိုတာက အလိုလိုဖြစ်လာတဲ့ ရင်ခုန်သံ၊ အခုခေတ်ရင်ခုန်သံဆိုတာက နှလုံးခုန်စက်နဲ့ နှလုံးနှိုးပြီး မောင်းနှင်နေရတဲ့ ရင်ခုန်သံလို့ ထင်တယ်"





"ဟား ... မင်းဒိုင်တွေက မြင့်လှချည်လားဟ၊ မင်း စာ တွေ တော်တော်ဖတ်တယ်နဲ့တူတယ်၊ ဟုတ်လား"

"ဖတ်တာပေါ့၊ စာဖတ်ရတာကို အကြိုက်ဆုံးပဲ၊ ငါက စာအုပ်တွေကို သိပ်ကြိုက်တာ၊ ဘွားဘွားဆို ငါမှာတဲ့စာအုပ် တွေ အမြဲပို့ပေးနေကျလေ ...

စာအုပ်ကောင်းလေးတစ်အုပ်ရယ်၊ ကော်ဖီတစ်ခွက် ရယ်နဲ့ အေးအေးလူလူရှိတဲ့အချိန်ဆိုတာ ဘဝမှာစိတ်ချမ်းသာ ဖို့အကောင်းဆုံးပဲ"

အင်း ... ဒီကောင်မလေးကိုတော့ သူ အပြတ်လေး စားသွားရသည်။

ဒီနေ့ခေတ်ထဲမှာ ကော်ဖီတစ်ခွက်၊ စာအုပ်တစ်အုပ် နဲ့တင် ဘဝကို ရောင့်ရဲတင်းတိမ်တဲ့ မိန်းကလေးမျိုး ဘယ်နှယောက် တွေ့ဖူးလို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ အိုင်ဖုန်း၊ အိုင်ပတ်၊ ဝှချီ၊ LV စသည် ဖြင့် ရှုးသွပ်ယောက်ယက်ခတ်နေကြချိန်ဝယ် ဒီလိုမိန်းကလေးမျိုး လည်း မြင်ဖူးထိုက်လို့ မြင်ဖူးရသေးသည်။

"ကဲ ... ကော်ဖီလည်းကုန်ပြီ၊ ငါ ပြန်တော့မယ်"

သူမက ပြောပြောဆိုဆိုပဲ နှုတ်ဆက်ရင်း မတ်တတ် ထရပ်သည်။

"နွေတာ"

သူ့ခေါ်သံကြောင့် သူမက အကြည့်နှင့် လှမ်းထူး သည်။

"နင်နဲ့ ငါ သူငယ်ချင်းဖြစ်သွားပြီလား"

"သိဘူးလေ"

သူမက ရှုးချင်ယောင်ဆောင်တာလားတော့ မပြော တတ်ပါ။ သူ ဘာမှမပြောရသေးခင်မှာပဲ သူမဆီက စကားသံ ထွက်လာသည်။





"သူငယ်ချင်းလား၊ ရန်သူလား မိတ်ဆွေလား၊ ပြိုင်ဘက် လား အချိန်က ဆုံးဖြတ်ပေးသွားမှာပဲလေ"

သူမက သွားတော့မယ်ဟူသော သဘောဖြင့် လက် ချောင်းလေးများကို လှုပ်ခတ်နှုတ်ဆက်ပြသည်။ သူသည် ထွက် ခွာသွားသော နွေတာရဲ့နောက်ကျောပြင်ကိုကြည့်ကာ တစ်စုံတစ် ရာက ရင်ထဲမှာ ကျန်ရစ်ခဲ့သည်ဟု ထင်မိသည်။ ဘာကြောင့်မှန်း မသိ သကြံနိရက်လေးများမှာ ကြည်နူးစရာကောင်းသည်ဟု ထင် လာမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com







# ၁၀

"မမေမေရေ … နွေတာ အပြင်ခဏသွားလိုက်ဦးမယ်"

ပြောလည်းပြော၊ ကားသော့ကိုလည်း ကောက်ယူလိုက်တာမို့ မမေမေက နွေတာ့ကို မျက်လုံးပြူးကြည့်သည်။

"ဟဲ့ … ခုနစ်နာရီပဲထိုးနေပြီ၊ ဒီအချိန်ကြီးကျမှ ဘယ်သွားမလို့လဲ"

"မစ်ကီတို့အိမ်ပါ မမေမေရဲ့၊ ကိစ္စရှိလို့ပါ မကြာပါဘူး ခဏလေးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရှိလည်း ဖုန်းနဲ့ပြောလို့မရဘူးလား၊ သကြန်တွင်းကြီး ဟာကို"

"ပြီးနေပါပြီ မေမေရဲ့၊ ရေပက်လို့လည်းမရပါဘူး၊ အရေးကြီးလို့ပါ"

"ဘာအရေးကြီးတာလဲ ..."

"ကျွတ် ... မေမေကတော့ မသောက်ဘဲ ရစ်နေပြန်ပြီ"

"သောက်ပြီးရစ်လိုက်ရအောင်၊ တစ်ပိုင်းလောက်ဆွဲခဲ့စမ်းဟေ့"

"ဘီအီးလား၊ အဖြူလား မေမေ"

"ဆောအရက်ဆို ပိုကောင်းမယ်၊ ငါက ခပ်ပြင်းပြင်းလေးမှ တိုးတာ"

"ဟား ဟား ... တကယ်လား၊ ပြီးရော ဝယ်ခဲ့မယ်၊ ဒါပေမဲ့ သန်လျင်တစ်ဖက်ကမ်းထိ သွားရမယ်ဆိုတော့ မိုးချုပ်မှပြန်လာလို့ရမယ်နော်"





"ကောင်းတာပေါ့၊ မိန်းကလေးပဲ ခေါ်ချင်တဲ့သူတွေ ပေါမှာပါ"

"ခေါ်ထားရင် မေမေက ရတယ်ပေါ့"

"ရတာပေါ့၊ သာတယ် နာတယ် မတွက်ပါဘူး"

"ဟာ ... အဟား ဟား"

နွေတာက အူလိုက်သည်းလိုက် ရယ်မောနေလျှင် မေမေက သတိပြန်လည်လာသည်။ အဲ ... သတိပြန်ဝင်လာသည်။

မိုက်နှိပ်ရယ်နေသော နွေတာရဲ့ လက်မောင်းတစ်ဖက်ကို ဖျတ်ခနဲရိုက်ပြီး ...

"ဟဲ့ ... တိတ်စမ်း၊ ဒီကောင်မလေးဟာလေ မအေကို ပြောင်ဖို့လှောင်ဖို့ဆိုရင် ထိပ်ဆုံးကဖြစ်တယ်၊ ကဲ ကဲ ... သွား ... သွား ..."



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ ဂရုစိုက်လည်းသွားဦး"

"အပြန် မုန့်ဝယ်ခဲ့မယ် မေမေ၊ မစ်ကီတို့လမ်းထိပ်က ကိတ်မုန့်ဆိုင်ရှိတယ်၊ မေမေကြိုက်တဲ့ ချိစ်ကိတ် ဝယ်ခဲ့မယ်"

"အေး ... အေး ... ကားကို ဖြည်းဖြည်းမောင်း"

"အိုခေ ... တာ့တာ"

နွေတာက အသွားရဲ့ MARK II ကားကို ဂိုဒေါင်ထဲမှ ထုတ်ယူကာ မစ်ကီတို့အိမ်ရှိရာသို့ မောင်းလာခဲ့သည်။

အား ... ဒီလို ညခင်းချိန်ခါ သာသာယာယာလေး မှာလည်း ကားမောင်းလို့ကောင်းသားပဲ။

နွေရာသီ လေအေးအေးတွေက မှန်ချထားသဖြင့် ကားထဲသို့ တဖျပ်ဖျပ် တိုးဝင်လာတာကိုလည်း နွေတာက ကြိုက်သည်။





ပြောရမယ်ဆိုလျှင်တော့ သဘာဝရဲ့လက်ဆောင်ဆို လျှင် အားလုံးကြိုက်ပါသည်။ ရိုးရှင်းသောအရာမှန်သမျှ အားလုံး ကို နှစ်သက်သည်။

အထူးသဖြင့် စင်ကာပူမှာနေကာ စင်ကာပူမှာ ကျောင်းတက်နေရသူ ဖြစ်ပေမယ့်လည်း မြန်မာမှုဓလေ့စရိုက် တွေကို အင်မတန်မှ တန်ဖိုးထားမြတ်နိုးသောသူဟာ နွေတာ ခေါ် ဆုနွေတာပဲ ဖြစ်ပါတော့သည်။

မစ်ကီတို့လမ်းထိပ်ရောက်လျှင် ကားရပ်ကာ မုန့် ဝယ်သည်။ အပြန်ဆိုလျှင် ကုန်သွားမှာစိုးတာရော၊ ဆိုင်ပိတ်မှာ စိုးတာကြောင့်ရောဖြစ်သည်။

"ချိစ်ကိတ်တစ်ဘူးပေးပါ"

"ဟုတ်ကဲ့ ... ခဏလေးနော် ထိုင်စောင့်ပေးပါရှင်"

"အိုခေ"



www.burmeseclassic.com

www.burmeseclassic.com



နွေတာက ကက်ရှာမှာ ပိုက်ဆံရှင်းပြီးနောက် မုန့်တံခါးဝနားက စားပွဲလေးတစ်လုံးမှာ သွားထိုင်စောင့်နေလိုက်သည်။

သကြန်တွင်းဆိုတော့ ဆိုင်အများစုက မဖွင့်ကြသဖြင့် ညနေစောင်း ညဘက်သာဖွင့်သော ဆိုင်လေးထဲတွင် မုန့်ဝယ်သူများနှင့် စည်ကားနေသည်။

နွေတာက အပြင်ဘက်သို့ ငေးနေတုန်းမှာပဲ ပခုံးထက်ဆီသို့ အေးစိမ့်သော အထိအတွေ့တစ်ခုက ကျရောက်လို့လာလျှင် ရုတ်တရက်မို့ လန့်ဖျပ်သွားရသည်။ ပြီးတော့မှ ကယောင်ကတမ်းဖြင့် မတ်တတ်ရပ်ပြီး လှည့်ကြည့်လိုက်လျှင် ရေသန့်ဘူးအသေးလေးတစ်ခုကို ကိုင်ပြီး ပြုံးစိစိကြည့်နေသော လင်းထွဋ်ကို တွေ့လိုက်ရလေသည်။

"ဟင် ... နင်"





"ဟာ ဟ ... အခုတော့ ငါကိုယ်တိုင် နင့်ကို ရေလောင်းလိုက်ရပြီပေါ့"

နွေတာက အဲဒီစကားကြောင့် နှုတ်ခမ်းကို တစ်ချက်မဲ့မိသည်။

"နင်က ဘယ်လာတာလဲ"

"ဒီကိုပဲလေ၊ မုန့်လာဝယ်တာ၊ မင်းလိုပဲ ချိစ်ကိတ်ပေါ့"

"နင်တစ်ယောက်တည်းလား"

"ငါ့သူငယ်ချင်းတစ်ယောက်ပါတယ်၊ အပြင်မှာ ဖုန်းပြောနေလို့"

နွေတာက ဟုတ်ပြီဆိုသောသဘောဖြင့် ခေါင်းတစ်ချက်ဆတ်ပြလိုက်သည်။ သူက နွေတာ့ကို ပြုံးစစဖြင့် စိုက်ကြည့်ကာ ...

"ဘယ်လိုလဲ ... 'မနက်ဖြန် အကြတ်နေ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"သိသွားပြီ၊ အဲဒါ ဘာလုပ်ရမှာလဲ"

"ပြော် ... အပြင်ထွက်ပြီး ချိန်းကိတ်တွေ ဘာတွေ ဝယ်နေတော့ မေ့များမေ့နေပြီလားလို့ သတိပေးတာပါ"

"မမေ့ပါဘူး၊ ငါ့ကိစ္စ ငါသိသားပဲ၊ နင့်ကို ပြောပြီးသားပဲ၊ အတက်နေ့ ညနေ ခြောက်နာရီခွဲအထိ ငါ ကြိုးစားနိုင်တဲ့ အခွင့်အရေး ရှိသေးတယ် ...

အေးဆေးပေါ့ ဘာလို့ အရေးတွေကြီးနေရတာလဲ"

မွေတာရဲ့စကားကို သူက သဘောကျဟန်ဖြင့် အကြာကြီး စိုက်ကြည့်နေသည်။

အဲဒီအကြည့်ကြောင့် မွေတာက နည်းနည်းအနေခက်သွားကာ သူ့ကို အော်ထုတ်လိုက်မိသည်။

"ဘာကြည့်နေတာလဲ နင်က ..."





"မဟုတ်ပါဘူး၊ မင်းကိုယ်မင်း Confidence သိပ်ပြင်းနေတဲ့ ပုံစံကို သဘောကျလို့ပါ ...

မင်း လုပ်နိုင်မယ်လို့ အရမ်း ယုံကြည်နေတယ်ပေါ့"

"Of course"

"အင်းပေါ့လေ ကောင်းပါတယ်၊ အဲလို ယုံကြည်မှုပြင်းထန်နေတော့လည်း ငါ့ဘက်က ပိုကျေနပ်ရတော့မှာပေါ့"

"ပိုနှောင့်ယှက်ရမယ်လို့ ပြောစမ်းပါ၊ ဒါပေမဲ့ ငါ့ဟာလ တစ်ခုတော့ လိုသွားတယ်ဟာ"

"ဘာလိုတာလဲ"

"နင် ဒီလိုနှောင့်ယှက်မယ်မှန်း အစကတည်းက သိရင် ငါ့ဘက်ကလည်း တောင်းဆိုတာတစ်ခုလောက်တော့ လုပ်မှာပေါ့၊ ငါနိုင်ခဲ့ရင် နင့်ဆီကလည်း တစ်ခုခုတောင်းသင့်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"ဪ … ဓလည်း အချိန်မီပါသေးတယ်လေ၊ ပြောပေါ့ မင်း နိုင်ခဲ့ရင် ငါ့ဆီက ဘာလိုချင်လို့လဲ"

"အင်း … အဲလိုတော့ မစဉ်းစားမိသေးပါဘူး၊ အိုခေလေ အဲဒီကျမှ ဆက်ပြောတာပေါ့၊ သွားလိုက်ဦးမယ်"

ဝန်ထမ်းတစ်ယောက်က ချိန်ကိတ်ဘူးကို လာပေး လျှင် နွေတာက လက်ခံယူပြီးနောက် ထိုင်ရာမှထကာ သူ့ကို နှုတ်ဆက်လိုက်သည်။ ပြီးတော့ သူ့ကိုလက်ပြရင်း ကိတ်မုန့်ဆိုင် လေးထဲမှ ထွက်လာခဲ့သည်။

အဲဒီနောက် မစ်ကီတို့အိမ်သို့ရောက်လျှင် မစ်ကီက နွေတာ့ကို ဝတ်စုံတည့်ထားသောဓာတ်အား တစ်ခါတည်း ထုတ်ပေး ထားလေသည်။

"ကဲ … နွေတာ၊ မနက်ဖြန်တော့ ခပ်တည်တည်နဲ့ မင် သေသေနဲ့သာ သွားပေတော့၊ ဪ … စက်ဘီးရော အဆင်ပြေတယ် မဟုတ်လား"





"ပြေတယ်၊ စက်ဘီးက အစတည်းက အိမ်မှာရှိပြီးသား၊ ကောင်မလေးတွေ ဟိုမှား ဒီမှားသွားရင် စီးနေကျပဲ လေ"

"အိုခေ … ဒါဆိုရင် အောင်မြင်မှာပါ၊ ဒီတစ်ခါတော့ တကယ်ကို အပိုင်ပဲဟာ၊ ဟင်း … ဘာရမလဲ မစ်ကီတို့၊ တစ်ကီတည်းရှိတယ်"

"အမာလေး … သူ သွားမှာကျနေတာပဲ၊ ငါသွားရမယ် ဟာကို၊ ဟဲ … ဒါနဲ့လေ ငါ ဒီကိုမလာခင် လမ်းထိပ်က ကိတ်မုန့်ဆိုင်မှာ လင်းထွဋ်ကို တွေ့ခဲ့တယ် သိလား …

ဒီမှာလေ … ဒီမှာ၊ သင်းက ငါ့ကို ရေလောင်းတယ် ဟဲ့ … ဟီး ဟီး"

နွေတာက ပန်းပေါ်က ရေစွက်လေးကို လက်ညှိုးနှင့် ထောက်ပြလျှင် မစ်ကီက မျက်တောင်းထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မိန်းမ၊ နင်က ရေလောင်းခံလာရတာကို တော်တော်ပျော်လာတယ်ပေါ့လေ"

"မဟုတ်ပါဘူး၊ တွေ့ခဲ့တယ်ဆိုတာကို ပြောတာပါ"

"အင်း ... ငါတော့ မြင်ယောင်နေတယ်"

"ဘာကိုမြင်ယောင်နေတာလဲ"

"နင်တို့တွေ ဘာတွေ ညာတွေ ဖြစ်ကြဦးမှာကိုပေါ့"

"အံမယ်လေး ... ဖြစ်စရာလား"

ဖြစ်စရာလားဟု ပြောလိုက်သော်လည်း နွေတာရဲ့မျက်လုံးထဲတွင် သူနဲ့ဆုံလေတိုင်း လူကို စူးနင့်စွာစိုက်ကြည့်တတ်သော အကြည့်တစ်ချက်ကို ပြန်မြင်ယောင်လာမိသည်။ အို ... ဒါက ဘာမှတော့ ဟုတ်မယ်မထင်ပါ။ ဒါပေမဲ့ သူ ကိုယ့်ကို ရေလောင်းလိုက်တယ်ဟု သိလိုက်ရစဉ်မှာတော့ ရင်ထဲမှာ ပူးနွေးလှုပ်ရှားသွားခဲ့တာလိုလို ဒိန်းခနဲဖြစ်သွားခဲ့တာလိုလို ဘာမှန်း





သေချာမသိသော ဖီလင်ကို ခံစားလိုက်ရတာတော့ အမှန်ပါပဲ။ ဝရန်းသုန်းကား၊ ဆူညံပွက်ကျွာ မဏ္ဍာပ်ပေါ်က မီးသတ်ပိုက်မျိုး မဟုတ်ဘဲ ကိတ်မုန့်ဆိုင်လေးထဲက ရေနည်းနည်းလေး ပခုံးပေါ် လောင်းခံလိုက်ရတာသည် ပြန်တွေးလိုက်တိုင်း တသိမ့်သိမ့်ကြည်နူးစရာကောင်းသော ကိစ္စဖြစ်နိုင်ပါသလား။

နွေတာသည်လည်း အတွေ့အကြုံမရှိသဖြင့် မသိနိုင်တော့ချေပြီ။

"ဟဲ့ ... ဘာတွေမျောနေတာလဲ"

"ဟမ် ... မမျောပါဘူး"

"မမျောဘူးသာပြောတယ်၊ ရေလောင်းခံလိုက်ရတာကို တသိမ့်သိမ့်သူ ဖြစ်နေတာ မဟုတ်လား"

"မဟုတ်ရပါဘူးဟယ်၊ ကဲ ... ဒါဆိုလည်း ငါ သွားတော့မယ်၊ မိုးချုပ်နေရင် မေမေ စိတ်ပူနေမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ပြီးရော၊ မနက်ဖြန်မှ တွေ့မယ်၊ ဟဲ့ ... ညနေဘက် တို့မဏ္ဍပ်မှာ မုန့်လုံးရေပေါ်လုံးမှာ လာခဲ့ဦး"

"တော်ပြီ မုန့်လုံးရေပေါ် ငါမကြိုက်ဘူး"

"အောင်မယ် ... နင့်ကို မုန့်လုံးရေပေါ်ကျွေးဖို့ ခေါ်တာမဟုတ်ဘူး၊ လုံးနိုင်းဖို့ခေါ်တာ သိလား"

"သိသားပဲ၊ အဲဒါကြောင့် မလာတာလေ၊ ကဲ ... ငါ သွားတော့မယ်၊ ဘိုင့် ဘိုင်၊ မနက်ဖြန်မှ ဖုန်းဆက်လိုက်မယ်"

"အိုခေ"

နွေတာက လှုရှင်း လမ်းရှင်းသွားပြီဖြစ်သောကြောင့် ကားကို ခပ်သွက်သွက်လေးမောင်းကာ အိမ်ပြန်ရောက်လာသည်။ အမေနဲ့အဘွားကို နှုတ်ဆက်ပြီး မုန့်ထုပ်အပ်ကာ ကိုယ့်အခန်းထဲသို့ ကိုယ်ဝင်ပြီး အဝတ်အစားလဲသည်။ ပြီးတော့ အပေါ်ထပ်က Family room မှာ TV ကြည့်ဖို့ ဆိုဖာပေါ် ထိုင်ရုံရှိသေး နွေတာရဲ့ လက်ကိုင်ဖုန်းက မြည်လာလေသည်။





ပထမတော့ မစ်ကီဆီကလားဟု ထင်မိသော်လည်း စ်ကီမဟုတ်ဘဲ နွေတာမသိသော ဖုန်းနံပါတ်တစ်ခုဖြစ်နေသည်။ ဒီမှာ ရောက်နေတုန်း နွေတာရဲ့ဖုန်းကိုလည်း ဆက်တဲ့သူက သိပ် များများစားစားလည်း မရှိလှပါ။

သို့သော် နွေတာသည် အဖွေအထူး မစဉ်းစားတော့ ဲဘဲ ဖုန်းကို ဖွင့်ကိုင်လိုက်သည်။

"ဟယ်လို"

"ဘယ်လိုလဲ အဝတ်အစား လဲပြီးပြီလား"

"ဘာရယ် ..."

ရုတ်တရက်ကြီး အဲ့လို အမေးခံလိုက်ရသောကြောင့် နွေတာ့မှာ အူကြောင်ကြောင် ဖြစ်သွားရသည်။ ပြီးတော့ တစ်စုံ ာစ်ရာကို ဖျတ်ခနဲတွေးမိကာ ရှိန်းခနဲပင် ကြက်သီးတောင်ထသွား လသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကိုယ်မေးတာ မှန်တယ် မဟုတ်လား၊ မှန်လွန်းလို့ အံ့ဩသွားတယ် ဆိုတာတော့ ဝန်ခံ ... ဟင်း ဟင်း"

နွေတာရဲ့ ဆံပင်တွေ ထောင်သွားသလို ခံစားရသည်။ တဟင်းဟင်း တညှင်းညှင်း အီစိကလီရယ်သံကြီးနှင့် အပိုင်ကြီးသိသလိုလိုလာမေးနေသော သူဟာ သေချာပေါက်တော့ နွေတာ့အသိထဲက မဖြစ်နိုင်ချေ။ တိုက်ဆိုင်ပြီး ဖုန်းမှားနေတာပဲ ဖြစ်နိုင်ပါသည်။

"ဒီမှာ ရှင် ဖုန်းမှားနေပြီ"

"မမှားပါဘူး၊ ဆုနွေတာရဲ့ဖုန်း မဟုတ်လား"

ဒီတစ်ခါတော့ ပါးစပ်အဟောင်းသားပွင့်ပြီး ကိုယ့်ပါးစပ်ကိုယ် လက်ဝါးနဲ့အုပ်လိုက်ရသည်။ ဘုရားရေ ... ဘူလဲအဲ ... ဘယ်သူလဲ။ အဝတ်အစားလဲပြီးတာတောင် သိနေတယ်ဆိုတော့ ဘုရား ... ဘုရား ... နွေတာ ကျော့ချမ်းလာလေသည်။





"ရှင် ... ရှင် ဘယ်သူလဲ"

"ဟား ဟား ... မှန်းကြည့်ပေါ့၊ ဒီအသံကိုတောင် မမှတ်မိတော့ဘူးလား"

အဲဒီလို ပြောလိုက်တော့မှပဲ နွေတာ့ရဲ့ခေါင်းထဲတွင် ဖျတ်ခနဲ လင်းလက်သွားသည်။

ဒီအသံ ဒီအချိုးအချိတ်ဟာ ... ? ? ...။

"နင် ... နင် လင်းထွဋ် မဟုတ်လား"

"ဟက် ဟက် ... မလန့်ပါနဲ့ မမြဝင်းရယ်၊ မမြဝင်း အဝတ်လဲတာကိုလည်း မမြင်ရပါဘူးဗျ"

ဟင်း ... သောက်ပေါ။ ဗိုလ်အောင်ဒင်လေသံကိုတုပြောသော သူ့အသံကြောင့် နွေတာ့မှာ ရယ်ချင်သော်လည်း မရယ်နိုင်ဘဲ နှုတ်ခမ်းကို ကိုက်ထားပြီး အသာကျိတ်ပြုံးနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်ပါလား၊ နင် ငါ့ဖုန်းနံပါတ်ကို ဘယ်ကရတာ

လဲ"

"နင်သိချင်ရင် သမ္မတကြီးရဲ့ဖုန်းနံပါတ်တောင် ပေးရဦး

မလား"

"တော်စမ်းပါ၊ အခု ဖုန်းဆက်တာ ဘာကိစ္စလဲ ပြော"

"မင်း ဘာလို့ အိမ်ပြန်နောက်ကျနေတာလဲ"

"ဘာပြောတယ်"

"ငါမေးတာ ရိုးရိုးလေးပါ၊ မင်း ကိတ်မုန့်ဝယ်ပြီး ငါတို့ရှေ့က

အရင်ပြန်သွားတာလေ၊ ငါတို့လည်း မုန့်ဝယ်ပြီး ပြန်လာ

တာပဲ၊ ဒါပေမဲ့ မင်းကားက အခုနကမှ ဝင်လာတာ၊ အဲဒါ

ကို မေးတာ ...

ဘယ်တွေ လျှောက်သွားနေတာလဲ"

"ဘာ ... နင် အခု ဘာပြောနေတာလဲ"





"နင် မြန်မာစကား နားမလည်ဘူးလား၊ ငါ ဘယ်လို ဘာ

သာစကားနဲ့ ပြောပေးရမလဲ"

"ဘယ်လိုစကားနဲ့မှ ပြောမနေနဲ့၊ နင်နဲ့ဘာဆိုင်လို့ ဒါတွေ

လာမေးနေရတာလဲ"

"မေးရတာပေါ့၊ မနက်ဖြန်အတွက် မင်း Try နေတယ်

မဟုတ်လား"

သူ့စကားက ဒက်ထိမုန်လွန်းသောကြောင့် နွေတာ့

မှာ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ အသက်အောင့်ထားမိ

သည်။

"ဘာတွေ Try နေတာလဲ ကောင်မလေး"

"ဘာမှ မ Try ဘူး"

"ဒါဆိုရင် ကိတ်မုန့်ဆိုင်ကအပြန် ဘယ်ကိုဝင်နေတာ

လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ငါ့ဟာငါ ဘယ်သွားသွားပေါ့၊ နင်နဲ့ ဘာဆိုင်လို့ မေးနေရတာလဲ"

"ဆိုင်မှမေးရမှာလား၊ အေးလေ ... ဒါဆိုလည်း ဆိုင်တဲ့ အခါကျမှ မေးတာပေါ့"

"နင် ဘာစကားပြောတာလဲ"

အဲဒီလို ပြန်မေးလိုက်သံဟာ ကတုန်ကယင်ကြီး။ မေးသာမေးလိုက်ရပေမယ့် သူ တစ်ခုခု ပြန်ဖြေလိုက်မှာကိုလည်း နွေတာက စိုးထိတ်နေသေးသည်။

"လူပျိုစကား"

"ဘာရယ်"

"ဟ ... မင်း တော်တော်နားလေးနေတယ်တူတယ်၊ နား ထဲက နားဖာချေးတွေ မထွင်ဖြစ်ဘူးလား၊ ဘာပြောပြော ဘာရယ် ... ဘာရယ်ပဲ ဖြစ်နေတယ်"





"ဖြစ်မှာပေါ့၊ နင်ကလည်း အဓိပ္ပာယ်မရှိတဲ့စကားတွေပဲ လာပြောနေတာ မဟုတ်ဘူးလား"

"ငါ့အတွက်တော့ အဓိပ္ပာယ်ရှိနေတာပဲလေ"

အဲဒီအပြောကြောင့် နွေတာက ကျိတ်ပြုံးမိသည်။ သူ ဘာအဓိပ္ပာယ်နဲ့ပြောသလဲ အတိအကျ မသိရပေမယ့် ရင်ထဲမှာ လှုပ်ရှားနေတော့ ကိုယ့်ဟာကိုယ်သိသည်။

ဒါပေမဲ့လည်း နွေတာ က ချက်ချင်းပဲ ရင်ခုန်သံကို ဘရိတ်အုပ်ရသည်။

ကောင်လေးတွေပြောတိုင်း ရင်ခုန်နေလို့ မဖြစ်ဘူး လေ။

"ကဲ ... နင်ပြောချင်တဲ့ အဓိကအကြောင်းအရာက ဘာလဲ"

"အဟက် ... ကိုရီးယားကားကို ဖုန်းမပြောဘဲ ကောင်း ကောင်းထိုင်ကြည့်ချင်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် ... နင် ... နင် ... ငါ့ကို မှန်ပြောင်းနဲ့ကြည့်နေတာလား"

"ဟား ဟား ... ဟုတ်တယ်"

"ဘာ ... နင် မိုက်ရိုင်းလှချည်လား"

"မင်းတို့မိန်းမတွေ အဲဒါကြောင့် အပြောခံရတာ၊ နှာခေါင်းမပါရင် ဟိုဟာတောင်စားမယ်ဆိုတာ တကယ်ဖြစ်နိုင်တယ်"

"ဟာ ... နင် ငါ့ကို ဘာလိုင်းကြီး လာခွပ်နေတာလား"

"ဟုတ်တယ်လေ၊ ခေါင်းလေး ဘာလေးသုံးပြီး နည်းနည်းပါးပါး စဉ်းစားပါဦးတော့လား၊ ငါက မင်းတို့အိမ်ကို ဘယ်လိုလုပ် မှန်ပြောင်းနဲ့ ချောင်းကြည့်လို့ရမှာလဲ ... မင်းအခန်း ဘယ်နားမှာရှိတယ်ဆိုတာတောင် မသိဘူး၊ ဒီလိုပဲ မှန်းပြောတာပေါ့၊ အပြင်က ပြန်လာရင် ဘယ်သူမဆို အဝတ်အစားလဲကြမှာပေါ့"





"ဒါဖြင့်ရင် ကိုရီးယားကား ကြည့်တယ် ဆိုတာကရော"

"ဟ ... အဲဒါက မင်းလေသံက ဒီလောက်စိတ်မကြည်ဖြစ်နေတာ၊ မင်းတို့မိန်းမတွေက ကိုရီးယားကားကြည့်နေတုန်းနှောင့်ယှက်ရင် ဆဲတာထက်တောင် စိတ်ဆိုးတာမဟုတ်ဘူးလား"

"နင် တော်တော်မိန်းမကျမ်းကျေတဲ့သူပဲ"

"ဟက် ... အဲလောက်လည်း မဟုတ်ပါဘူး ... ဟင်းဟင်း"

"ငပေါကောင် ဒါပဲ"

နွေတာက သူ့ အရှိန်တက်ပြီး အိုက်တင်ကောင်းနေတုန်း ဖုန်းကို ချပစ်လိုက်သည်။ ဖုန်းချလိုက်သော်လည်း နွေတာ့နှုတ်ခမ်းတွေက ပြုံးနေဆဲပင်။ ပြုံးနေတာမှ အပေါ်နှုတ်ခမ်းလေးကော့တက်အောင် ပြုံးနေခဲ့တာဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သကြိန်မှာ ရင်ခုန်သံတွေ မြန်တတ်သည်ဟု သူများတွေက ပြောခဲ့ဖူးသည်။

နွေတာ မယုံခဲ့။

ရင်ခုန်သံတွေ မောင်းနှင်စေသော Supporting တွေ ကြောင့်သာဟု ထင်ခဲ့သည်။ အခုတော့ မဟုတ်ခဲ့။ ဘာကြောင့် ရင်တွေခုန်နေရသလဲ။

နွေဦးလေပြည်တွေကြောင့်လား၊ ပိတောက်ဝါတွေကြောင့်လား။ အကြည့်တောက်တောက်ပပတွေကြောင့်လား။

တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပြောကြတဲ့ စကားတွေကြောင့်လား။

"မြူးကြွတဲ့တေးသံ xxx ပျံ့လွင့်လို့နေ xxx ကူးပြောင်းစ တန်ခူးနွေမှာ တစ်ယောက်တစ်လှည့်မို့ လောင်းကာ xxx ဖျန်းပက်ကြစဉ် ..."





နွေတာ့ရဲ့နားထဲတွင် တေးသံသာတစ်ခုက ပျံ့လွင့်လာသလို ခံစားခဲ့ရသည်။






www.burmeseclassic.com

www.burmeseclassic.com







# “သင်္ကြန်အကြတ်နေ့”

(ပထမအကြတ်)

www.burmeseclassic.com

www.burmeseclassic.com



လင်းထွဋ်ရဲ့ စိတ်ထဲတွင် ဒီနေ့ အဖို့ တစ်ခုခုထူးခြားလိမ့်မည်ဟု ထင်နေမိသည်။ ဘာကြောင့်ဟုတော့ အတပ်မပြောနိုင်ချေ။

လူတွေမှာ တစ်ခါတစ်ရံကျလျှင် အလိုလိုပဲ ဆဋ္ဌမအာရုံတွေ ရတတ်တယ် မဟုတ်လား။

အခုလည်းပဲ သူ့စိတ်ထဲမှာ တစ်ခုခုကို ထင့်နေသည်။

ညကလည်း အိပ်ရာထဲမှာ မနက်ဖြန် သူမ ဘာအဆီအစဉ်နဲ့ လှုပ်ရှားမလဲဆိုတာပဲ တွေးနေမိသလို မနက်ကျတော့လည်း စောစောစောပဲနိုးကာ ဒီအကြောင်းကပဲ ခေါင်းထဲရောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



Breakfast ဝိုင်းမှာတော့ သူငယ်ချင်းတွေနှင့်အတူ ညကဝယ်လာသော ချိစ်ကိတ်နဲ့ ကော်ဖီကို စားရင်းသောက်ရင်း စကားပြောမိကြသည်။

"မင်းတို့ ဒီနေ့ ဘာအစီအစဉ်လဲ"

"ကြွက်ကြီးတို့မကျော့် သွားမလို့လေ၊ ငါတို့တွေ အဲဒီက ဆော်တွေနဲ့ ကြည့်နေကြတာ ... ဟီး ဟီး"

ရှောက်လန်းက သွားသုံးဆယ့်နှစ်ချောင်းကို ရှေ့သို့ ထုတ်ရင်းပြောသည်။ သူက ခေါင်းကို တစ်ချက်ယမ်းလိုက်ရင်း ...

"ငါ့စိတ်ထဲမှာ ဒီနေ့ တစ်ခုခု ထူးခြားလိမ့်မယ်လို့ ထင်နေတယ်"

"အာရုံတွေ ရနေတယ်ပေါ့ ဘိုးတော်"

"မနေ့က ကိတ်မုန့်ဆိုင်ကအပြန် သူ တစ်နေရာကို သွားသေးတယ်၊ ငါ့စိတ်ထင် ဂိမ်းကိစ္စအတွက် တစ်ခုခုလှုပ်ရှားလာတယ် ထင်တာပဲ"





"ဘာလဲ ... အဲဒီတော့ မင်းက ဘာလုပ်ချင်တာလဲ"

"စိတ်ထဲမှာ သူ လေးလေးအိမ်ကို သွားနိုင်တော့မယ်လို့ အလိုလိုခံစားနေရတယ်"

"သွားနိုင်တော့ရော ဘာဖြစ်လဲ၊ သူစွမ်းလို့ သူနိုင်တာပဲ ဥစ္စာ"

အသားထဲကလောက်ထွက် မိုးမြင့်က သူဝယ်လာသော ချိစ်ကိတ်တွေကို ပလုတ်ပလောင်းစားရင်းမှ သူ့ကို ပြန်ပြောသည်။

"ငါက မနိုင်စေချင်လို့ပေါ့ကွ"

"ဟမ် ... ဘာလို့ မနိုင်စေချင်ရတာလဲ"

သူငယ်ချင်းသုံးယောက်လုံးက သူ့ကို အထူးဆန်းပုံစံဖြင့် ဝိုင်းကြည့်ကြသည်။ သူ့မျက်လုံးထဲတွင် ကောင်မလေးရဲ့ လွတ်လပ်ပွင့်လင်းသော စကားသံများ၊ မိန်းကလေးရယ်လို့ မများ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိသော အပြုံးများ စတာတွေကို ပြန်လည်မြင်ယောင်လာသည်။

"သူရှုံးသွားရင် သူ့နလုံးသားကို ငါဆီ ပေးရမှာလေ"

"ဘာ ... အဲဒီတော့ မင်းက သူ့နလုံးသားကို လိုချင်တယ်ဆိုတဲ့ သဘောလား"

သူ ပြန်မဖြေမိချေ။ တကယ်ပဲ ဒီကောင်မလေးကို စိတ်ဝင်စားသွားပြီလား၊ ချစ်ချင်နေပြီလား ဆိုတာ သူ့ကိုယ်သူ ပြန်မေးနေမိသော မေးခွန်းပဲဖြစ်သည်။

"ဟာ ဟ ... ဒီကောင်က လက်စသတ်တော့ အိမ်ထဲမှာတင် အငြိမ်ရင်ခုန်နေတာကိုး"

"ဘာလဲ ဟေ့ကောင်၊ မင်းပြောတော့ နံ့ပြည်စုတ်လေး ဘာလေးနဲ့၊ ခုတော့ နံ့ပြည်စုတ်ကိုလည်း ရင်ခုန်နေပြီပေါ့ ဟုတ်လား"





"နံ့ပြည်စုတ်မှာလည်း အသည်းနဲ့ပါ ... ဟား ဟား"

"နံ့ပြည်စုတ်အသည်းနလုံးနဲ့လူ ... ဟီး ဟီး"

သူငယ်ချင်းများက သူပြောခဲ့သောစကားဖြင့် သူ့ကို ပြန်ပြီး ဟားနေကြသော်လည်း သူ့မှာ ဘာမှ မပြောသာချေ။ မချိပြုံးတစ်ခုနဲ့သာ ငြိမ်သက်နေရသည်။

"မင်းတို့နှစ်ယောက်က ပါရမီဖြည့်ဖက်တွေနဲ့ တူပါတယ်ကွာ၊ မင်းကလည်း သူ့ကြောင့် လက်ကျိုး၊ သူကလည်း မင်း လက်ကျိုးတာကြောင့် အပြစ်မကင်းဖြစ်ပြီး မင်းအတွက် ပျော်စရာ အလောင်းအစားလေးတွေလုပ် ...

တစ်ယောက်နဲ့တစ်ယောက် ဘယ်သူမှမပါဘဲသကြိုန်ကျနေကြတာ ... ဟင်း"

"မင်းပဲ စောင့်ကြည့်ပေါ့"

"စောင့်ကြည့်တာက ဟုတ်ပါပြီ၊ တကယ်လို့ သူထွက်သွားတာတွေ့ရင် ဘယ်လိုလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာမင်း ပြောလိုက်ပေါ့ကွာ"

"ကျွတ် ... မင်းတို့ကလဲ အားကိုမကိုးရဘူး"

"သကြန်ရက်တွေတော့ အားကိုးမနေနဲ့ သူ့ဟာသူ ရေလုံးဝ မစိုဘဲ ရောက်သွားတော့ရော ဘာဖြစ်လဲ"

"အေးလေ ... စိတ်ပုပ်ကြီး"

သူက ဘာမှမပြောတော့ဘဲ နှုတ်ခမ်းကိုက်ကာ အသာငြိမ်ဆိတ်စားနေမိခဲ့သည်။

ဒီလိုနှင့် သူ့သူငယ်ချင်းတွေကလည်း ကားတစ်စီးနှင့် ထွက်သွားကြသည်။

သူသည် ဘာလုပ်ရမှန်း မသိစွာဖြင့် ကော်ဖီတစ်ခွက်ကိုကိုင်ကာ အိမ်ပေါ်ထပ် ဝရန်တာသို့ ထွက်လာခဲ့သည်။

အိမ်ပေါ်ထပ်ကနေ၍ ကြည့်လျှင် သူမတို့အိမ်ဘက်ကို ကောင်းကောင်းမြင်ရပါသည်။





သူမ ဘာတွေ ကြံစည်နေလဲ။ အပြင်ပဲထွက်သွားပြီလား။ လမ်းထိပ်က သူ့အမျိုးတွေကို ပြောတော့ ပြောထားပေမယ့် ဒီတစ်ခါတော့ သူမ လှည့်စားသွားနိုင်မလား။ အမျိုးစုံတွေးနေတုန်းမှာပဲ သူတို့အိမ်ရှေ့က ဖြတ်သွားသော စက်ဘီးတစ်စီးကို ဖျတ်ခနဲ မြင်လိုက်ရသည်။ လုံခြုံရေးဝတ်စုံ ဝတ်ဆင်ထားသော Security ဝန်ထမ်းတစ်ဦး ဖြစ်ပုံရပြီး စက်ဘီးသမားဟာ သူတို့ခြံကို ကျော်သွားတော့မှ ဘာရယ်မဟုတ်ဘဲ သူ ရပ်နေသော ဝရန်တာကို မော့ကြည့်လာသည်။ ကပ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသောကြောင့် မျက်နှာကို ကွဲပြားစွာ မတွေ့လိုက်ရသော်လည်း သူ့စိတ်ထဲတွင် ဇဝေဇဝါ ဖြစ်သွားသည်။ ဒီဘက်ကို လှမ်းကြည့်လိုက်သော မျက်လုံးအကြည့်တို့ဟာ စက္ကန့်ပိုင်းမျှသာ ဖြစ်ပေမယ့် သူ့စိတ်ထဲမှာ ဒီမျက်လုံးကို ရင်းနှီးနေသည်ဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါ ... ဒါ"

သူ့ခေါင်းထဲ၌ ဖျတ်ခနဲ လင်းလာချိန်ဝယ် စက်ဘီးကို အမြီးတောင် မမြင်ရတော့ဘဲ ပျောက်သွားပြီဖြစ်သည်။ သူသည် ရုတ်တရက် ဘာလုပ်ရမှန်း မသိဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

နောက်တော့ ... တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ ခြံတံခါးကို ပြေးဖွင့်သည်။ နောက် ... ဂိုဒေါင်ထဲမှကားကို ထုတ်သည်။

ကားက အော်တိုဂီယာမို့သာ တော်တော့သည်။ ပြီးတော့ သူသည် လက်တစ်ဖက်တည်းနဲ့ပင် ကားကိုရအောင်မောင်းကာ စက်ဘီးနောက်သို့ လိုက်ခဲ့လေသည်။

ခပ်သွက်သွက် မောင်းလာခဲ့သော်လည်း စက်ဘီးကို ခုထိမတွေ့မမြင်ရသေးချေ။ သူ့ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။





သိပ်မကြာခင်မှာ သူ့ဦးလေးအိမ်သို့တောင် ရောက်တော့မည်။ ဘုရား ... ဘုရား ... သူမ ရောက်တောင်ရောက်သွားပြီလား။ သူက ထိုအချိန်မှာပဲ ဦးလေးအိမ်ရှေ့မှာ ရပ်လိုက်သော စက်ဘီးနှင့် လုံမြို့ရေးဝန်ထမ်းကို မြင်လိုက်ရလျှင် ဘာမှမစဉ်းစားနိုင်တော့ဘဲ ကမူးရှူးထိုးနဲ့ကို အဲဒီနားအထိ ကားမောင်းသွားကာ ကားကို ကျွီခနဲမြည်အောင်ပင် ဘရိတ်ဖမ်းနင်းလိုက်ရလေသည်။ ခဏလေးဆိုမှ ခဏလေး ...။

လေးလေးတို့ခြံဝက ဘဲလ်ကို နှိပ်တော့မည့် လက်များသည် သူ့ကားဘရိတ်သံကြောင့် ရပ်တန့်သွားကာ လှည့်ကြည့်လာသည့် အနိုက်အတန့်၊ အဲဒီအနိုက်အတန့်မှာကိုပဲ သူ့လက်ထဲမှ ရေသနတ်ဘူးသည် တစ်စုံတစ်ယောက်ရဲ့ပခုံးပေါ်သို့ အဆီးတားမဲ့စွာ စီးဆင်းသွားပြီတည်း။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အာသေနဒိုက်ဖြင့် အုံညြတကြီး မွှင်လာသော နှုတ်ခမ်းရယ်၊ ဝိုင်းစက်သွားသော မျက်ဝန်းတွေရယ်ဟာ မင်းပါလို့ အကောင်းဆုံး သက်သေပဲ မဟုတ်လား။

သူက ပိုသေချာအောင် ထိုတစ်ယောက်ဆောင်းထားသော ကပ်ဦးထုပ်ကို ဆွဲချွတ်လိုက်သည်။

ဒီတော့မှ ဝင်းပပမျက်နှာတစ်ခုသည် ထင်းထင်းကြီး ပေါ်လာလေသည်။ သူက ထိုမျက်နှာ လေးကို ကျေနပ်အားရစွာဖြင့် အားပါးတရကြီး ပြုံးပြလိုက်သည်။

"တောက်"

သူမက မကျေမနပ်ဖြင့် တက်ခေါက်သည်။ သူက မျက်နှုံးပင့်ပြ၍ ပိုပြီးစိတ်ဆိုးသွားစေရန် ကလိလိုက်သည်။

"တကယ်ကို လက်မတင်လေးပဲနော်"

"နင် ... သိပ်စိတ်ပုပ်တယ်"



"ဟာ ... ကိုယ့်တာကိုယ် လုံအောင်ဖုံးတာပဲ၊ စိတ်ပုပ်တယ် ဖြစ်ရလား။ မင်းကို ဘယ်လိုပုံစံမျိုးနဲ့မဆို နှောင့်ယှက်ခွင့် ရှိတာပဲလေ"

သူမက မပြောတော့ဘူး ဟူသော ပုံစံဖြင့် နှုတ်ခမ်း ကိုကိုက်ကာ ရှာခနဲ လှည့်ထွက်ဖို့ပြင်သည်။ Securiy ဝတ်စုံဖြင့် ကြည့်ကောင်းနေသော သူမရဲ့ပုံစံကိုကြည့်ကာ သူက တစ်ချက် ပြုံးလိုက်မိသည်။

သူမက စက်ဘီးကို ခေါက်ဖြုတ်ကာ တက်နင်းဖို့ တောင် ပြင်နေပြီ။

"ဟိတ် ... အဲဒီဝတ်စုံ ဘယ်ကရတာလဲ"

"မပြောဘူးဟေ့။ သတ်ရင် သတ်လိုက်"

သူမက လှည့်မကြည့်ဘဲ ခေါ်ရင်း စက်ဘီးပေါ်တက် ကာ နင်းထွက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com







## ၁၁

"ဟယ်လို ... ဟယ်လို ... ကြားလား နွေတာ။ ကြားလား"

ဒုံချမ်း ဒုံချမ်း DJ သံတွေ၊ လူတွေ အော်ဟစ်မြူးကြွနေသော အသံတွေကြားမှ နင်းကန်ကုန်းအော်နေသော မင်းကိုအသံကြောင့် နွေတာက နားခေါင်းကို ဟင်းခနဲ ရှုံ့မိသည်။ နဂိုတည်းကမှ စိတ်မကြည် စိတ်တိုနေသောကြောင့် မင်းကိုကိုပါ ပြန်အော်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြားတယ် ... ကြားတာမှ အကုန်ကိုကြားတာ။ နင်သာ နေရာရှေ့"

"ဟေ ... အေး ... အေး။ ကြားပြီလား။ ဘယ်လိုလဲ နွေတာ။ အိုကေတယ် မှလား။ အဆင်ပြေတယ် မှလား"

မဏ္ဍပ်မှာ ရေဆော့နေတာတောင် စိတ်မပြတ်နိုင်ဘဲ ကိုယ့်ကို စိတ်ဝင်ထုစား လှမ်းမေးနေသော မစ်ကို့ကြောင့် နွေတာက စိတ်လျှော့လိုက်သည်။

"မပြောချင်တော့ဘူးဟော့။ လက်မ အောက်စိုက်တယ်"

"ဘာရယ် ... လက်မ အောက်စုပ်တယ် ဟုတ်လား။ ဘာကြီးလဲ"

"ကျွတ် ... ဘယ်က လက်မအောက်စုပ်ရမှာလဲ။ နင်ကလည်း ... ဟိုကနေ ကြားမိကြားရာတွေ လျှောက်ပြောမနေစမ်းပါနဲ့ ...





မအောင်မြင်ဘူးလို့ ပြောနေတာ"

"ဟင် ... ဟုတ်လား။ ဘာလို့လဲ ... ဒီလောက်အပိုင်ကြီးဟာကို"

"သင်းကြီးက ငါ့ကို မြင်သွားတယ်လေ။ ကဲပါ ... နင့်နောက်ကလည်း ဆူညံနေတာပဲ။ အိမ်ရောက်မှပဲ ဆက်လိုက်တော့ ... ဒါပဲ။ ဘာမှလဲ မကြားရဘူး"

နွေတာက စိတ်ပျက်လက်ပျက်ဖြင့် ဖုန်းချလိုက်ပြီးနောက် အံကြိတ်ထားမိသည်။ ဘာကြောင့် သူ မှတ်မိသွားရတာလဲ။ သူ့အမျိုးတွေအိမ်ရှေ့က ဖြတ်တုန်းကတောင် ကလေးတစ်အုပ်က နွေတာ့ကို မမှတ်မိခဲ့ချေ။ သူ့ကို ဝရန်တာမှာတွေ့လိုက်စဉ် ဖျတ်ခနဲ မော့အကြည့်မှာ မှတ်မိသွားရတာလား။ အဲလောက်လေးဟာ မှတ်မိစရာအကြောင်းတော့ မဟုတ်ဘူး ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဘာကြောင့် မှတ်မိသွားတာလဲ။ အာ ... မစဉ်းစားတတ်တော့ဘူး။ ခေါင်းရှုပ်တယ်။

နွေတာက ခေါင်းတွေကို ကုတ်ဖွလိုက်စဉ်မှာပဲ ဖုန်းမြည်သံ ထွက်ပေါ်လာသည်။ Display ပေါ်သို့ ကြည့်လိုက်လျှင် လင်းထွဋ်ဆီက ဖုန်းဆိုတာကို သိလိုက်ရတာမို့ ဖုန်းကိုတောင် မျက်စောင်းထိုးမိသွားသည်။

ပြီးတော့ စူပုပ်ပုပ်နှင့် ကောက်ကိုင်ကာ ဆောင့်ဆောင့်အောင့်အောင့် ထူးမိသည်။

"ဘာတုံး"

"ဟ ... ထူးသံကြီးကလည်း မချိုသာလိုက်တာ"

"ငါက ဘာကိစ္စနဲ့ ချိုသာအောင် ထူးနေရမှာလဲ"

"အဟက် ... စိတ်ကို လျှော့ထားပါဟာ။ ဘာဖြစ်နေတာလဲ။ ဩော် ... မင်းနဲ့လိုက်တဲ့သီချင်း ဆိုပြရမလား။ ဒီမှာ





တင်းတယ် xx တင်းတယ် xx တင်းတယ်ဟေ့ xxx လူမသိ သူမသိ ငါ့မှာတစ်ယောက်တည်း ရှက်စရာ ... ခိခိ"

သူ့ဟာသူ သီချင်းဆိုပြီး သူ့ဟာသူ တခိခိ တဟိဟိနှင့် သဘောကျနေသော လင်းထွဋ်ကို နွေတာက မမြင်နိုင်မှန်း သိပါရက်နှင့် ဒီဘက်ကနေ၍ မျက်စောင်းထိုးမိသည်။

"ဟိတ် ... ဘာငြိမ်နေတာလဲ။ ငါ ဆိုတာကောင်းလို့ မျောသွားတာလား"

"အေး ... ကောင်းလွန်းလို့ မျောသွားတာတော့ မဟုတ်ဘူး။ စိတ်ပျက်လွန်းလို့ သေမလိုဖြစ်ပြီး မျောသွားတာ"

"ဟား ... ဟား အဲလောက်တောင်ပဲလား။ ဘယ်လိုလဲ နွေတာ၊ မင်း ငါ့ကိုမြင်တော့ တော်တော်အံ့သြသွားတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟက် ... အဲလောက်လည်း မဟုတ်ပါဘူး"

"ပြောတဲ့အသံကြီးက အသက်မပါလိုက်တာ။ ငါ့ကိုမြင်သွားတဲ့ မင်းမျက်နှာကြီး သွေးပျက်သွားတာ သေချာပါတယ်ကွာ ... ဟား ဟား"

"သေလိုက်ပါလား။ နင် သိထားဖို့က မနက်ဖြန်လည်း သကြိန်အကြတ် ဒုတိယနေ့ ဆိုတာပဲ"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ။ ဒီနှစ်သကြိန်က ဓါတိုင်းနှစ်တွေထက် တစ်ရက်ပိုတယ်လေ။ အကြတ်နေ့က နှစ်ရက်ဆိုတာ နင် မသိဘူးလား"

"အဲဒီ ... တော့"

"ဟာ ... ငါ့အတွက် အခွင့်အရေး တစ်ရက်ပိုရတာပေါ့၊ မှတ်ထားလိုက်ဦး ငါ့အတွက် နောက်ထပ် အချိန်နှစ်ရက်





ရသေးတယ်ဆိုတာကို၊ နင် ဒီလိုတွေ အသည်းအသန်လိုက်ပိတ်ဆို့လေလေ ငါက သတိဝီရိယပိုထားပြီး ကြိုးစားလေလေပဲ။ စိတ်ဓာတ်ကျပြီး အရှုံးပေးသွားမယ်တော့ မထင်နဲ့"

နွေတာရဲ့ ရဲရဲတောက် စကားတွေကြောင့် တစ်ဖက်က ငြိမ်သက်တိတ်ဆိတ်သွားသည်။

"မင်း နိုင်မယ်လို့ ထင်ထားတယ်ပေါ့နော်"

"ဒါပေါ့"

"အင်းလေ ... ဒါဆိုလည်း ဆက်ကြိုးစားပေါ့။ ဩော် ... ဒါနဲ့ ငါ မသိလို့ မေးတာပါ"

"ဘယ်သူကရော သိပြီး မေးတဲ့လူ ရှိလို့လဲ"

သူ့စကားကို နွေတာက ဖြတ်ပြီးပြောလိုက်လျှင် သူက တိတ်ဆိတ်သွားသည်။ ပြီးတော့မှ စိတ်လျှော့လိုက်သော အသံဖြင့် စကားသံ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... မသိလို့ပဲ မေးတာပါ။ မင်း ဝတ်တဲ့ လုံခြုံရေးဝန်ထမ်းဝတ်စုံက ဘယ်ကရတာလဲ"

"နင် အဲဒါကို တော်တော်စိတ်ဝင်စားနေလား"

"ဝင်စားတယ်"

"ဘာလဲ ... အလုပ်လျှောက်ချင်လို့လား၊ ပြောပေးမယ်လေ"

"မင်းအသိ Security ကုမ္ပဏီက ဝတ်စုံကို ငှားလာတာလား"

"ဟင်း ဟင်း ... မင်း မဆိုးပါဘူး။ ကဲ ... ပြီးရော၊ ဒါပဲလေ။ မနက်ဖြန်အတွက် ငါ အိုက်ဒီယာထုတ်ရဦးမယ်။ နင်လည်း ငါ့ကို ဘယ်လိုနည်းလမ်းနဲ့ နှောင့်ယှက်ရမလဲ ဆိုတာ စဉ်းစားလိုက်ဦးပေါ့"

နွေတာက ပြောပြီးတာနှင့် သူ ဘာပြန်ပြောမလဲ ဆိုတာတောင် မစောင့်တော့ဘဲ ဖုန်းကို ချပစ်လိုက်သည်။ ပြီးတော့





လည်း ဒီ့ထက်ကောင်းသည့် အိုက်ဒီယာ၊ အထူးသဖြင့် Twist တစ်ခု သုံးထားသည့် အိုက်ဒီယာမျိုးသုံးမှ အဆင်ပြေတော့မည်ဟု နားလည်သဘောပေါက်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com









# “ဒုတိယအကြိုက်နေ့”

www.burmeseclassic.com

www.burmeseclassic.com







ဒုတိယအကြတ်နေ့ ဆိုတော့ သင်္ကြန်ရေကစားသူတွေမှာ ပိုပြီးအရှိန်တက်နေကြဟန်တူသည်။ သူ့အိမ်က ဘော်ဒါတွေလည်း ဟဲလေးသီချင်းထဲကလို မိုးလင်းတာနဲ့ အပြင်ကိုထွက်ချင်တယ် ။။ ဂျင်းကျပ်ကျပ်ဝတ်လာတယ် ဆိုတာမျိုးတွေချည်းဖြစ်နေသည်။

မရှောပ်က ကောင်မလေးတွေနဲ့ ဇာတ်လမ်းတွေဖြစ်နေကြပြီမို့ သူ့အရေးကိစ္စလည်း ဘယ်သူမှ ဂရုစိုက်ကြတော့ဈေး။ ဆုရွှေတာကို ဘယ်သူမှ ကင်းစောင့်ပေးမယ့်သူ မရှိ။ ဟိုတစ်ယောက်ကလည်း ယုံကြည်မှုအပြည့်နှင့် ဆက်ကြိုးစားဦး



www.burmeseclassic.com

www.burmeseclassic.com

မည့်ပုံမို့ သူက သူငယ်ချင်းတွေကို မရဲတရဲ အကူအညီတောင်း ကြည့်ရသည်။

"မင်းတို့တွေ ဒီနေ့ အပြင်မထွက်လို့ မရဘူးလားကွာ"

"ဘာဖြစ်ပြန်ပြီလဲ။ ဒီနေ့လည်း မင်းဘာသာ စကိတ်နဲ့ လိုက်ပေါ့ကွ ... ဟား ဟား"

ရှောက်လန်းက ခေါက်ဆွဲပြုတ်တွေကို အားပါးတရ စားရင်းမှ သူ့ကို လှမ်းပြောင်သည်။ မနေ့က မွေတာရဲ့နောက်သို့ လက်တစ်ဖက်တည်းနဲ့ ကားမောင်းပြီးလိုက်သွားတာကို သူငယ် ချင်းတွေလည်း သိပြီးသားဖြစ်ကြသည်။

"ယက်တစ်ဖက်ပြတ်သိုင်းသမား ဆိုတာ ဒါမျိုးပေါ့ ... ဟီး ဟီး"

"မင်းကွာ ... ဘယ်လိုစွမ်းအားတွေနဲ့များ လက်တစ်ဖက် တည်းနဲ့ ကားမောင်းသွားရတာလဲ"





"နေပါဦး ... သူ ရုပ်ဖျက်ထားတာတောင် မင်းက မှတ်မိ တယ်ပေါ့"

"အစက မမှတ်မိဘူး။ သူက ဒီဘက်ကို လှည့်ကြည့်တော့ လည်း ဇဝေဇဝါပဲ။ အဲဒီမှာ ခဏလေး မြင်လိုက်ရတဲ့ မျက်လုံးလေးကို သတိထားမိသွားတာ။ လိုက်သွားတဲ့အချိန် အထိ လုံးဝမသေချာသေးဘူး ...

လေးလေးတို့ အိမ်ရှေ့ရောက်တော့မှ သူမှန်း သေချာ သွားတာ ...

ဒီတော့မှ ကားထဲက ရေသန့်ဘူးယူပြီး သူ့ဆီ ပြေးသွားတော့တာပဲ"

"အင်း ... မင်းတို့ကလည်း အိမ်တွင်းဇာတ်လမ်းတစ်ပုဒ် ပဲ။ ဟိုကောင်မလေးကလည်း တော်တော်ကို ဇွဲခတ်တဲ့ ကောင်မလေး ...



www.burmeseclassic.com

www.burmeseclassic.com



နေပါဦး ... မင်းက သူ့ကို မနိုင်စေချင်ရအောင် တကယ်လို့ သူ ရှုံးသွားရင် သူ့နှလုံးသားကို တောင်းမလို့လား"

"တောင်းမယ်"

"ဘာရယ် ... ဒါဆို မင်းက သူ့ကို ချစ်သွားပြီဆိုတဲ့ သဘောလား"

သူ ပြန်မဖြေမိချေ။ မျက်လုံးထဲတွင် ငှက်ကလေးရဲ့ စူတူမူတူပုံစံလေးများကို ပြန်မြင်ယောင်လာပြီး နွေးသွားရသည်။

အင်း ... အရင်တုန်းက အမြင်ကတ်ခဲ့စဉ်တုန်းကတော့ နံ့ပြည်စုတ်ပေါ့။

အခုတော့ ငှက်ကလေး ဖြစ်သွားရပြီ။ ဟိုကောင်တွေ သိရင်တော့ ဘယ်လောက်များ ဟားမလဲမသိပါ။





"မသိဘူးကွာ။ ဘာပဲဖြစ်ဖြစ် သူနဲ့ ဒီထက်ပိုပြီးရင်းနှီးချင်တဲ့ဆန္ဒတော့ ရှိတယ်"

"အမယ်လေး ... ရိုးရိုးလေးကို ရှုပ်အောင်လုပ်နေပြန်ပြီ။ ချစ်ရင် ချစ်တယ်၊ ကြိုက်ရင် ကြိုက်တယ်ပေါ့ကွာ"

"မပြောတတ်လို့ပါကွာ။ ခဏလေးနဲ့ ချစ်တယ်ဆိုတဲ့ အသုံးနှုန်းကို သုံးနှုန်းရမှာလည်း ပေါ့တိမ်တယ်လို့ ထင်လို့ ..."

အဲလိုလည်း မပြောချင်သေးဘူး။ ဒါပေမဲ့ ငါ့စိတ်ထဲမှာ သာမန်သကြန်ဇာတ်လမ်းတစ်ပုဒ်လို အပျော်သဘော မဟုတ်တာတော့ သေချာတယ်။ သူနဲ့ ငါနဲ့က မဏ္ဍပ်မှာတွေ့၊ ရေပက်ခံကားပေါ်မှာတွေ့ပြီး အပျော်ငြိခဲ့ကြတာမှ မဟုတ်တာ"

"ဟောကောင် ... ဟောကောင် ... မင်း ဘယ်သူ့ကို စောင်းပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါစေကွာ။ သင်းက အရိုးကွဲအောင် လုပ်ထားလို့ အသည်းစွဲအောင် ချစ်တယ်ဆိုတာမျိုး ဖြစ်နေမှာ"

"ဘာပဲဖြစ်ဖြစ်ကွာ။ မင်းတို့ မနက်ဖြန် ငါ့ကို ကင်းစောင့်ပေးပါလား"

"ဟာ ... မင်းကောင်မလေးက ဘယ်အချိန် သွားမယ်မှန်း မသိဘဲနဲ့ ငါတို့က မိုးလင်းတည်းက သူတို့အိမ်ရှေ့မှာ ငုတ်တုတ်ထိုင်စောင့်နေရမှာလား"

"အေးလေ ... မနက်ဆိုလည်းမနက်၊ ညနေဆိုလည်း ညနေ မဟုတ်ဘူး"

"မသိတတ်ဘူးကွာ။ ဘယ်ကနေ ဘယ်လိုစောင့်ဖမ်းရမှန်းတောင် မသိတော့ဘူး"

"စောင့်မဖမ်းချင်လည်း လွှတ်ထားလိုက်ပေါ့ကွာ။ သူများကိုပဲ ဒုက္ခပေးဖို့ စဉ်းစားမနေနဲ့"





"မင်းတို့ကလည်း။ တစ်စက်လေးမှ အားမကိုးရတာပဲ"

"အားကိုးမယ်နော် xx အာ့ဟာ xx အာ့ဟာ"

"ကျွတ်"

အားလုံးက ပြောင်နောက်နေကြသဖြင့် သူက ကျွတ်ခနဲ စုတ်သပ်ကာ ထိုင်ရာမှ ထထွက်လာခဲ့သည်။ အပေါ်ထပ်သို့ တက်လာခဲ့ပြီး တစ်ဖက်အိမ်သို့ ကြည့်ရသည်။

ဘာလှုပ်ရှားမှုမှ မတွေ့ရ။ ငြိမ်သက်တိတ်ဆိတ်နေပြန်သည်။

ဒါပေမဲ့ စိတ်ထဲမှာ သူမ တစ်ခုခု လှုပ်ရှားတော့မည်ဟု ထင်နေတာကလည်း ထူးတော့ထူးဆန်းသားပင်။

လက်ဖဝါးနှစ်ဖက်ကို ပွတ်နေသော သူသည် ထိုင်ရတော့မလို ထရတော့မလိုဖြင့် ဂနာမငြိမ်ဖြစ်နေပြီး နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသားချကာ သူမသိ



www.burmeseclassic.com

www.burmeseclassic.com

သို့ ဖုန်းခေါ်လိုက်လေသည်။ ဖုန်းက တော်တော်နဲ့မကိုင်။ သူ ရင်ပူလာသည်။

မကိုင်မချင်းလည်း တစ်ဖက်က အေသင်ချိုဆွေနဲ့ လည်း ဖျော်ဖြေနေသေးသည်။

"နင်လေ သတိရရင် xx ဖုန်းဆက်ပါ အချိန်တိုင်း xx လေပြည်စကားနဲ့တင် ကျေနပ်တယ် xx ဆုံတွေ့ဖို့ နေ့ ရက်လေးတွေ xx ငါလေ အချိန်မှန် လက်ချိုးရေ ...

ရေမြေခြားပြီးတော့ xx ဟိုးအဝေးကို ထွက်သွား"

ပထမတော့ ဘာရယ်မဟုတ်ပေမယ့် နားထောင်ရင်း မှ သူက တစ်စုံတစ်ခုကို သတိရသွားသည်။

နွေတာဟာ သီချင်းထဲကလိုပဲ ပြီးရင် ရေမြေခြားကို ထွက်သွားမယ့်သူပဲ။

အဲဒီခါကျ ရင် ? ? ? ။





"ဟဲ့ ... ပြောလေ၊ ဘာလဲ"

အတွေးလွန်သွားသောကြောင့် ဘယ်အချိန်က ဖုန်း ဖွင့်ထူးသွားလဲဆိုတာ မသိလိုက်ချေ။

"မင်း ဘယ်ရောက်နေတာလဲ"

"ငါလား ... အိမ်ရှေ့မှာလေ"

"ဟမ် ... ဘယ်အိမ်ရှေ့မှာလဲ"

"ငါ့အိမ်ရှေ့မှာပေါ့၊ ငါ သွားတော့မလို့"

"ဘာရယ် ... ဘယ်ကိုသွားမှာလဲ"

"ဘယ်သွားရမှာလဲ။ နင့်ဦးလေးအိမ်ကိုပေါ့ ... ဒါပဲ။ ဒီနေ့တော့ ဆုနွေတာရဲ့ဒေးလို့သာ မှတ်လိုက်တော့ ... ဟား ဟ"

သူမက လှောင်ပြောင်ရယ်မောသံဖြင့် ဖုန်းချသွား လျှင် သူဟာ ကပျာကယာဖြင့် ဝရန်တာသို့ ထွက်ကာကြည့်မိ သည်။


www.burmeseclassic.com

www.burmeseclassic.com

တကယ်ကိုပဲ သူမကို မနေ့က Security ဝတ်စုံဖြင့် တွေ့လိုက်ရသည်။

ဦးထုပ်ကို စပ်ဒိုက်ဒိုက်ဆောင်းထားသော သူမသည် ဒီတစ်ခါတော့ သူ့ကို မော့မကြည့်တော့ဘဲ စက်ဘီးကို အားကုန်နင်းသွားသည်။

"ဟာ"

သူ ပျာခနဲ ဖြစ်သွားပြီး အိမ်အောက်ထပ်သို့ပြေးဆင်းလာခဲ့သည်။

ကယောင်ကတမ်းဖြင့် အိမ်ရှေ့သို့ ပြေးထွက် လာခဲ့ပြီး သူမကို မျှော်ကြည့်လိုက်လျှင် စက်ဘီးကိုမြင်ရဆဲ။ အဲဒီ အခိုက်မှာ သူ့မျက်လုံးထဲသို့ ရောက်လာတာက မျက်စောင်းထိုးခြံက တစ်စုံတစ်ခုဝယ်ပြီး ပြန်လာသော အလုပ်သမားကောင်လေး တစ်ယောက်ကိုဖြစ်သည်။





ကောင်လေးက စက်ဘီးကိုဒေါက် ထောက်နေသည်။ တံခါးဖွင့်ဖို့ ဟန်ပြင်နေတဲ့ပုံပင်။

"သိန်းထူး ... သိန်းထူး ... ငါ့ကို စက်ဘီးခဏလောက် ငှားစမ်းပါ"

သိန်းထူးဆိုသော ကောင်လေးက သူ့ကို စိတ်မှန်ရဲ့လားဟူသော အကြည့်မျိုးဖြင့်ကြည့်သည်။ သို့ပေမဲ့ သူ ဂရုမစိုက်အားပေ။

လက်တစ်ဖက်ကလည်း စက်ဘီးကို ဆွဲယူသည်။ ကျိုးတာက ဘယ်လက်နဲ့ ပြဿနာမရှိဘဲ ညာလက်ဖြင့် တော်တော်များများကို လုပ်လို့ရ၍ တော်သေးသည်။

"အစ်ကို ... အစ်ကို ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွ အေးဆေးပါ။ သွားပြီဟေ့ ... ပြီးမှလာပေးမယ်"


www.burmeseclassic.com

www.burmeseclassic.com



သူက စက်ဘီးပေါ် တက်နင်းပြီး ထွက်လာခဲ့သည်။ တအားကုန် နင်းလာတာကြောင့် ခဏတွင်းမှာပဲ သူမကို မီလာသည်။

သူက သူလိုက်လာတာကို မသိတဲ့အလား သာမန်ပဲ နင်းနေတာကြောင့်လည်း ဖြစ်နိုင်သည်။

"ဟာ ... ဒီနိုင်းသစ်နဲ့ ထွက်လည်တာလား။ ခစ် ... ခစ် ဒီမှာ လက်တစ်ဖက်ပြုတ် သိုင်းသမား၊ အဲလေ ... လက်ကျိုးမင်းသား ... ပက်ကြ ... ပက်ကြ"

"အယ် ... အကျိုးကြီးနဲ့လည်း ကဲတာပဲလား။ လာရော လပဟယ်"

"ဒွမ်း"

"ဟာ ... မပက်နဲ့လေ။ ဒီမှာ အရေးကြီးလို့ ထွက်လာတာ။ ပက်လို့မရဘူး"





"အောင်မာ ... မပက်စေချင်ရင် မထွက်နဲ့။ ဒါ သကြန်ပဲ။ အပြင်ထွက်ရင် ပက်မှာပဲ။ ရော ... ခွက်ဆောင်းလေး တစ်ချက်လောက်"

ပြောကာမှ ပိုဆိုးနေသော မဒီတစ်သိုက်မှာ သူ့ကို ခွက်ဆောင်းပိုင်းစုတ်ကြတော့သဖြင့် အမြန်နင်းပြေးလာရသည်။ ရှေ့ကနင်းနေသော နွေတာသည် သူပါလာမှန်း သိသည့်အလား နင်းမိနင်းရာ စွတ်နင်းသွားသောကြောင့်လား မပြောတတ်ချေ။ လမ်းမထောက် ညာချိုးရမှာကို ဘယ်တကွေ့သို့ ချိုးသွားသည်။

"ဟော ... ဟော ... မှားနေပြီလေ"

သူ ပြောမှပင် သူမက စက်ဘီးကို အားကုန်ဖိနင်းတော့သည်။ သူကလည်း နောက်ကမီအောင်အလိုက်။ တစ်နေရာ အရောက်တွင် တစ်ဖက်ကကွေ့လာသော ကားတစ်စီးမှာ ခေါင်း မလှုတ်ဘဲ သူ့ဆီတည့်တည့်ကြီး ပြေးဝင်လာလျှင် သူက စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com



ကို လမ်းဘေးသို့ အတင်းဆွဲချလိုက်သလို ကားဘရိတ်အုပ်သံ ကျွီ ဆိုတာကြီးကလည်း နားထဲမှာ အကျယ်ကြီး ကြားရပြီးနောက် ခေါင်းကို ဒုတ်ခနဲမြည်တာသာ သိလိုက်ပြီး ဘာမှထပ်မသိရတော့ပါ။





# ၁၂

အိမ်အကူကောင်မလေးက လာဖွင့်ပေးသော တံခါးမှတစ်ဆင့် နွေတာက ဂေါ်ဖ်ချန်ပီယံကြီးရဲ့ အိမ်ထဲသို့ ဝင်လာခဲ့သည်။ ချစ်စဖွယ်ဆောက်ထားသော တစ်ထပ်တိုက်ပြားပြားလေးရှိ ဧည့်ခန်းထဲတွင် ဆုတံဆိပ်များနှင့် ပြည့်နှက်နေသည်။ ခဏနေတော့ ဂေါ်ချန်ပီယံကြီးကို ခန့်ခန့်ညားညားပဲ တွေ့ရပါသည်။

"အင်း ... သက်ကြီးနိုင်တွင်းမှာ ဒီအိမ်ကို ရှေမစိုဘဲနဲ့ ရောက်အောင်လာနိုင်ခဲ့တဲ့ အာဂသူရဲကောင်းမလေးပေါ့နော်_



www.burmeseclassic.com

www.burmeseclassic.com



လင်းထွဋ်လည်း ဘာပဲပြောပြော တတ်နိုင်သမျှတော့ ပိတ်ဆို့ထားခဲ့မှာပဲ။ ရှေ့အခေါက်တွေတုန်းကလည်း သမီး မအောင်မြင်ဘူးလို့ ကြားတယ်။ အခုရော ဘယ်လိုနည်း လမ်းနဲ့ လာခဲ့တာလဲ ...

ပြောပြပေးနိုင်မလား"

"ဟုတ် ... ပြောလို့တော့ ရပါတယ်။ ဒါပေမဲ့ လင်းထွဋ် နဲ့ သမီး ဆော့ထားတဲ့ဂိမ်းထဲမှာ မေးခွန်းတစ်ခု ဖြေဖို့ လည်းပါတယ်။ အဲဒီမေးခွန်းကို သမီးကို ရင်မေးပါလား။ ပြီးမှ ..."

"သြော် ... အေး။ ရပါတယ် ... ဦးက သမီး try လာ တာကို ပိုစိတ်ဝင်စားနေလို့။ အင်း ... မေးခွန်းက ... သူတောင်းစားကနေပြီးတော့ ရှင်ဘုရင်အဆုံး ထပ်တူညီ ဓိမ်ခံအပန်းဖြေနိုင်တဲ့ နည်းလမ်းဟာ ဘာများဖြစ်မလဲ ... တဲ့"





နွေတာက ခဏပဲ စဉ်းစားပြီးနောက် လှစ်ခနဲပြုံး ကာ ဖြေလိုက်ပါသည်။

"အိပ်စက်ခြင်းပါ ဦး။ ဘယ်လောက်ပဲ ရာထူးအဆင့် အတန်းတွေ ကွဲပြား ကွဲပြား နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ ခြင်းကတော့ လူသားတိုင်းအတွက် သဘာဝတရားကြီးက ပေးထားတဲ့ အကောင်းဆုံး အပန်းဖြေနည်းပါပဲ"

"အင်း ... မှန်ပါပေတယ်။ မှန်ပါပေတယ်။ ကဲ ... ပြော ပါဦး၊ ဒီကိုရော ဘယ်လိုရောက်လာတာလဲ"

"သူ့ကိုလှည့်စားပြီး ရောက်လာတာပါ။ ခုချိန်ဆိုရင်တော့ သူ လှည့်စားခံရတာကို ကောင်းကောင်း သိလိုက်ရောပေါ့ ဦးရယ် ..."

တကယ်တော့ သမီးနဲ့သမီးသူငယ်ချင်းက Security စတ်စုံကို ဆင်တူဝတ်ပြီး သူ့ကို ပုံမှားရိုက်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



သမီးလို့ထင်ပြီး သူက သူငယ်ချင်းနောက်ကို စက်ဘီးငှား ပြီး စွတ်လိုက်ခဲ့တာလေ ...

အဲ ... သူ့နောက်ကမှ သမီးပါ။ သူငယ်ချင်းက ဦးရဲ့အိမ်ကိုလာတဲ့ ဆန့်ကျင်ဘက်လမ်းကို ချိုးသွားတော့ သူနဲ့ သမီး ကောင်းကောင်းကြီးလွဲပြီပေါ့။ တစ်ခါတလေ မှာ ကိုယ်နောက်က လိုက်မယ်သူကို ရှေ့ကိုပို့ထားလိုက် ပြီး သူ့ခြေလှမ်းကို စောင့်ကြည့်ပြီး သွားတာကလည်း လိုရာခရီးကို ရောက်တတ်ပါတယ်"

"ဩော် ... ဒီလိုလား။ ဟုတ်ပါပြီ ... ကဲ ... ဒါဆိုရင် ဒီဂိမ်းမှာ သမီးက နိုင်သွားပြီပေါ့ ဟုတ်လား"

"ဟင်း ဟင်း"

နွေတာက ရှက်ရယ် ရယ်နေတုန်းမှာပဲ ဆောင်းအိ အိတ်ကပ်ထဲမှ ဖုန်းကမြည်လာသည်။





ဦးလေးကြီးကို အိတ်စ်ကျူမိဟု ခွင့်တောင်းပြီးနောက် ဖုန်းခွက်ကိုင်လိုက်လျှင် ...

"ဟဲ့ ... နွေတာ။ ဒီမှာ ပြဿနာတော့ တက်နေပြီ"

"ဘာလဲ ... ဘာဖြစ်ရမှာလဲ"

"လင်းထွန်းလေ ... ကားနဲ့ တိုက်မိမလိုဖြစ်ပြီး စက်ဘီး လဲတာ။ အုတ်ခုံနဲ့ ခေါင်းနဲ့ ရိုက်မိလို့ အခု ဆေးခန်းမှာ"

"ဘာရယ် ... တကယ် ... တကယ်လား"

"ဟာ ... ငါက နောက်နေရမှာလား။ (၁၁၁)ဆေးခန်းမှာ ရောက်နေတာ။ နင် လိုက်လာခဲ့။ ဒီမှာ ငါ တစ်ယောက် တည်းရယ်"

"အေး ... အေးပါ ... လာပြီ"

"ဘာဖြစ်လို့လဲ သမီး"

"ဦး ...။ ဦး သမီးကို ဆေးခန်း လိုက်ပို့ပါဦး။ လင်းထွန်း လေ အက်စီးဒင့်ဖြစ်လို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ယော ... ပြဿနာပါလား။ လာ ... လာ ... သွားစို့"

သူ့ဦးလေးက ကားကိုအမြန်ထုတ်ကာ သွားဖို့ပြင်သည်။ နွေတာသည် ခြေဖျား လက်ဖျားတွေ အေးစက်လာပြီး လူက ကတုန်ကယင် ဖြစ်လာသည်။ ရင်ထဲမှာ တင်းကျပ်ပြီး ငိုချင်သလိုလို ရယ်ချင်သလိုလို ခံစားနေရသည်။

လင်းထွဋ်ရယ် ... နင့်မလဲ ကျိုးရ ပွဲရတာနဲ့ပဲ သေတော့မှာပဲ။ ဘာဖြစ်လို့ ဒီလောက်တောင် ကံဆာတာနိမ့်နေရတာလဲဟာယ်။ ဘုရား ... ဘုရား ... နင် ဘာမှမဖြစ်ပါနဲ့နော်။





သူ သတိရလာလျှင် ခေါင်းတစ်ခုလုံး နာကျင်မူးဝေသည့်ဒဏ်ကို အရင်ဆုံး သတိပြုမိသည်။ နောက်တော့ သူ့ကို စိုးရိမ်တကြီး ကြည့်နေသော Security ဝတ်စုံနှင့် ကောင်မလေးတစ်ယောက်။

သူက တစ်ခုခုပြောဖို့ အားယူလိုက်စဉ် နာသွားသောကြောင့် သူမက ကမန်းကတန်း ဖေးမသည်။

"အို ... အရမ်းမလှုပ်နဲ့လေ လင်းထွဋ်။ နင့်ခေါင်းမှာဒဏ်ရာရထားတယ်"

"နင် ... နင် ... လေးလေးဆီကို ရေမစိုဘဲ ရောက်သွားခဲ့တာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com

သူ့စကားကို ရွှေတာက မျက်စောင်းထိုးတော့မည် ဟန် ပြုပြီးမှ မထိုးတော့ဘဲ ကရုဏာဒေါသော မျက်ဝန်းလေးများဖြင့် ကြည့်သည်။

"ဒီအချိန်မှာ နင် ဒါတွေ သတိရနိုင်သေးတယ်နော်။ နင့် ခေါင်းမှာ သုံးချက်ချုပ်ထားရတယ်"

"ထားလိုက်ပါ။ စုမှတော့ စိတ်မဝင်စားတော့ဘူး။ နင် တော်တော်ညစ်ပတ်တာပဲ ရွှေတာ"

"ဘုရားရေ ... ငါ ဘာလုပ်လို့လဲ"

"နင် ငါ့ကို မလိမ့်တပတ်နဲ့ လေးလေးဆီကို သွားတာ မဟုတ်လား"

"လင်းထွန်းရယ် ... ဒါတွေကို ဒီအချိန်မှာ မပြောပါနဲ့တော့ ဟာ"

"ပြောမှာပဲ။ ငါမှ နင့်ကို မနိုင်စေချင်တာ"

"ဘာဖြစ်လို့လဲ"





သူ့ကိုပြန်ပေးသော ရွှေတာ့ရဲ့အသံတွေက တုန်နေသည်ဟုထင်သည်။

အင်း ... လူကို အရိုးကွဲ ခေါင်းကွဲအောင်လုပ်ရင် တကယ်ပဲ ချစ်သွားတတ်သလား မသိတော့ပါဘူး ကောင်မစုတ်လေးရယ်။ မင်း နိုင်သွားပြီဆိုတာ သိရတော့ တကယ်ပဲ ငါ့မှာက အသည်းကွဲလိုက်တာ။

"ရွှေတာ ... နင် နိုင်သွားတော့ နင့်နှလုံးသားကို ငါ မရတော့ဘူးပေါ့နော်"

"ဘာလဲ ... နင်က ငါ ရှုံးသွားရင် တကယ်ယူမလို့ပေါ့လေ"

အဲဒီလို ပြန်ပေးသော နှုတ်ခမ်းလေးတွေက ဆူထော်နေသည်။ ချစ်ဖို့ကောင်းလိုက်တာ။

အရမ်းကို အသည်းယားနေမိ တော့တာပေါ့ပဲ။

"ယူမှာပေါ့။ ယူချင်လို့ မင်းကို အသေခံပြီးတော့တောင် နှောင့်ယှက်နေတာပေါ့။ စုတော့"



www.burmeseclassic.com

www.burmeseclassic.com

သူ့အသံက တိမ်ဝင်သွားသည်။

နေ့တာက ဒီတစ်ခါတော့ သူ့ကို မျက်စောင်းတစ်ချက်အား ပီပီပြင်ပြင်ထိုးရင်း ...

"နင် လိုချင်ရင် နင့်ဘာသာ ဆက်ကြိုးစားပေါ့ ကံမွဲလေးရဲ့"

"ဘာရယ် ... နင် တကယ်ပြောနေတာလား"

"သိဘူး"

"ဟာ ... နေ့တာရယ်"

သူက နေ့တာရဲ့လက်ကို ဝမ်းသာအားရဖြင့် လှမ်းကိုင်ဖို့ ကြိုးစားလိုက်သည်။ သို့သော် ဟေးကောင်ကြီး ဟူသောအသံဖြင့် သူ့အခန်းထဲသို့ ပြေးဝင်လာကြသော သူငယ်ချင်းတစ်စုကြောင့် သူ့မျက်နှာဟာ ရှုံ့မဲ့သွားရလေသည်။ နေ့တာကတော့ တခစ်ခစ်ရယ်မောနေသည်။ ဆေးခန်းလေး အတွင်းမှာတော့ တစ်ခဏအတွင်း ဆူညံယောက်ယက်ခတ်လို့ သွားခဲ့သည်။








www.burmeseclassic.com

www.burmeseclassic.com







ဒီနှစ်သင်္ကြန်သည် လင်းထွန့်အတွက် Lucky မကောင်းဟု ထင်စရာရှိသော်လည်း သူကတော့ အဲဒီလိုမယူဆခဲ့ပါ။

ကောင်မလေးတစ်ယောက်ကြောင့် လက်ကျိုးသွားခဲ့ရသော်လည်း အဲဒီရလဒ်က သူတို့နှစ်ဦးကို ပို၍နီးကပ်စေခဲ့သည်။

ပြီးတော့လည်း မကောင်းတဲ့အရာအားလုံးကို သင်္ကြန်ရေနဲ့ ဆေးကြောပစ်ခဲ့သည်ဟုပဲ သူ ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် ကျန်ရှိနေသော သင်္ကြန်အတက်နေ့ နောက်ဆုံးနေ့ရက်



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ရေလောင်းသန့်စင်ခဲ့ကြပြီး နှစ်ဆန်းတစ်ရက်နေ့မှာလည်း ကုသိုလ်ကောင်းမှုတွေ အတူတူလုပ်ခဲ့ကြ၍ဖြစ်သည်။

ဒီ့အတွက် မြန်မာနှစ်သစ်သည် သူ့အတွက် မင်္ဂလာရှိလိမ့်မည်ဟု ယူဆထားပါသည်။

ချစ်ခင်လေးစားသော

ဆုမြတ်မွန်မွန်

28.3.2012

2:30 (A:M)

BURMESE CLASSIC .com

www.burmeseclassic.com